ကြေးမုံ
The Mirror Daily
ဘဉ်ရှာဂျီပြီ ဘဝတွင် စတင်တည်ထောင်သည်။ Established in 1957

ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်၊ ကြာသပတေးနေ့။ Thursday, 27 May 2021 ၁၀၃၈၆

ကြေးမုံ ယနေ့ဖတ်စရာ

ပြည်ပဈေးကွက်ရှိနေသည့် အရည်အသွေးမြင့် စပါးမျိုးများ ကန်ထရိုက်လယ်ယာစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်မည်

စာမျက်နှာ » ၄

ဆရာကြီး ကာတွန်းမောင်စိန်၏ နုံရံပေါ်မှ ရုပ်ပြောင်များ ကာတွန်းလက်ရာများ

စာမျက်နှာ » ၁၁

၂၀၂၁ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး

တစ်ကေလျှင် ကျပ် ၁၅၀၀၀၀ နှုန်းနှင့် အတိုးနှုန်း တစ်နှစ်လျှင် ၅ ရာခိုင်နှုန်းဖြစ်

ရန်ကုန် မေ ၂၆

တောင်သူလယ်သမားဦးကြီးများအတွက် နိုင်ငံတော်မှ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးသည့် ၂၀၂၁ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲများတွင် ယနေ့မှစ၍ ထုတ်ချေးနေပြီဖြစ်ကြောင်း၊ ချေးငွေပမာဏမှာ တစ်ဧကလျှင် ကျပ် ၁၅၀၀၀၀ နှုန်းနှင့် အတိုးနှုန်း တစ်နှစ်လျှင် ၅ ရာခိုင်နှုန်းဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆

အန္တရာယ်ရှိသော မူးယစ်ဆေးဝါးများနှင့်စပ်လျဉ်းသည့် စတုတ္ထအကြိမ် အာဆီယံပါလီမန်များညီလာခံ အကြံပေးကောင်စီ အစည်းအဝေးကျင်းပ

စာမျက်နှာ » ၃

ကံ ကံ၏အကျိုးကို မမြင်သူ အကြမ်းဖက်ဝါဒီတွေ...

စာမျက်နှာ » ၆

ပြီးခဲ့သည့် သီတင်းပတ်အတွင်း ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ၁၄ ရာခိုင်နှုန်း ကျဆင်း

စာမျက်နှာ » ၁၃

လာခြင်းကောင်းသော်ငြား

စာမျက်နှာ » ၇

အသုံးချသူ၊ အသုံးချခံနှင့် အပြစ်မဲ့ပြည်သူများ

စာမျက်နှာ » ၈

အချပ်ပို ၈ မျက်နှာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက် ရှမ်းပြည်နယ်၊ နမ့်စန်မြို့နယ်၊ မိုင်းပျဉ်းမြို့နယ်၊ ဟိုပုံးမြို့နယ်၊ လွိုင်လင်မြို့နယ်၊ ရပ်စောက်မြို့နယ်၊ တာချီလိတ်မြို့နယ်နှင့် မိုင်းဖြတ်မြို့နယ်တို့၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခြင်း အချပ်ပို ၈ မျက်နှာ ဖော်ပြပါရှိပါသည်။

အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း “ယာစ်” တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရ

နေပြည်တော် မေ ၂၆

ယနေ့ ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း“ယာစ် (YAAS)”သည် အိန္ဒိယနိုင်ငံ မြောက်ပိုင်းကမ်းခြေကို ဘလာဆောမြို့တောင်ပိုင်းအနီးမှ ဖြတ်ကျော်ခဲ့ပြီး အနောက်မြောက်ဘက်သို့ ရွေ့လျားကာ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်းအဖြစ် အားလျော့သွားခဲ့ပြီးဖြစ်သည်။ အဆိုပါ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်းသည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ နောက် ၆ နာရီအတွင်း ကုန်းတွင်းမုန်တိုင်းအဖြစ် လည်းကောင်း၊ နောက် ၁၂ နာရီအတွင်း ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် လည်းကောင်း တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

မိုး/၈လ

လုံခြုံရေးသတိအမြဲရှိမှ အဖျက်အန္တရာယ်ကင်းဝေး

မြန်မာနိုင်ငံတစ်ဝန်းရှိ အများပြည်သူဆိုင်ရာ နေရာဒေသအချို့၌ ဗုံးပေါက်ကွဲသည့် သတင်းများ နေ့စဉ်လိုလို ကြားသိနေရသည်။ မြို့ရွာများ၌ မသမာသူ အကြမ်းဖက် သမားတစ်စု၏ အကြံပက်စက်မှု၊ ယုတ်မာရက်စက်မှုကြောင့် အများပြည်သူဆိုင်ရာ အဆောက်အအုံနေရာများ၊ အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှုများ ဖြစ်ခဲ့ကြရသည်။ အများပြည်သူ ပျက်စီးစေမည့် ဦးတည်ရာမဲ့လုပ်ရပ်များသည် အလုံးစုံပျက်စီးရေးသာဖြစ်သည်။

ယခုအခါတွင် မြို့ရွာများ၌ အကြမ်းဖက်အဖျက်သမားများသည် ပြည်သူများ ကြားတွင် ရောနှောစိမ့်ဝင်၍ "အကြံကုန် ဂဠုန် ဆားချက်" ဆိုသကဲ့သို့ ဗုံးထောင် ဖောက်ခွဲရေးကို ကြံစည်အားထုတ် လုပ်ကိုင်နေကြသည်။ အကြမ်းဖက်သမားများသည် ပြည်သူလူထုကြားတွင် မသိမသာရောနှောစိမ့်ဝင် ပုန်းအောင်းနေသဖြင့် အကြမ်းဖက် လုပ်ရပ်များကို ကြိုတင်ကာကွယ်ရေး၊ အကြမ်းဖက်သမားများကို ရှာဖွေရေး၊ အကြမ်းဖက်သမားများကို တွေ့ရှိရေး ခက်ခဲနေသည့်သဘောရှိသည်။ အကြမ်းဖက် သမားများကို ထိရောက်စွာ ကာကွယ်တားဆီးမနှိမ်နင်းနိုင်သည်နှင့်အမျှ အကြမ်းဖက် သမားများမှာ လက်ရဲဇက်ရဲ ရှေ့တိုးလုပ်ကိုင်လာမည်ဖြစ်သည်။

အကြမ်းဖက်သမားများကို ကာကွယ်တားဆီးတိုက်ဖျက်ရေးမှာ အစိုးရအလုပ် ဖြစ်သော်လည်း ပြည်သူလူထု ပူးပေါင်းပါဝင်ကူညီမှ မပြုလုပ်နိုင်ပါက အကြမ်းဖက် လုပ်ရပ်များ ရှည်ကြာနေမည်ဖြစ်သည်။ ပြည်သူလူထုမှာလည်း စိုးရိမ်ပူပန်မှုများဖြင့် နေ့တထိတ်ထိတ်၊ ညတရွှဲရွှဲဖြင့် အလုပ်ပျက်အကိုင်ပျက် ဖြစ်နေကြမည်ဖြစ်သည်။ အကြမ်းဖက်သမားတို့၏ ရည်ရွယ်ချက်မှာ ဤသည်ပင်ဖြစ်သည်။ မြို့ရွာများ မတည်မငြိမ်ဖြစ်ကာ အုပ်ချုပ်သူတို့အလုပ်ရှုပ်၍ ပြည်သူလူထု၏ ပုံမှန်လူနေမှုဘဝ များ ပျက်ယွင်းပြီး အုပ်ချုပ်ရေးယန္တရား ချည့်နဲ့သွားအောင် ပြုလုပ်နေခြင်းဖြစ်သည်။

မီးရှို့၊ ဗုံးခွဲ အကြမ်းဖက်လုပ်ရပ်များကို ပြုလုပ်ကြခြင်းသည် နိုင်ငံရေးအကြောင်း ပြချက်တစ်ခုတည်း မဟုတ်ပေ။ အကြမ်းဖက်လုပ်ရပ်များကို သာမန်နိုင်ငံရေးစိတ် ပြင်းထန်ရုံမျှဖြင့် လုပ်ကိုင်နိုင်စွမ်းမရှိပေ။ ပြည်တွင်း/ ပြည်ပ အားပေးထောက်ပံ့ ကူညီမှုများနှင့် မျက်ကန်းနိုင်ငံရေးသမားများ၊ လက်နက်ကိုင်အကြမ်းဖက်သမားများ၊ လူဗာလများ၊ ကိုယ်ကျိုးရှာဝိသမလောဘသားများ၊ တွန်းအားမျိုးစုံရှိနေသည့် စိတ် ခံစားချက်ပြင်းထန်သူများ၊ တစ်စုံတစ်ခုကို ပျက်စီးစေလိုသူတို့၏ ငွေပေးစေခိုင်းမှု များ၊ မိမိတို့အကျိုးမဲ့ဖြစ်ခဲ့ကြ၍ စိတ်ဆန္ဒပြင်းထန်နေသူများစသည့် အကြောင်းအမျိုး မျိုးရှိသည့် လူတစ်စုက လုပ်ကိုင်နေခြင်းဖြစ်သည်။

ထို့ကြောင့် အကြမ်းဖက်သမားဆိုသည်မှာ နိုင်ငံရေးအကြောင်းခံ သက်သက် မဟုတ်၍ မိမိတို့မြို့ရွာများနှင့် ပြည်သူများအားပျက်စီး၊ ဖျက်ဆီးကြမည့် အကြမ်းဖက် သမားရန်မှ ကာကွယ်ရေးတွင် ဆင်ခြင်တုံတရား အသိစိတ်ဓာတ်များဖြင့် ပူးပေါင်း ပါဝင် ဝိုင်းဝန်းကူညီဆောင်ရွက်ကြမှ အကြမ်းဖက် အန္တရာယ်ကင်းဝေးပြီး မြို့ရွာများ အေးချမ်းသာယာကာ ပြည်သူများ ပုံမှန်နေထိုင်မှု ဘဝကိုရရှိကာ အေးချမ်းစွာနေထိုင် လုပ်ကိုင်ဆောင်ရွက်နိုင်ကြမည် ဖြစ်သည်။

လုံခြုံရေးသတိဆိုသည်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များတွင်သာ ရှိဖို့မဟုတ်ပေ။ လုံခြုံရေးသတိဆိုသည်မှာ ပြည်သူအားလုံး စိတ်ချလက်ချ ပူပင်သောကမဖြစ်ဘဲ အေးချမ်းစွာ သွားလာလုပ်ကိုင်နေထိုင်နိုင်ရေးအတွက် အစဉ်အမြဲထားရှိရမည့် သတိပင် ဖြစ်သည်။

အကြမ်းဖက်သမားသာမက ဒုစရိုက်သမားများ၊ မသမာသူများ၊ မကောင်းမှု ပြုသူများသည် မိမိတို့ အမှုပြုလုပ်ရန်အတွက် မကောင်းမှုပြုလုပ်ရန် ကြိုတင်ကြံစည် အားထုတ်နေကြသည်။ မကောင်းမှုကို ချက်ချင်းထလုပ်သည်မဟုတ်၊ ကြိုတင်စီစဉ် ထားကြသည်။ ပတ်ဝန်းကျင်ကို စောင့်ကြည့်နေကြသည်။ ပတ်ဝန်းကျင်ကို သတိမူ နေကြသည်။ မိမိတို့သားကောင်ကို ရှာဖွေနေကြသည်။ မိမိတို့ပစ်မှတ်အတွက် ဝင်လမ်း/ထွက်လမ်း ရှာဖွေနေကြသည်။ မကောင်းမှုပြုရန်အတွက် ပုန်းအောင်းခိုလှုံ ကြံစည်လုပ်ကိုင်နေကြသည်။ ပတ်ဝန်းကျင်မှ ပြည်သူများက မသင်္ကာစရာ တစ်စုံ တစ်ရာကို သတိမူတတ်ပါက မကောင်းမှုပြုလုပ်တော့မည်ကို ကြိုတင်သိရှိနိုင် ပေသည်။ ယင်းသည် လုံခြုံရေးသတိဖြစ်သည်။

အကြမ်းဖက်မှုဆိုသည်မှာ အကြမ်းဖက်မှုကျူးလွန်ရန် တစ်စုံတစ်ရာကို ရည်ရွယ်ချက်ရှိရှိ ပြုလုပ်မှုများ၊ ထိုသို့ပြုလုပ်မှုနှင့်ပတ်သက်၍ ပျက်ကွက်မှုများ၊ အားပေးကူညီမှုများ အားလုံးပါဝင်နေသည်။ အကြမ်းဖက်သမားသည် ပြည်သူကို သစ္စာဖောက်ခြင်းဖြစ်သည်။ တာဝန်သိပြည်သူသည် မိမိရပ်ရွာနှင့်မိမိတို့ပြည်သူ များကို ကြိုတင်ကာကွယ်ပေးခြင်းဖြစ်သည်။ နိုင်ငံတော်အပေါ် သစ္စာရှိသည့် နိုင်ငံ့ သားတစ်ယောက်သာဖြစ်သည်။ တာဝန်သိပြည်သူကို အစိုးရက အကာအကွယ်ပေး မည်သာဖြစ်သည်။ အကြမ်းဖက်အန္တရာယ်ကို အရာရာတွင် သတိမူ၍ ကြိုတင် ကာကွယ်နိုင်သည့်အပြင် လုံခြုံရေးသတိဖြင့် အကြမ်းဖက်အန္တရာယ်ကို တိုက်ဖျက် နိုင်ပါကြောင်း။ ။

မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များ ကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြု နားထောင်ဖတ်ရှုစောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်း ရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော်အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ၊ လုံလောက်စွာ ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင် ပြင်ဆင်ထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျမွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာ ချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက် နိုင်ရန်အတွက် သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်း ဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၆ - ၅ -၂၀၂၁)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရွယ်ယာစောင်ရေ	ရွယ်ယာတန်ဖိုး (ကျပ်)
FMI	၈,၉၀၀	၉,၀၀၀	၁,၃၀၀	၁၁,၆၉၀,၀၀၀
MTSH	၃,၅၀၀	၃,၅၀၀	၅၃၈	၁,၈၅၈,၀၀၀

MCB	၇,၈၀၀	၇,၈၀၀	၀	၀
FPB	၁၉,၀၀၀	၁၉,၀၀၀	၁၁၅	၂,၁၈၅,၀၀၀
TMH	၂,၈၀၀	၂,၇၀၀	၂၄	၆၅,၉၀၀
EFR	၃,၀၀၀	၃,၀၀၀	၄၅	၁၃၅,၀၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ရွှေဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၂၆

ရန်ကုန်(ရွှေဈေး) ၁၅၆၅၀၀၀

နိုင်ငံခြားငွေလဲလှယ်နှုန်း မြန်မာငွေကျပ်

(က)အမေရိကန်	တစ်ဒေါ်လာ	=	၁၅၇၆.၅
(ခ) ဥရောပ	တစ်ယူရို	=	၁၉၃၀.၆
(ဂ) တရုတ်	တစ်ယွမ်	=	၂၄၆.၅၀
(ဃ)ထိုင်း	တစ်ဘတ်	=	၅၀.၄၂၄
(င) မလေးရှား	တစ်ရင်းဂစ်	=	၃၈၀.၅၇

မန္တလေး(ရွှေဈေး) ၁၅၆၀၀၀၀

(စ) အိန္ဒိယ	တစ်ရူပီး	=	၂၁.၆၈၈
(ဆ) ဩစတြေးလျ	တစ်ဒေါ်လာ	=	၁၂၂၆.၉
(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၁၁၉၁.၅
(ဈ) ဂျပန်	တစ်ရာယန်း	=	၁၄၄၈.၅
(ည) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၄၁.၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ်	- ဦးစိုးဝိုးနိုင်	အငယ်တန်း	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
စာတည်းမှူး	- ဦးဝင်းနိုင်	သတင်းထောက်များ	ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊
သတင်းထောက်မှူး	- ဦးမြင့်စိုး		ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊	သုတေသန	- ဒေါ်ဇင်မာဝင့်
	ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊	စာပြင်	- ဒေါ်ခင်နှင်းယု၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
	ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဦးခိုင်ဝင်း၊ ဦးကျော်သူရှုနှင့်အဖွဲ့
ဘာသာပြန်	- ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊	အီးမေးလ်နှင့် အွန်လိုင်း	- ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်
စာတည်းများ	ဦးအောင်ကျော်ကျော်		
အကြီးတန်း	- ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦ၊		
သတင်းထောက်များ	ဒေါ်နေဇာဇာထွန်း		

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဒွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပြည်ပဈေးကွက်များ ရရှိနိုင်သည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးမွေးမြူရန်လို

COVID-19 ရောဂါဖြစ်ပွားမှုကြောင့် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် စီးပွားရေးကျဆင်းလျက်ရှိကြောင်း၊ စီးပွားရေးလုပ်ငန်းများတွင် မဖြစ်မနေ ဆောင်ရွက်နေရသည့်လုပ်ငန်းမှာ စားသောက်ကုန်လုပ်ငန်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အားသာချက်ရှိသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် အရည်အသွေးပြည့်မီ၍ အထွက်နှုန်းကောင်းမွန်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များ ရရှိနိုင်သည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးမွေးမြူရန်လိုကြောင်း၊ စိုက်ပျိုးရေးသီးနှံများ မျိုးကောင်းမျိုးသန့်များ ရရှိရေးအတွက် စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သုတေသနပြု စိမံဆောင်ရွက်လျက်ရှိကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၁၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၀/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်
ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများ၊ မိသားစုများနှင့် တွေ့ဆုံ

နေပြည်တော် မေ ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်သည် ယနေ့နံနက်ပိုင်းတွင် လွှိုင်ကော်မြို့နယ် ရဲတပ်ဖွဲ့စခန်းသို့ သွားရောက်ကာ တပ်ဖွဲ့ဝင်နှင့် မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူခဲ့ရသည့် အခြေအနေများ၊ ရှေ့လုပ်ငန်းစဉ်များ၊ နယ်မြေအတွင်း လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများ၊ လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ရမည့် အခြေအနေများနှင့် မိသားစုသက်သာချောင်ချိရေး ကိစ္စရပ်များကို အသေးစိတ်မှာကြားကာ တပ်ဖွဲ့ဝင်နှင့် မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

တွေ့ဆုံအားပေးနှစ်သိမ့်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လွှိုင်ကော်တပ်နယ်ရှိ နယ်မြေခံတပ်မတော် ဆေးရုံသို့ သွားရောက်ကာ ဆေးရုံတက်ရောက် ကုသလျက်ရှိသည့် နယ်မြေခံပြည်သူလူထုများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မိသားစုများကို တွေ့ဆုံအားပေးနှစ်သိမ့်ကာ အသုံးအဆောင်ပစ္စည်းများ၊ ထောက်ပံ့ငွေများကို တစ်ဦးချင်းလက်ဝယ်သို့ ပေးအပ်ပြီး နယ်မြေခံတပ်မတော် ဆေးရုံတာဝန်ခံသို့ ဆေးရုံတက်ရောက်ကုသလျက်ရှိသော လူနာများအတွက် ဖြည့်စွက်အာဟာရ ကျွေးမွေးနိုင်ရေး သီးခြားထောက်ပံ့ငွေများ ပေးအပ်သည်။

အသေးစိတ်မှာကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လွှိုင်ကော်မြို့ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီရုံးရှိ စုပေါင်းခန်းမ၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မိသားစုဝင်များနှင့် တွေ့ဆုံကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ လက်ရှိ ဆောင်ရွက်နေမှုအခြေအနေ၊ ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များချမှတ်၍ လုပ်ငန်းဆောင်ရွက်နေမှု၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လက်ရှိ မဲစာရင်းစစ်ဆေးတွေ့ရှိမှုနှင့် နေ့စဉ်သတင်းထုတ်ပြန်နေမှု၊ နိုင်ငံ့ဝန်ထမ်းများ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်များ၊ နိုင်ငံတော်အတွင်း ပြည်ထဲရေးဝန်ကြီးဌာန၏ လက်ရှိဆောင်ရွက်နေမှုအခြေအနေ၊ လုံခြုံရေးဆိုင်ရာ ဆောင်ရန်/ရှောင်ရန် ကိစ္စရပ်များနှင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် စည်းလုံးညီညွတ်စွာ လုပ်ငန်းဆောင်ရွက်ကြပြီး နိုင်ငံတော်အပေါ် သစ္စာစောင့်သိ၍ တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ အသေးစိတ်မှာကြားသည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဦးစီးဌာနများရှိ မိသားစုများအတွက် အခြေခံစားကုန်ပစ္စည်းများနှင့် ငွေကြေးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အန္တရာယ်ရှိသော မူးယစ်ဆေးဝါးများနှင့်စပ်လျဉ်းသည့် စတုတ္ထအကြိမ် အာဆီယံပါလီမန်များညီလာခံ အကြံပေးကောင်စီ အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၆

အန္တရာယ်ရှိသော မူးယစ်ဆေးဝါးများနှင့်စပ်လျဉ်း၍ စတုတ္ထအကြိမ် အာဆီယံပါလီမန်များညီလာခံ အကြံပေးကောင်စီ (Asean Inter Parliament Advisory Council on Dangerous Drugs-AIPACODD)ကို မေ ၂၄ ရက်က ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီဘီဂါဝန် မြို့တော်ရှိ အပြည်ပြည်ဆိုင်ရာ ဗဟိုဌာနတွင် Virtual စနစ်ဖြင့် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ အာဆီယံနိုင်ငံများမှ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ နိုင်ငံမှလည်းကောင်း၊ မြန်မာနိုင်ငံပြည်ထောင်စု လွှတ်တော်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးတို့မှ ကိုယ်စားလှယ်များက ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမမှလည်းကောင်း တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် AIPA ၏ အလှည့်ကျ ဥက္ကဋ္ဌဖြစ်သည့် ဘရူနိုင်းနိုင်ငံက အဖွင့်အမှာစကား ပြောကြားပြီး United Nation Office on Drugs and Crimes (UNODC) ကိုယ်စားလှယ်မှ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် စပ်လျဉ်းသည့် တိုးတက်မှုများ၊ သက်ဆိုင်ရာ အာဆီယံနိုင်ငံများ၏ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ နိုင်ငံများ၏ မူးယစ်ဆေးဝါးနှင့်စပ်လျဉ်း၍ ဥပဒေပြုပြင်ပြောင်းလဲမှုများ၊ စိန်ခေါ်မှုများ၊ အာဆီယံနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုများ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ တရားစွဲဆိုခြင်းနှင့် သိမ်းဆည်းရမိသည့် အခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြသည်။

အတည်ပြုသွားမည်

ထို့ပြင် အာဆီယံနိုင်ငံများအတွင်း မူးယစ်ဆေးဝါးကင်းစင်ရေးကို ဦးတည်သည့် စိန်ခေါ်မှုများ တုံ့ပြန်ရေးနှင့် လက်ရှိအခြေအနေများကို ပိုမိုကောင်းမွန်လာစေရေးတို့အတွက် ဆုံးဖြတ်ချက်(မူကြမ်း)ကို ဆွေးနွေးခဲ့ပြီး AIPA အထွေထွေညီလာခံတွင် အတည်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

■

ပြည်ထောင်စုဝန်ကြီး ဦးကိုကို အနုပညာဦးစီးဌာနရှိ အနုပညာရှင်ဝန်ထမ်းများ လေ့ကျင့်ဇာတ်တိုက်နေမှုများ ကြည့်ရှုအားပေး

နေပြည်တော် မေ ၂၆

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို သည် ဒုတိယဝန်ကြီး ဦးထွန်းအုံနှင့်အတူ ယနေ့တွင် ရုံးအမှတ်(၃၅) ရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ အနုပညာရှင်ဝန်ထမ်းများ၏ လေ့ကျင့်ဇာတ်တိုက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိန်းသိမ်းရန်လိုအပ်

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက အနုပညာရှင်ဝန်ထမ်းများ လေ့ကျင့်နေမှုနှင့်စပ်လျဉ်း၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အကနှင့် အတီးများ သမားစဉ်မပျက်စေရေး၊ ရိုးရာမူမှန်အနုပညာရပ်များ မတိမ်ကောမပျောက်စေရေး၊ မြန်မာ့ရိုးရာ အနုသုခုမပညာရပ်များအား လူငယ်လူရွယ်များထံသို့ လက်ဆင့်ကမ်းဖြန့်ဝေနိုင်ရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးတို့အတွက် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်ဖြစ်သောကြောင့် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးစလုံး သိမ်မွေ့သည့် ယဉ်ကျေးမှုကို ထိန်းသိမ်းရန်လိုအပ်ကြောင်း၊ အထူးအားဖြင့် ရုပ်သေးကြိုးဆွဲ အနုပညာရပ်ကို တိမ်ကောပပျောက်မှုမရှိစေရန် ဝန်ထမ်းများအနေဖြင့် စဉ်ဆက်မပြတ်လေ့ကျင့်နေရန် အလေးထားမှာကြားလိုကြောင်း၊ အနုပညာရှင်ဝန်ထမ်း တစ်ဦးချင်းစီတိုင်းသည် မိမိတို့၏ အနုပညာရပ်တစ်ခုထက်မက ပိုမိုကျွမ်းကျင်နေစေရန် လေ့ကျင့်ထားသင့်ကြောင်းနှင့် တင်ဆက်ကပြသည့် ဝတ်စားဆင်ယင်

မှုနှင့် နောက်ခံ LED ပုံရိပ်များ ထည့်သွင်းရာတွင် သက်ဆိုင်ရာ ခေတ်ကာလနှင့် လိုက်လျောညီထွေမှုရှိစေရေး ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ပြီး အနုပညာရှင်ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်သည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနသည် ဌာန၏ရည်မှန်းချက်၊ မျှော်မှန်းချက်များဖြစ်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များ မပျောက်ပျက်စေရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်စေရေး၊ အနုပညာအရည်အသွေးများ တိုးတက်မြင့်မားစေရေး၊ နိုင်ငံအချင်းချင်း ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေး အစီအစဉ်များ ဆောင်ရွက်နိုင်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ့ဆိုင်းဝိုင်းကြီး တီးခတ်မှုနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အကများကို စဉ်ဆက်မပြတ် လေ့ကျင့်ဆောင်ရွက်လျက်ရှိသည်။

သတင်းစဉ်

ပြည်ပစျေးကွက်ရှိနေသည့် အရည်အသွေးမြင့် စပါးမျိုးများ ကန်ထရိုက်လယ်ယာစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်မည်

နေပြည်တော် မေ ၂၆

တောင်သူများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကန်ထရိုက်လယ်ယာစနစ် တိုးချဲ့လုပ်ကိုင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနယူးဇရာစိုက်ပျိုးရေးကုမ္ပဏီလီမိတက်မှ ဦးစိုးလင်းထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် မြန်မာနယူးဇရာစိုက်ပျိုးရေးကုမ္ပဏီလီမိတက်က ဝယ်ယူစျေးကွက် အာမခံချက်ရှိပြီးဖြစ်သော တန်ဖိုးမြင့်စပါးမျိုးများကို စနစ်တကျ မျိုးစေ့မှတ်ပုံတင်ခြင်း၊ မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း အပါအဝင် တောင်သူများနှင့် အကျိုးတူကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်ရွက်ခဲ့ရာ ဇရာဝတီတိုင်းဒေသကြီး၌ ၂၀၂၀ ပြည့်နှစ် နွေစပါးရာသီတွင် ဇကတစ်သောင်းခန့်၊ နေပြည်တော်ရှိ မြို့နယ်(၅)ခုနှင့် ရမည်းသင်းမြို့နယ်များ၌ မိုးစပါးဇက နှစ်ထောင်ကျော် စိုက်ပျိုးထုတ်လုပ်ခဲ့သည်။ ၂၀၂၁ ခုနှစ် နွေစပါးရာသီတွင် တောင်ငူ၊ အုတ်တွင်း၊ ဖြူးမြို့နယ်များ၌ ဇက ၄၅၀၀ စိုက်ပျိုးထုတ်လုပ်ခဲ့ပြီး သတ်မှတ်စျေးနှုန်းများဖြင့် ပြန်လည်ဝယ်ယူကာ လာမည့်စိုက်ပျိုးရာသီများတွင် အကျိုးတူကန်ထရိုက်လယ်ယာစနစ်ဖြင့် ပြည်ပဝယ်လိုအားစျေးကွက်ရှိနေသည့် တန်ဖိုးမြင့်စပါးမျိုးများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ တက်ရောက်

နေပြည်တော် မေ ၂၆

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့်အတူ ယမန်နေ့ ညနေ ၄ နာရီခွဲတွင် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် လှိုင်သာယာစက်မှုဇုန် ကနောင်ခန်းမရှေ့၌ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ဦးစီးမှူးရုံး ဝန်ထမ်းများက ဒေသခံပြည်သူများကို ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ အထောက်အထားအပြည့်အစုံဖြင့် လာရောက်လျှောက်ထားသူများကို နေ့ချင်းပြီးဆောင်ရွက်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၆၀ ကို ကာယကံရှင် တစ်ဦးချင်းထံ ပေးအပ်သည်။

တက်ရောက်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကနောင်ခန်းမအတွင်းကျင်းပသည့် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သော အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသား တိုင်းရင်းသားများနှင့် ဥပဒေအရ နိုင်ငံသားများအား ဥပဒေ၊ လုပ်ထုံး လုပ်နည်းနှင့်အညီ ပန်းခင်းစီမံချက်ဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းကို ၂၀၂၁ ခုနှစ် မေ ၃ ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်အထိ ၁၈ လကြာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ပန်းခင်းစီမံချက်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရသည့်အတွက် ပြည်သူများအနေဖြင့် လိုအပ်သော အထောက်အထားများ မှန်ကန်ပြည့်စုံစွာ ဖြည့်သွင်းဆောင်ရွက်ပေးကြရန်နှင့် ရရှိပြီးသော အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းကြရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက ရန်ကုန်တိုင်းဒေသကြီးအတွင်း ပန်းခင်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စ အခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သော အိမ်ထောင်စုလူဦးရေစာရင်း ၁၀ စောင်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၅၀ တို့ကို ပြည်သူတစ်ဦးချင်းထံ ပေးအပ်ကြရာ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပန်းခင်းစီမံချက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ကနောင်အစည်းအဝေးခန်းမတွင် ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ဌာနမှ ဆောင်ရွက်လျက်ရှိသည့် ပန်းခင်းစီမံချက်နှင့် ပတ်သက်သည့် အချက်အလက်များ၊ ဒေသအာဏာပိုင်များနှင့် ဆက်စပ်ဌာနများမှ ပူးပေါင်းကူညီဆောင်ရွက်ပေးစေလိုသည့် အချက်များ၊ လုပ်ငန်းအောင်မြင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်ရေးအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီးအတွင်း ပန်းခင်းစီမံချက်အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ ဆက်စပ်ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်နေမှုများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၁-၂၀၂၂ ပညာသင်နှစ် ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

နေပြည်တော် မေ ၂၆

၂၀၂၁-၂၀၂၂ ပညာသင်နှစ် ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် တောင်ကြီးမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားမုခ်ဦးကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းတို့က ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းကို အဆိုပါ ကျောင်းရှိ စိန်မြင်းမိုရ်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်က အခမဲ့ဖြန့်ဝေသည့် ကျောင်းသုံးဗလာစာအုပ်နှင့် ပုံနှိပ်စာအုပ်များကို ပေးအပ်ရာ တောင်ကြီးခရိုင်ပညာရေးမှူး ဒေါ်ယဉ်မင်းစုကလည်းကောင်း၊ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက ကျောင်းသုံးဗလာစာအုပ်နှင့် ပုံနှိပ်စာအုပ်များကို ပေးအပ်ရာ လွိုင်လင်ခရိုင်ပညာရေးမှူး ဒေါက်တာမြင့်မြင့်အေးက လည်းကောင်း လက်ခံရယူသည်။

ဆက်လက်၍ ရှမ်းပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၂) ဦးခွန်သိန်းမောင်၊ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၃) ဦးစိုင်းလိတ်၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံ၊ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်တို့က ကျောင်းသုံးဗလာစာအုပ်နှင့် ပုံနှိပ်စာအုပ်များကိုပေးအပ်ရာ သက်ဆိုင်ရာ ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ကျောင်းအကျိုးတော်ဆောင်၊ ကျောင်းသားမိဘများက လက်ခံရယူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ဧည့်သည်တော်များက ကျောင်းအတွင်း ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများ၏ ကျောင်းအပ်နှံနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

မှာကြား

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများသည် တောင်ကြီးမြို့နယ်ရှိ အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ ကျောင်းအုပ်များ၊ ဆရာ ဆရာမများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများသည် တောင်ကြီးတက္ကသိုလ်တွင် အဆင့်မြင့်ပညာရေးမိသားစုများနှင့်လည်းကောင်း၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတွင် အခြေခံပညာရေး မိသားစုများနှင့်လည်းကောင်း ရင်းရင်းနှီးနှီးတွေ့ဆုံသည်။ ထိုသို့ တွေ့ဆုံစဉ် ပညာရေး မိသားစုများက တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများ၏ အဆောက်အအုံပိုင်းဆိုင်ရာ၊ သင်ကြားရေးဆိုင်ရာ၊ စီမံရေးရာစသည့် လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌတို့က ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဝဏ္ဏကျော်ထင်ဦးမောင်ကို ကျောင်းများ၌

ကျောင်းအပ်နှံလက်ခံပေးနေမှုများ ကြည့်ရှုပြီး ဆရာ ဆရာမများနှင့် ကျောင်းသားမိဘများအား ရင်းရင်းနှီးနှီးနှုတ်ဆက်

မန္တလေး မေ ၂၆

မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဝဏ္ဏကျော်ထင်ဦးမောင်ကိုသည် အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ ဦးမျိုးအောင်၊ ဦးသိန်းဌေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၁၀ နာရီက ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းနှင့် အောင်မြေသာစံမြို့နယ် အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းအပ်နှံလက်ခံဆောင်ရွက်နေမှုများကို ကြည့်ရှုရာ အဆိုပါကျောင်းများမှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များက ကြိုဆိုနှုတ်ဆက်ကြသည်။

ပြောကြား

အဆိုပါ ကျောင်းများမှ ကျောင်းအပ်နှံလက်ခံခြင်းဆောင်ရွက်ပေးနေသည့် ဆရာ ဆရာမများနှင့် တွေ့ဆုံစဉ် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဝဏ္ဏကျော်ထင်ဦးမောင်ကိုက ဆရာ ဆရာမများအနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူစွမ်းအားအရင်းအမြစ်များဖြစ်သည့် ကျောင်းသားကျောင်းသူများကိုပညာများတတ်မြောက်ကျွမ်းကျင်အောင် လေ့ကျင့်သင်ကြားပေးရုံသာမက အနှစ်သာရရှိသည့် ယဉ်ကျေးလိမ္မာစာပေများ၊ ဘဝတိုးတက်ရေးအတွက် စာပေများကိုပါ ရွေးချယ်ဖတ်တတ်သည့် အလေ့အကျင့်ကောင်းများကိုပါ လမ်းညွှန်ပြသပေးစေချင်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားနိုင်ရေးနှင့် ကျောင်းများ၏ လိုအပ်ချက်များကို ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာများ၊ ကျောင်းသားမိဘများနှင့် ပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း၊ ကူညီပံ့ပိုးရန်လိုအပ်သည်များကိုလည်း တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

လိုက်လံနှုတ်ဆက်

မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဝဏ္ဏကျော်ထင်ဦးမောင်ကိုနှင့်အဖွဲ့အား ကျောင်းအုပ်ကြီးများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများကို ကျောင်းအပ်နှံလက်ခံခြင်းဆောင်ရွက်နေမှုများ၊ ကျောင်းများဖွင့်လှစ်သင်ကြားနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ပြင်ဆင်ထားရှိမှုများ၊ လုံခြုံရေးအစီအမံများ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီးနောက် ဆရာ ဆရာမများနှင့် လာရောက်အပ်နှံကြသည့် ကျောင်းသားမိဘများအား ရင်းနှီးစွာ လိုက်လံနှုတ်ဆက်ခဲ့သည်။

ကျောင်းများအားလုံးကို ပညာရေးဝန်ကြီးဌာနလမ်းညွှန်မှု၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလမ်းညွှန်ချက်များနှင့်အညီ ဇွန် ၁ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ၂၀၂၁-၂၀၂၂ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ကျောင်းအပ်နှံလက်ခံခြင်းများကို မေ ၂၄ ရက်မှ မေ ၃၁ ရက်အထိ လက်ခံပေးသွားမည်ဖြစ်သည်။

ဖြန့်ဝေထား

ပညာရေးဝန်ကြီးဌာန၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ်ဆောင်ပုဒ်မှာ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိဖို့ကျောင်းအပ်နှံကြပါစို့ဖြစ်ပြီး ကျောင်းအပ်နှံရာတွင် မည်သည့်အခကြေးငွေမျှ ကောက်ခံမှုမရှိကြောင်း၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်/ခဲတံ၊ နှာခေါင်းစည်း၊ မျက်နှာအကာတို့ကို နိုင်ငံတော်မှအခမဲ့ထောက်ပံ့ပေးကြောင်း၊ ပညာရေးဝန်ကြီးဌာနမှ အသိပေးထုတ်ပြန်ထားသည့် ပိုစတာများနှင့် ကျောင်းအပ်နှံရေးအစီအစဉ် အသိပေးကြေညာချက် ပိုစတာများကိုလည်း သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများ၊ အခြေခံပညာကျောင်းများသို့ ဖြန့်ဝေထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

☆ **ရွှေဖိုးမှ**

ယနေ့နံနက်ပိုင်းတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူသည် ရန်ကုန်တိုင်းဒေသကြီးမန်နေဂျာနှင့် အတူ ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင်ဘဏ်ခွဲနှင့် ကျောက်တန်းမြို့နယ်ဘဏ်ခွဲများ၏ မိုးချေးငွေထုတ်ချေးပေးနေမှုကိုလည်းကောင်း၊ ချေးငွေလာရောက်ထုတ်ယူသူ တောင်သူဦးကြီးများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ချေးငွေထုတ်ချေးပေးနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

၂၀၂၁ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ယခင်နှစ် ၂၀၂၀ မိုးချေးငွေပြေကျေစွာ ပေးဆပ်ပြီးသူ တောင်သူဦးကြီးများသို့ ဦးစွာထုတ်ချေးလျက်ရှိပြီး ချေးငွေထုတ်ချေးနေစဉ်ကာလအတွင်း လာရောက်ပေးဆပ်သူ တောင်သူဦးကြီးများကိုလည်း ချေးငွေပေးဆပ်မှုကိုလက်ခံ၍ ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း။

၂၀၂၁ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ၂၀၂၁ ခုနှစ် စက်တင်ဘာလကုန်အထိ ဆက်လက်ထုတ်ချေးသွားမည်ဖြစ်သဖြင့် ချေးငွေရယူလိုသူ တောင်သူလယ်သမားဦးကြီးများအနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ဆက်သွယ်ဆောင်ရွက်ကြရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က နှိုးဆော်ထားကြောင်း သိရသည်။ **သတင်းစဉ်**

ကံ ကံ၏အကျိုးကို မမြင်သူ အကြမ်းဖက်ဝါဒီတွေ...

၈၆

တံတားမြို့နယ် ကွမ်းခြံရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး မီးရှို့ဖျက်ဆီးခံရမှုကိုတွေ့ရစဉ်။

အပြစ်မဲ့ပြည်သူတွေကို ဒလန်ဆိုပြီး သတ်ဖြတ်၊ လုံခြုံရေးတာဝန်ယူထားရတဲ့ ရဲတပ်ဖွဲ့ဝင်တွေနဲ့ တပ်မတော်သားတွေကို သတ်ဖြတ်၊ အေးအေးချမ်းချမ်း နေလိုတဲ့ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ဖျက်လိုဖျက်ဆီး လုပ်နေတဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ဘယ်လိုပြည်သူကမှ လက်သင့်မခံသင့်ဘဲ နိုင်ငံတော်အစိုးရနဲ့ပူးပေါင်းပြီး ဖော်ထုတ်ပေးကြမှသာ မိမိတို့လူ့ဘောင်ကြီး အေးချမ်းသွားမယ်လို့ ယုံကြည်မိ။

လူတစ်ယောက်သေဆုံးသွားတဲ့အခါ ပတ်သက်ဆက်နွယ်တဲ့သူတွေက ဝမ်းနည်းပူဆွေးမှုဖြစ်ကြရတာဟာ လောကဓမ္မတာပါပဲ။ သေဆုံးသူဟာ လူ့ဘောင်လောကကို အကျိုးပြုတဲ့၊ အများနဲ့ဆိုင်တဲ့ လူတစ်ယောက်သာဆိုရင် သူ့အတွက် ပိုပြီး ပူဆွေးကြရပါတယ်။ ဒါပေမယ့် သီရိလင်္ကာနိုင်ငံမှာ တမီးလ်ကျားသူပုန်ခေါင်းဆောင် ပရာဘာခါရန်ကို အသေဖမ်းဆီးရမိတဲ့သတင်း ပြည်သူတွေကြားရတဲ့အခါ ညကြီးမင်းကြီး သောင်းသောင်းဖြဖြ ဝမ်းသာအားရ မြူးထူးကခုန်ကြပါတယ်။

အေးချမ်းလုံခြုံမှုကို ပြည်သူတိုင်းက မျှော်လင့်နေတာမို့ သူပုန်ခေါင်းဆောင် သေဆုံးသွားတာကို ဝမ်းသာအားရ ဖြစ်ပုံရပါတယ်။ ဒါပေမယ့် တစ်ဖက်မှာ သူ့ကို အားပေးထောက်ခံသူတွေအတွက်တော့ သူရဲကောင်းအာဇာနည်ဆိုပြီး သတ်မှတ်ချင် သတ်မှတ်ကြမှာပေါ့။ ဒါပေမယ့် အများစုသော ပြည်သူတွေရဲ့ မေတ္တာမိုးတွေ ရွာသွန်းဖြိုးခံရတဲ့ ပရာဘာခါရန် သေဆုံးသွားရတာ သီရိလင်္ကာနိုင်ငံနဲ့ ပြည်သူတွေအတွက်တော့ အတော်လေး စိတ်သက်သာရသွားခဲ့ပါတယ်။

တမီးလ်ကျားသူပုန်အဖွဲ့ဟာ အမေရိကန်နဲ့ ဥရောပသမဂ္ဂတို့က အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ထားတဲ့ ခွဲထွက်ရေးအုပ်စုလည်း ဖြစ်ပါတယ်။ အသေခံဗုံးခွဲတိုက်ခိုက်မှုတွေ အများကြီး ကျူးလွန်ခဲ့ပါတယ်။ အိန္ဒိယဝန်ကြီးချုပ် ရာဂျစ်ဂန္ဒီကိုတောင် လုပ်ကြံခဲ့တဲ့ အဖွဲ့လည်းဖြစ်ပါတယ်။ ၁၉၈၀ ပြည့်လွန်နှစ်တွေမှာ အားကောင်းလာပြီး သူတို့ပထမဆုံး အကြမ်းဖက်တဲ့ပွဲကတော့ စစ်သား ၁၃ ယောက်ကို ချုံခိုတိုက်ခိုက်သတ်ဖြတ်လိုက်ရာကနေ စခဲ့တာဖြစ်ပါတယ်။ ခေါင်းဆောင်ကျဆုံးသွားချိန်မှာတော့ သူတို့ကြောင့် လူပေါင်း ၇၀၀၀၀ လောက်ကို သေကျေစေခဲ့တာ ဖြစ်ပါတယ်။ ကျားသူပုန်တွေ အင်အားကောင်းလာတာနဲ့အမျှ နယ်မြေတွေကိုသိမ်းပိုက်တယ်၊ သီရိလင်္ကာရဲ့ နယ်မြေသုံးပုံတစ်ပုံလောက်အထိ အင်ပါယာချဲ့ထွင်လာခဲ့ပါတယ်။ မည်သို့ပင်ဆိုစေ အကြမ်းဖက်ဝါဒီသမားတွေရဲ့ မလွဲမသွေ ကြုံရမယ့်လမ်းကတော့ အရှုံးနဲ့ ရင်ဆိုင်ရခြင်းဖြစ်ပါတယ်။

အကြမ်းဖက်တွေရဲ့နိဂုံး

ဆုံးဖြတ်ချက်အမှားတွေ၊ လူထုကိုစိတ်ပျက်စရာ၊ ထိတ်လန့်စိုးရွံ့စရာတွေကိုသာပေးတဲ့ အကြမ်းဖက်တမီးလ်သူပုန်အဖွဲ့သားတွေကို လူထုက အတော်လေးစိတ်ကုန်နေကြတာမို့ အေးချမ်းစွာ နေလိုတဲ့ပြည်သူတွေဟာ တဖြည်းဖြည်း သူတို့နဲ့ စိတ်ချင်းဝေးလာကုန်တော့တာပါပဲ။ အစိုးရတပ်တွေက သူတို့ကို နှိမ်နင်းတဲ့အခါ သူတို့က ပြည်သူကို လူသားဒိုင်းအဖြစ် အသုံးချတတ်တာမို့ ပြည်သူတွေဟာ ထိုးစစ်အတွင်းမှာ ဘုမသိ ဘမသိနဲ့ အသက်ပေးခဲ့ကြရတာပါ။ တမီးလ်ကျားတွေဟာ တမီးလ်အမျိုးသားရေးကို နိုင်ငံရေးအရ မဖြေရှင်းဘဲ လက်နက်ကိုင်လမ်းစဉ်နဲ့ ဖြေရှင်းဖို့ ကြိုးစားရင်း နောက်ဆုံးမှာ လက်နက်ဘေးနဲ့ နိဂုံးချုပ်ခဲ့ရတာပဲ ဖြစ်ပါတယ်။

မိမိတို့ လူသားတွေအနေနဲ့ တစ်စုံတစ်ယောက် ထံက လိုချင်တဲ့အရာကို ရအောင်ယူနိုင်မယ့် နည်းလမ်းများစွာ ရှိပါတယ်။ တောင်းခံလိုတာ ဖြစ်ဖြစ်၊ မကျေနပ်မှုတွေကို ပြသလိုတာဖြစ်ဖြစ် ထုတ်ဖော်တဲ့အခါမှာ အဲဒီလုပ်ရပ်က မဆိုင်တဲ့ သူတွေကို မထိခိုက်ဖို့ အရေးကြီးပါတယ်။ ရိုးရိုးသားသား၊ မျှတတဲ့စိတ်ထား၊ ဂုဏ်သိက္ခာရှိတဲ့၊ လူကြီးလူကောင်းပီသတဲ့ နည်းလမ်းမျိုးနဲ့သာ ဖြေရှင်းရယူဖို့ ကြိုးစားရမှာ ဖြစ်ပါတယ်။ မိမိနဲ့ အယူအဆ၊ အတွေးအခေါ်မတူတာနဲ့ ရန်သူလို သဘောထား အကြမ်းဖက်လုပ်ရပ်တွေ လုပ်ဆောင်နေသရွေ့တော့ လူ့ဘောင်ကြီးသာယာနိုင်ဖို့ဝေးစွ နိုင်ငံက နာလန်ထူဖို့ မလွယ်ပါဘူး။

ပြည်သူတွေမခံစားလိုကြပါ

လက်ရှိမိမိတို့နိုင်ငံ ပြည်သူတွေဟာ ဘယ်နေရာမှာ ပေါက်ကွဲသံကြားရမလဲ၊ ကိုယ်သွားမယ့် အလုပ်၊ ကျောင်းစတာတွေ မရောက်ခင် ဘာသံများ ကြားရဦးမလဲ ဆိုသကဲ့သို့ နေ့စဉ်နဲ့အမျှ စိုးရိမ်ပူပန်မှုတွေနဲ့ ကြုံနေကြရပါပြီ။ ဗုံးသတိ၊ ဗုံးအသိတွေ လူမှုကွန်ရက်ပေါ်မှာ အချင်းချင်းဖြန့်ဝေကြတယ်။ အကြောက်တရားတွေနဲ့ ဖြတ်သန်းနေကြပါတယ်။ နိုင်ငံတော်အစိုးရက ကျောင်းတွေ၊ အလုပ်အကိုင်တွေ ပုံမှန်လည်ပတ်နိုင်အောင် ကြိုးစားနေကြတယ်။ တစ်ဖက်မှာ အကြမ်းဖက်လိုသူတွေက မတည်ငြိမ်အောင်၊ ပြည်သူတွေ အေးအေးချမ်းချမ်း မနေရအောင်နဲ့ အစိုးရရဲ့ အုပ်ချုပ်ရေးယန္တရား ပျက်ယွင်းအောင် အကြမ်းဖက်လုပ်ရပ်တွေ လုပ်ဆောင်နေကြပါတယ်။

ပြီးခဲ့တဲ့ရက်ပိုင်းက လမ်းမတော်မြို့နယ်က ဖြစ်စဉ်မှာဆိုရင် အမျိုးသားနှစ်ဦးက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကို ဗုံးခွဲပါတယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးကို သေနတ်နဲ့ ပစ်သတ်ခဲ့ပါတယ်။ ထပ်ပြီး တော့လည်း အနီးတစ်နေရာမှာ ဗုံးခွဲခဲ့ပါသေးတယ်။ ဒါတွေက ရန်ကုန်မြို့လယ်ကောင် အများပြည်သူ သွားလာရာနေရာတွေမှာ လုပ်ဆောင်တာပါ။ အမြို့မြို့ အနယ်နယ်မှာလည်း ပေါက်ကွဲသမျှ ဗုံးတွေဟာ စာသင်ကျောင်းတွေ၊ ဈေးတွေ၊ အများသုံးကားမှတ်တိုင်တွေ၊ လမ်းမကြီးဘေးတွေမှာ တောင် ပေါက်ကွဲတာမျိုး ဖြစ်နေရပါပြီ။ အချို့ ဒေသတွေမှာ အုပ်ချုပ်ရေးမှူးတွေအပြင် မိသားစု တွေကိုပါ အကြမ်းဖက်သတ်ဖြတ်တာတွေလည်း ရှိပါသေးတယ်။

အဲဒီလို သတ်ဖြတ်၊ ဖျက်ဆီးပြီးတာနဲ့ တစ်ပြိုင်နက် အကြမ်းဖက်သမားထောက်ခံသူတွေက ထိခိုက်သေဆုံး၊ ပျက်စီးမှုတွေကို ဝမ်းသာအားရ အွန်လိုင်းမှာ တင်ကြပါတယ်။ လူထုက အကြမ်းဖက်သမားတွေကို အမုန်းမပွားရအောင်လည်း ဒီလိုအရာတွေကို နိုင်ငံတော်အစိုးရက၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက တစ်ဖက်လှည့်နဲ့ လုပ်ဆောင်နေတယ်ဆိုပြီး မပိမရိ လိမ်လည်လုပ်ကြံဝါဒဖြန့်နေကြတာကိုလည်း အော့နှလုံးနာဖွယ် မြင်တွေ့ရမှာပါ။

အပြစ်မဲ့သူတွေ၊ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေ ထိခိုက်သေဆုံးရတဲ့အခါ လူမှုကွန်ရက်မှာ အသည်းပေးကြ၊ ကြိုက်နှစ်သက်ကြ၊ ဝမ်းသာအားရစာသားတွေ ရေးနေကြတာဟာ ဒီမိုကရေစီနဲ့ လားလားမှ မသက်ဆိုင်ဘူးဆိုတာ၊ မိမိတို့ကိုးကွယ်ယုံကြည်တဲ့ ဘာသာတရားအဆုံးအမတွေနဲ့ မကိုက်ညီဘူးဆိုတာ သတိပြုစေလိုလှပါပြီ။

ငယ်ငယ်က ကျောက်ခဲလေးတွေကို မိုးပေါ်သို့ ပစ်ပေါက်ပြီး သူငယ်ချင်းတွေနဲ့ ဆော့ကစားခဲ့ဖူးပါတယ်။ ကျောက်ခဲလေးတစ်လုံး မိုးပေါ်ကို ပစ်လိုက်တိုင်း မကောင်းသူထိပ်၊ ကောင်းသူထိပ်လို့ ပြောတတ်ကြပြီး ဘယ်သူ့ခေါင်းပေါ်ကျလာမလဲ ဆိုတာ ပျော်ရွှင်စွာစောင့်ကြည့်ရင်း ကျောက်ခဲကျခံရသူကတော့ ကျောက်ခဲကြီးရင် ကြီးသလို ခေါင်းလေးကို ပွတ်ရင်းပေါ့။ အခုလို ဗုံးတွေ၊ မိုင်းတွေ မကြာခဏခွဲတဲ့သူတွေဟာလည်း ဘယ်လိုစိတ်ကူးနဲ့များ လုပ်ဆောင်တယ်ဆိုတာ စဉ်းစားမရနိုင်တော့ပါဘူး။ ဘာကြောင့် အများပြည်သူပိုင်တဲ့ အဆောက်အအုံတွေ၊ အများနဲ့ဆိုင်တဲ့နေရာတွေ၊ သူတစ်ပါးရဲ့ အသက်အိုးအိမ်တွေကို ခိုးကြောင်ခိုးဝှက်အကြမ်းဖက်လုပ်ရပ်တွေ လုပ်ဝံ့ကြသလဲ။

ပြည်သူအများစုဟာ ဘယ်အစိုးရ၊ ဘယ်သူတော့ဖြင့်ဆိုတာထက် အေးအေးချမ်းချမ်းနဲ့ တည်တည်ငြိမ်ငြိမ်နဲ့ နိုင်ငံတိုးတက်အောင်လုပ်မယ့်အစိုးရ၊ မိမိတို့အသိုက်အဝန်းအတွက် လုံခြုံစိတ်ချရတဲ့ အစိုးရမျိုးကို ပိုပြီးအလိုရှိပါတယ်။ ကပ်ရောဂါကြောင့် အစစအရာရာ မနည်းကျားကန်နေကြရတဲ့ ပြည်သူတွေဟာ အကြမ်းဖက်သူတွေရဲ့ အတွေးအခေါ်အများတွေ၊ အနိုင်ကျင့်လုပ်ရပ်တွေကြောင့် ရုံးမတက်ရဲကြသူတွေ၊ ကျောင်းမသွားရဲကြတဲ့ ဆရာ ဆရာမတွေ၊ သစ္စာဖောက်ဆိုပြီး အရှက်ခွဲခံရမှာကြောက်လို့ ဆေးရုံမသွားဝံ့တဲ့ ဆရာဝန်တွေ၊ နောက်ဆုံး သံပုံးမတီးလို့၊ ဆန္ဒမပြလို့ဆိုပြီး ခြိမ်းခြောက်အနိုင်ကျင့်ခံရတဲ့ ပြည်သူတွေအားလုံးဟာ အကြမ်းဖက်ခြင်းကို စက်ဆုပ်မုန်းတီးနေကြပြီဖြစ်။

ဘယ်သူမပြု မိမိမှုဆိုတဲ့စကားက စာရေးသူတို့ဗုဒ္ဓဘာသာဝင်တွေအတွက် မဆန်းကြယ်ပါဘူး။ ကိုယ်ပြုလုပ်လိုက်တဲ့ အမှုကိစ္စက ကောင်းတဲ့အမှုကိစ္စ၊ အများအတွက် အကျိုးရှိစေတဲ့ကိစ္စဖြစ်မယ်ဆိုရင် ကောင်းကျိုးခံစားရမှာဖြစ်သလို မကောင်းမှုဒုစရိုက်နဲ့ အများကိုထိခိုက်နစ်နာစေခဲ့တဲ့အမှုကို ပြုလိုက်မိပြီ၊ အများပြည်သူတွေ ထိခိုက်နစ်နာပျက်စီးရပြီဆိုရင်တော့ အဲဒီအကုသိုလ်ကို ပြန်ပြီး ခံစားကြုံတွေ့ရမှာဖြစ်ပါတယ်။

အပြစ်မဲ့ပြည်သူတွေကို ဒလန်ဆိုပြီး သတ်ဖြတ်၊ လုံခြုံရေးတာဝန်ယူထားရတဲ့ ရဲတပ်ဖွဲ့ဝင်တွေနဲ့ တပ်မတော်သားတွေကို သတ်ဖြတ်၊ အေးအေးချမ်းချမ်းနေလိုတဲ့ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ဖျက်လိုဖျက်ဆီးလုပ်နေတဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ဘယ်လိုပြည်သူကမှ လက်သင့်မခံသင့်ဘဲ နိုင်ငံတော်အစိုးရနဲ့ပူးပေါင်းပြီး ဖော်ထုတ်ပေးကြမှသာ မိမိတို့လူ့ဘောင်ကြီး အေးချမ်းသွားမယ်လို့ ယုံကြည်မိပါတော့တယ်။ ။

လာခြင်းကောင်းသော်ငြား

အောင်ဇေယျ

ဗုဒ္ဓသည် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ဟူသော သစ္စာလေးပါးကို သိမြင်တော်မူပြီး လူနတ်ဗြဟ္မာတို့ကို ဟောကြားတော်မူခဲ့ခြင်းဖြင့် သံသရာမှ လွတ်မြောက်ရာလမ်းကို ညွှန်ပြတော်မူခဲ့သည်။ ညွှန်ပြတော်မူသည့်အတိုင်း ကိုယ်တိုင်ကျင့်ကြံအားထုတ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်သော လူနတ်ဗြဟ္မာသတ္တဝါတို့ များစွာရှိချေပြီ။ ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးသည့်တိုင်အောင် ဗုဒ္ဓ၏တရားတော်ကို တပည့်သား သံဃာတို့က တစ်ဆင့် ဟောကြားသဖြင့် မျက်မှောက်ကာလတွင် တရားထူးရကာ မဂ်လမ်းဝင်သူများ အထင်အရှားရှိ၏၊ ဘာသာခြား၊ လူမျိုးခြားများကပင် ဗုဒ္ဓ၏ နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို ယုံကြည်စွာ လက်တွေ့ကျင့်ကြံအားထုတ်ကြသည်။ ဘာသာတူ၊ လူမျိုးတူက ဗုဒ္ဓကို သာမန်ပုဂ္ဂိုလ်ဟုဆိုခဲ့လျှင် ရှက်ဖွယ်လိလိဖြစ်

၁

ဘုရားအဖြစ်ကို ရနိုင်သော လူ့ဘုံသို့ ရောက်လာသူတိုင်းကို “လာခြင်းကောင်းသူများ”ဟု ပြောနိုင်ပေ၏။ လူ့ဘုံမှ ထွက်ခွာသူတိုင်းကိုမူ ပြန်ခြင်းကောင်းသူဟု မဆိုနိုင်ပေ။ လူနတ်ဗြဟ္မာဘုံများသို့ ရောက်ပါက ပြန်ခြင်းကောင်း၏။ ငရဲ၊ ပြိတ္တာ၊ အသူရကာယ်၊ တိရစ္ဆာန်ဘုံများသို့ လားခဲ့သော် “ပြန်ခြင်းမကောင်း”။

၂

ဘာသာတို့၏ ဘုရားများအနက် ဗုဒ္ဓတစ်ပါးကိုသာ မြင်ဖူးကြသည်။ ဗုဒ္ဓသည် လူသားမှဖြစ်သော လက်တွေ့ကျသည့်ဘုရားဖြစ်သည်။ ဗုဒ္ဓဘာသာတွင် သုခသာ စံစားကုန်သော နတ်ဗြဟ္မာတို့က ဘုရားမဖြစ်။ သုခ ဒုက္ခ ခံစားရသော လူ့ဘုံလူသားကလျှင် သုံးလူ့ထွတ်ထားဘုရားဖြစ်နိုင်သည်။

ဗုဒ္ဓသည် လူသားက ဖြစ်သော်လည်း သာမန်ပုဂ္ဂိုလ်(Ordinary Person) မဟုတ်။ ဘုရားမဖြစ်မီ သိဒ္ဓတ္ထ ဘဝက အမျိုးမြင့်မြတ်သော သာကီနွယ်ဝင်မင်းမျိုးဖြစ်သည်။ ဘုရားဖြစ်ပြီးခဲ့သောအခါ ဂေါတမသည် လူသားများသာမက နတ်ဗြဟ္မာတို့၏ အမြတ်ဆုံးဆရာ (သတ္ထာဒေဝ မနုဿာနံ ဂုဏ်တော်) ဖြစ်သည်။

ဗုဒ္ဓသည် ကဆုန်လပြည့်နေ့တွင် ထွက်လေ ဝင်လေ ခေါ် အာနာပါန စတုတ္ထစ္ဈာန်ကို ဝင်စား၍ ဝိပဿနာတရားကို ရှုမှတ်တော်မူရာ ညဉ့်ဦးယံအချိန်၌ မိမိသူတစ်ပါးတို့၏ ရှေးဘဝများစွာကို မြင်နိုင်စွမ်းသော “ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်”ကို ရတော်မူသည်။ သန်းခေါင်ယံခေါ် ညဉ့်လယ်ယံ၌ အကြီးအသေး နီးဝေးမဟူ နတ်မျက်စိဝပမာ ထိုးဖောက်မြင်တော်မူနိုင်စွမ်းသော “ဒိဗ္ဗစက္ခုဉာဏ်တော်” ကို ရတော်မူသည်။ မိုးသောက်ယံ ခေါ် အရုဏ်တက်ချိန်၌ သစ္စာလေးအင် သိမြင်တော်မူကာ ကိလေသာအလုံးစုံ ကုန်ခန်းသည့် “အာသဝက္ခယဉာဏ်တော်” ခေါ် “အရဟတ္တမဂ်ဉာဏ်တော်” ကို ရတော်မူသည်။ တစ်ပြိုင်နက်တည်းမှာပင် “သဗ္ဗညုတဉာဏ်တော်” ခေါ် အလုံးစုံကို အကုန်သိမြင်တော်မူသော ဉာဏ်တော်ကို ရပြီးဖြစ်ကာ အတုမရှိသော သဗ္ဗညုတဘုရား အဖြစ်သို့ ရောက်တော်မူလေသည်။ ထိုကဲ့သို့ ဉာဏ်တော်အစုံကို ဆရာ မပါဘဲ အလုံးစုံထိုးထွင်းသိမြင်တော်မူသော ဗုဒ္ဓမြတ်စွာဘုရားကို သာမန်လူပုဂ္ဂိုလ်နှင့် မနှိုင်းအပ်။

ဗုဒ္ဓသည် ဘုရားဖြစ်တော်မမူခင် ဘုရားလောင်းဘဝဖြင့် ဒါန၊ သီလ၊ နေက္ခမ္မ၊ ပညာ၊ ဝီရိယ၊ ခန္တီ၊ သစ္စာ၊ အဓိဋ္ဌာန်၊ မေတ္တာ၊ ဥပေက္ခာ ဟူသော ပါရမီဆယ်ပါး အပြားသုံးဆယ်ကို လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့်ခဲ့သည့် ပါရမီရှင် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်၏။

ဤသို့သော ပါရမီရှင်ကို သာမန်ပုဂ္ဂိုလ်ဟု မနှိမ့်ချရာ။

ဗုဒ္ဓသည် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ဟူသော သစ္စာလေးပါးကို သိမြင်တော်မူပြီး လူနတ်ဗြဟ္မာတို့ကို ဟောကြားတော်မူခဲ့ခြင်းဖြင့် သံသရာမှ လွတ်မြောက်ရာလမ်းကို ညွှန်ပြတော်မူခဲ့သည်။ ညွှန်ပြတော်မူသည့်အတိုင်း ကိုယ်တိုင်ကျင့်ကြံအားထုတ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်သော လူနတ်ဗြဟ္မာသတ္တဝါတို့ များစွာရှိချေပြီ။ ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးသည့်တိုင်အောင် ဗုဒ္ဓ၏တရားတော်ကို တပည့်သား သံဃာတို့ကတစ်ဆင့် ဟောကြားသဖြင့် မျက်မှောက်ကာလတွင် တရားထူးရကာ မဂ်လမ်းဝင်သူများ အထင်အရှားရှိ၏၊ ဘာသာခြား၊ လူမျိုးခြားများကပင် ဗုဒ္ဓ၏ နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို ယုံကြည်စွာ လက်တွေ့ကျင့်ကြံအားထုတ်ကြသည်။ ဘာသာတူ၊ လူမျိုးတူက ဗုဒ္ဓကို သာမန်ပုဂ္ဂိုလ်ဟုဆိုခဲ့လျှင် ရှက်ဖွယ်လိလိ ဖြစ်တော့သည်။

ဗုဒ္ဓသည် သတ္တဝါအားလုံးကို မေတ္တာထားတော်မူသည်။ မေတ္တာဘာဝနာကို ပွားများတော်မူသည်။ ဗုဒ္ဓသည် သူ့ကို ယှဉ်ပြိုင်ရန်ပြုလာသော မာရ်နတ်၊ အယူလွဲမှားနေသော ဗကဗြဟ္မာ၊ အယူဝါဒကားစစ်ထိုးသော သစ္စကပရိဗ္ဗိုဇ်၊ ဒေါသ မာန တံခွန်ထူကာ ရက်စက်ကြမ်းကြုတ်သော အင်္ဂုလိမာလ၊ အာဠဝကဘီလူး၊ နန္ဒောပနန္ဒနဂါး၊ နာဠာဂီရိဆင်ရိုင်း၊ လူပုံအလယ်၌ အရှက်တကွဲ ဖြစ်အောင် စွပ်စွဲပုတ်ခတ်သော စိဉ္စမာဏဝိကာ မိန်းမယုတ်တို့ကို မေတ္တာအစွမ်းဖြင့် အောင်နိုင်တော်မူခဲ့သည်။ မေတ္တာကရုဏာရှင် ဗုဒ္ဓမြတ်စွာဘုရားကို သာမန်ပုဂ္ဂိုလ်ဟု မနောဖြင့်ပင် မပြစ်မှားသင့်။

ဗုဒ္ဓသည် သတ္တဝါအားလုံးအပေါ်တွင် တူညီသော မေတ္တာဓာတ်ပွားများ၍ ခန္တီတရား လက်ကိုင်ထားသော်လည်း **“ပြုသူ၏ အကုသိုလ်ကံက ခွင့်မလွှတ်ချေ။”** သာဓကဆောင်ရသော် ဘုရားရှင်ကို အသက်အန္တရာယ်ပြုကာ သံဃာသင်းခွဲခဲ့သော ဒေဝဒတ်သည် အဆုံး၌ နောင်တရသော်လည်း နောင်တသည် သူ့အား မကယ်တင်နိုင်တော့ချေ။ အရှင်လတ်လတ်မြေမျိုခံရပြီး အဝီစိငရဲခံစားနေရ၏။ ဝစီကံဖြင့် ကျူးလွန်ခဲ့သော စိဉ္စမာဏ မိန်းမယုတ်သည်ပင် အလားတူ မြေမျိုခြင်ရဲရောက်၏။

အချုပ်ဆိုရသော် ဗုဒ္ဓမြတ်စွာဘုရားသည် သာမန်ပုဂ္ဂိုလ်မဟုတ်။ ပွင့်တော်မူပြီးသော ဘုရားရှင်တို့ကလွဲ၍ ဗုဒ္ဓနှင့်တန်းတူသူ ဤကမ္ဘာတွင် မရှိ။

၃

Facebook တွင် ပါတီတစ်ခု၏ ထင်ရှားသော ခေါင်းဆောင်တစ်ယောက်က အောက်ပါ စကားတစ်ခွန်းပြောခဲ့သည်ဟု တင်ထား၏။

“ဗုဒ္ဓဘုရားဆိုတာ သာမန်ပုဂ္ဂိုလ်တစ်ဦးပါ။ ဒါ့ကြောင့် အရမ်းကြီးအလေးအနက်ထားပြီး ကိုးကွယ်စရာမလိုပါဘူး”

(Buddha is just Ordinary sort of Person. So you need’nt have strong religious belief in him.)

အံ့သြတုန်လှုပ်မိသည်။ ကြက်သီးဖြန်းဖြန်းထမိသည်။ ဤစကားကြောင့် စိဉ္စမာဏနည်းတူ လာခြင်းကောင်းသော်ငြား ပြန်ခြင်းကောင်းမည်မဟုတ်သည်ကား မြေကြီးလက်ခတ်မလွဲတည်း။ ။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ (၂၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၂၆

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ (၂၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃/၂၀၂၁)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မြန်မာနိုင်ငံ၏ ဘဏ်မဟုတ်သော ငွေရေးကြေးရေးကဏ္ဍ (Non-Bank Financial Industry-NBFI) တွင် အာမခံလုပ်ငန်းကဏ္ဍသည် အရေးပါသောအစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်လျက်ရှိကြောင်း၊ ဘဏ်လုပ်ငန်းမှ စုဆောင်းငွေများ၊ အာမခံလုပ်ငန်းများမှ အာမခံဝရီမိယံဝင်ငွေများကို ဆုံးရှုံးနိုင်ခြေရှိမှု (Risk-Free Financial Product) မရှိသလောက်နည်းပါးသည့် အဓိုးရငွေတိုက်စာချုပ်များ ဝယ်ယူခြင်း၊ အခြားသင့်လျော်သည့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်၍ တိုင်းပြည်၏ စီးပွားရေးတည်ငြိမ်မှုနှင့် စီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးအတွက် အထောက်အကူပြု ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အာမခံအမျိုးအစားသစ်များ ခွင့်ပြုရန်ကိစ္စ၊ ကော်ပိုရိတ်အာမခံကိုယ်စားလှယ်လိုင်စင်များ ခွင့်ပြုရန်ကိစ္စ၊ အာမခံကိုယ်စားလှယ် အရည်အချင်းစစ်ဆေးစာမေးပွဲကြေးသတ်မှတ်ရန်ကိစ္စ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများမှ အာမခံဝန်ဆောင်မှုပေးရန် ခွင့်ပြုသည့်ကိစ္စများကို အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဝင်များက ဆွေးနွေးဆုံးဖြတ်ပေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဝင်များဖြစ်သော မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များက အမှာစာများအပေါ် ဝိုင်းဝန်းဆွေးနွေး အတည်ပြုဆုံးဖြတ်ပေးကြပြီး ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

မြန်မာနိုင်ငံတွင် အာမခံလုပ်ငန်းများကို ယခင်က နိုင်ငံပိုင်မြန်မာ့အာမခံလုပ်ငန်းကသာ ဆောင်ရွက်ခဲ့သော်လည်း ၂၀၁၃ ခုနှစ်မှစ၍ ဈေးကွက်စီးပွားရေး

စနစ်နှင့်အညီ ပြည်တွင်းပုဂ္ဂလိက အာမခံကုမ္ပဏီများကို လုပ်ငန်းလုပ်ကိုင်ခွင့်ပြုခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် နိုင်ငံခြားအာမခံကုမ္ပဏီများကိုပါ စီစစ်ခွင့်ပြုခဲ့ရာ ယခုအခါ ပြည်တွင်းကုမ္ပဏီ ၂၅ ခု၊ ပြည်ပကုမ္ပဏီ ၁၁ ခုတို့က လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း အာမခံအမျိုးအစားပေါင်း ၃၂ မျိုး ခွင့်ပြုဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း အာမခံကုမ္ပဏီများက ၎င်းတို့၏ ကျန်းမာရေးအာမခံများတွင် ကိုဗစ်-၁၉ ကြောင့် ဆေးရုံတက်ကုသမှု ကုန်ကျစရိတ်များအတွက် အကျိုးခံစားခွင့်များ တိုးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

အသုံးချသူ၊ အသုံးချခံနှင့် အပြစ်မဲ့ပြည်သူများ

မျိုးငြိမ်းငယ်

ကလေးမြို့ တောင်ဇီလာရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းအား အကြမ်းဖက်သူများ၏ မီးရှို့မှုကြောင့် မီးလောင်မှုဖြစ်ပွားစဉ်။

အကြမ်းဖက်နည်းလမ်း

လတ်တလော မြို့အတော်များများမှာ ဗုံးကွဲမှုတွေ၊ မီးလောင်မှု၊ သတ်ဖြတ်မှုတွေကို ခပ်စိပ်စိပ် ကြားနေရပါတယ်။ ဗုံးပေါက်ကွဲလို့ မဆီမဆိုင် အပြစ်မဲ့ ပြည်သူတွေ သေကျေကြ၊ ဒဏ်ရာရကြနဲ့ အတော်ပဲ စိတ်မချမ်းမြေ့စရာပါ။ ညပိုင်းဆိုရင် ဗုံးပေါက်ကွဲသံတွေ ကြားရတဲ့အခါတိုင်း စိတ်တထင့်ထင့်နဲ့ သတင်းနားစွင့်မိပါတယ်။ သတင်းတွေ တက်လာလို့ ကြည့်လိုက်ရင်လည်း အပြစ်မဲ့ပြည်သူတွေပဲ ထိခိုက်ဒဏ်ရာရကြ၊ သေဆုံးကြနဲ့။ မလုပ်သင့်၊ မဖြစ်သင့်ဘူးလို့ ပြည်သူထဲက ပြည်သူတစ်ယောက် အနေနဲ့ မြင်ပါတယ်။ ဒါဟာ အပြစ်မဲ့ပြည်သူတွေကို သေကျေဒဏ်ရာရအောင်၊ ဒုက္ခရောက်အောင်လုပ်နေခြင်းလို့ပဲ သတ်မှတ်ရမှာပါ။

ဒီနေရာမှာ အများပြည်သူနဲ့ဆိုင်တဲ့နေရာတွေမှာ ဗုံးတွေထောင်ပြီး အကြမ်းဖက်လုပ်ရပ်ဆန်ဆန် လုပ်ဆောင်နေတာတွေဟာ နိုင်ငံရေးအကျပ်အတည်းရဲ့အဖြေကို ဦးတည်ဖို့ဆိုတာထက် အကျပ်အတည်းကို ပိုမိုဆိုးရွားစေပါလိမ့်မယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးနဲ့အတူ ပေါ်ပေါက်လာခဲ့တဲ့ လက်နက်ကိုင်တော်လှန်မှုတွေဟာ အခုဆိုရင် နှစ်ပေါင်း ၇၀ ကျော်ရှိနေပါပြီ။ အဲဒီရဲ့ အကျိုးဆက်က နိုင်ငံရေးအဖြေထက် တိုက်ပွဲဖြစ်ပွားနေရာက ဒေသခံပြည်သူတွေရဲ့ဘဝတွေပဲ ထိခိုက်နစ်နာခဲ့ရတာ လက်တွေ့ပါပဲ။ နောက်ဆုံးတော့ နိုင်ငံရေးအကျပ်အတည်း အဖြေရှာဖို့အတွက် အသင့်တော်ဆုံးနည်းလမ်း ဒါမှမဟုတ် ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးနည်းလမ်းကတော့ တွေ့ဆုံဆွေးနွေးညှိနှိုင်းတဲ့ လမ်းစဉ်ပဲဆိုတာ လက်ခံလာကြလို့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်လာကြခြင်းပဲ ဖြစ်ပါတယ်။

ဘုံအကျိုးစီးပွားကိုဦးတည်သည့် အမှန်တရား

အခုလည်းပဲ လူငယ်လူရွယ်တွေကို အသုံးချနေတာတွေ၊ အပြစ်မဲ့ပြည်သူတွေ ထိခိုက်ခံစားနေရတာတွေဟာ နိုင်ငံရေးရည်မှန်းချက်အတွက်ဆိုတာထက် အလုံးစုံပျက်စီးရေးအတွက် အကြမ်းဖက်နည်းလမ်းကို ရွေးချယ်နေကြတာလို့ ဆိုရမှာပါ။ အထူးသဖြင့် ပဋိပက္ခတွေ ခိုင်ခိုင်မာမာ အမြစ်တွယ်နေတဲ့ မြန်မာနိုင်ငံမှာ အခုလိုအကြမ်းဖက်နည်းလမ်းတွေကြောင့် ပဋိပက္ခတွေကို ပိုဆိုးစေပါလိမ့်မယ်။ အထူးသဖြင့် မတူကွဲပြားမှုတွေများပြားတဲ့ မြန်မာနိုင်ငံမှာ တစ်ဖက်တည်းမှန်တဲ့ အဖြေရှာဖို့ထက် အားလုံးအတွက် မှန်တဲ့အဖြေရှာဖို့ ကြိုးစားကြရမှာပါ။ အဲဒါကတော့ သူနိုင်ကိုယ်နိုင် အဖြေပဲဖြစ်ပါလိမ့်မယ်။ လက်ဖဝါးဘက်ကကြည့်ပြီး လက်ဖဝါးသာအမှန်လို့ပြောနိုင်ပေမယ့် လက်ဖမိုးဘက်ကလည်း လက်ဖမိုးသာအမှန်လို့ ဆိုမှာပါ။ လက်ဖမိုး၊ လက်ဖဝါးအကြား မတူညီတဲ့ အမှန်တရားတွေကို ခြေစုံကန် ဖက်တွယ်ထားဖို့ထက် consensus building အားလုံးသဘောတူတဲ့၊ ဘုံအကျိုးစီးပွားကို ဦးတည်တဲ့ အမှန်တရားကို ရှာဖွေကြဖို့လိုပါလိမ့်မယ်။

ဒါပေမယ့် လက်ရှိအချိန်အထိတော့ အားလုံးသဘောတူတဲ့ ဘုံအကျိုးစီးပွားဆိုတာထက် တစ်ဖက်သတ်အယူအဆတွေ၊ ထိပ်တိုက်ရင်ဆိုင်ရေးတွေကို စိတ်ခံစားချက်နဲ့ လုပ်ဆောင်နေကြဆဲပါပဲ။ ဒါကြောင့် လည်း မြန်မာ့နိုင်ငံရေးသမိုင်းကြောင်း လွတ်လပ်ရေး မရမီကရော၊ လွတ်လပ်ရေးရပြီး နောက်ပိုင်းမှာရော ပဋိပက္ခတွေနဲ့ပဲ အချိန်ကုန်ခဲ့ပါတယ်။ သူနိုင်ကိုယ်နိုင်ဆိုတဲ့ အဖြေကို မချဉ်းကပ်နိုင်ခဲ့ပါဘူး။

ရုန်းမထွက်နိုင်သေးတဲ့ ထိပ်တိုက်ရင်ဆိုင်ရေး

အခုဆိုရင် ထိပ်တိုက်ရင်ဆိုင်ရေးလမ်းစဉ်ကို သမိုင်းတစ်ကျော့ပြန် ထပ်မံရွေးချယ်လာကြပြန်ပါပြီ။ ခေတ်တွေ၊ စနစ်တွေ ဘယ်လောက်ပြောင်းပြောင်း မြန်မာ့နိုင်ငံရေးသဘောထားနဲ့ အယူအဆကတော့ မပြောင်းလဲသေးဘူးလို့ သတ်မှတ်နိုင်ပါတယ်။ မြန်မာ့နိုင်ငံရေး ယဉ်ကျေးမှုတစ်ရပ်လို အမြစ်တွယ်နေဆဲပါ။ ရုန်းမထွက်နိုင်သေးပါဘူး။

တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့၊ တစ်ဖက်နဲ့ တစ်ဖက် အမြစ်ပြတ်ချေမှုန်းဖို့ ကြိုးစားကြရင်း အပြစ်မဲ့ပြည်သူတွေကတော့ ဒုံရင်း ဒုံရင်းဘဝတွေမှာပဲ ကျင်လည်ကြရပါဦးမယ်။ လက်နက်ကိုင်တိုက်ခိုက်ခဲ့ကြလို့ တိုက်ပွဲနယ်မြေတွေမှာ စစ်ဘေးရှောင်တွေ ဒုက္ခတွေခံစားနေရဆဲပါ။ အခုဆို မြို့တွေမှာ နေ့စဉ်လိုလို ဗုံးတွေပေါက်ကွဲနေပါတယ်။ ပစ်ခတ်မှုတွေ ရှိနေပါတယ်။ နိုင်ငံရေးအဖြေဆိုတာထက် အပြစ်မဲ့ပြည်သူတွေ သေဆုံးတာတွေကိုသာ ကြားနေရပါတယ်။ ဒါတွေဟာ ထိပ်တိုက်ရင်ဆိုင်ရေးရဲ့ အကျိုးဆက်တွေပါပဲ။

ကျော့နေသော သံသရာနှင့် မဆုံးနိုင်သောအကျိုးဆက်များ

အကြမ်းဖက် ထိပ်တိုက်ရင်ဆိုင်မှုကြောင့် နောက်ဆက်တွဲ အကျိုးဆက်တွေ ဖြစ်လာပါလိမ့်ဦးမယ်။ သေကျေပျက်စီးမှုတွေ၊ စိုးတထိတ်ထိတ်ဘဝတွေ၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနိမ့်ကျလာမှုတွေ၊ နိုင်ငံတကာနဲ့ယှဉ်ရင် နိမ့်ကျလာမှာတွေဟာ ယခင်ကလည်း ကြုံခဲ့ရပြီးပါပြီ။ ယနေ့ထက်တိုင်လည်း ကြုံနေရဆဲပါ။ ဗြိတိသျှသမိုင်းပညာရှင်နဲ့ စစ်ပညာရှင်တစ်ဦးဖြစ်တဲ့ ဘီအိတ်ချ် လစ်ဒယ်ဟာတ် ကတော့ သမိုင်းဖြစ်စဉ်ထဲကနေ ကျွန်တော်တို့ ဘာကြောင့် သင်ခန်းစာမယူကြတာလဲ (Why Don't We Learn From History?) လို့ ရေးခဲ့ပါတယ်။ မြန်မာ့နိုင်ငံရေးမှာ ဒီနေ့အထိတော့ သမိုင်းအတွေ့အကြုံတွေကို သင်ခန်းစာမယူနိုင်သေးတာ၊ လက်တွေ့အသုံးမချနိုင်သေးတာအပြင် အများပြည်သူအကျိုး ပါကောင်းပါနိုင်ပေမယ့် နိုင်ငံရေးလုပ်ဆောင်ရာမှာတော့ ပုဂ္ဂိုလ်ရေးတွေ၊ ချစ်ခြင်း၊ မုန်းခြင်း အာဃာတ အပါအဝင် စိတ်ခံစားချက်တွေ၊ လောဘတွေနဲ့ လုပ်ဆောင်နေကြတဲ့အတွက် ဒီမိုကရေစီလုပ်ထုံးလုပ်နည်းတွေ၊ အသွင်ကူးပြောင်းရေးအဆင့်နဲ့ သဘောတရားတွေ၊ နိုင်ငံရေးမဏ္ဍိုင်တွေကို အလေးထားဖို့ထက် လိုရာစွဲသုံးလာကြတာ တွေ့ရပါတယ်။ ဒါ့အပြင် မြန်မာ့နိုင်ငံရေးပြဿနာတွေရဲ့ ရင်းမြစ်အကြောင်းတရားကို အစွဲကင်းကင်းနဲ့ရှာဖို့ထက် စိတ်နောက်ကိုယ်ပါ တစ်ဖက်သတ်အမှန်တရားတွေကိုပဲ တရားသေ ဆုပ်ကိုင်ထားကြတာကို တွေ့မြင်နေရဆဲပါ။ ဒါဟာ ပြဿနာတစ်ရပ် ဖြေရှင်းဖို့ထက် ပြဿနာကို ပိုမိုကြီးထွားစေဖို့ အကြောင်းတရားတွေ ဖြစ်လာနေပါတယ်။

၁၉၈၈ ခုနှစ် အရေးအခင်းမှာ တောထဲရောက်သွားတဲ့ လူငယ်တစ်ယောက်က ရေးဖူးပါတယ်။ ကျောင်းသားလူငယ်တွေဟာ နိုင်ငံရေးသမားတွေရဲ့ အသုံးချခြင်းခံခဲ့ရတယ်လို့ ဖွင့်ဟခဲ့ပါတယ်။ ဒီအမှားတွေကို သင်ခန်းစာယူကြရမှာပါ။ အမှားတွေကို သင်ခန်းစာမယူနိုင်ဘဲ ထပ်ကာထပ်ကာ အမှားသံသရာလည်နေကြဦးမယ်ဆိုရင် ရည်မှန်းချက်လည်း မအောင်မြင်နိုင်သလို ကိုယ်တိုင်လည်း ဒုက္ခရောက်၊ အပြစ်မဲ့ပြည်သူတွေလည်း ဒုက္ခရောက်ကြရမှာကို အထူးသတိချပ်သင့်ပါတယ်။

ခံစားချက်နဲ့ နိုင်ငံရေး

မြန်မာ့နိုင်ငံရေးရဲ့ အားနည်းချက်တစ်ရပ်ကတော့ နိုင်ငံရေးကို စိတ်ခံစားချက်နဲ့ လုပ်ဆောင်နေကြခြင်းလို့ မြင်မိပါတယ်။ နိုင်ငံ့အကျိုး၊ အများပြည်သူအကျိုး ပါကောင်းပါနိုင်ပေမယ့် နိုင်ငံရေးလုပ်ဆောင်ရာမှာတော့ ပုဂ္ဂိုလ်ရေးတွေ၊ ချစ်ခြင်း၊ မုန်းခြင်း အာဃာတ အပါအဝင် စိတ်ခံစားချက်တွေ၊ လောဘတွေနဲ့ လုပ်ဆောင်နေကြတဲ့အတွက် ဒီမိုကရေစီလုပ်ထုံးလုပ်နည်းတွေ၊ အသွင်ကူးပြောင်းရေးအဆင့်နဲ့ သဘောတရားတွေ၊ နိုင်ငံရေးမဏ္ဍိုင်တွေကို အလေးထားဖို့ထက် လိုရာစွဲသုံးလာကြတာ တွေ့ရပါတယ်။ ဒါ့အပြင် မြန်မာ့နိုင်ငံရေးပြဿနာတွေရဲ့ ရင်းမြစ်အကြောင်းတရားကို အစွဲကင်းကင်းနဲ့ရှာဖို့ထက် စိတ်နောက်ကိုယ်ပါ တစ်ဖက်သတ်အမှန်တရားတွေကိုပဲ တရားသေ ဆုပ်ကိုင်ထားကြတာကို တွေ့မြင်နေရဆဲပါ။ ဒါဟာ ပြဿနာတစ်ရပ် ဖြေရှင်းဖို့ထက် ပြဿနာကို ပိုမိုကြီးထွားစေဖို့ အကြောင်းတရားတွေ ဖြစ်လာနေပါတယ်။

စာမျက်နှာ ၉ သို့ ■

မြို့တွေမှာ ဗုံးတွေပေါက်ကွဲ၊ မီးတွေရှို့၊ အမြင်မတူသူတွေကို ခြိမ်းခြောက်ကြ၊ သတ်ဖြတ်ကြနဲ့ နေ့စဉ်လူမှုဘဝတွေဟာ အထိတ်တလန့်လန့်နဲ့ ကျီးလန့်စာစားဖြစ်နေတာကို တွေ့ရပါတယ်။ ဒါ့အပြင် နိုင်ငံခြားငွေလျော်၊ ရွှေလျော်၊ ကုန်လျော်နှုန်း၊ စက်သုံးဆီလျော်နှုန်းတွေ တက်လာတာကြောင့် စားဝတ်နေရေးဟာ ပိုမိုကျပ်တည်းလာနေပါတယ်။ ကိုဗစ် - ၁၉ ကြောင့် စီးပွားရေးကျဆင်းနေတာ၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးနေတာ၊ ဆင်းရဲမှုနှုန်းစတဲ့ နိုင်ငံရဲ့ကျဆင်းသွားတဲ့ အခြေအနေတွေကို ပြန်လည်ထူထောင်ရေးတွေ မလုပ်ဆောင်နိုင်သေးပါဘူး။ ဒီလိုအခြေအနေမှာ အကြမ်းဖက်လုပ်ရပ်တွေကြောင့် ပြည်သူတွေအတွက်တော့ နူရာဝဲစွဲ၊ လဲရာသူခိုးထောင်းဆိုသလို တစ်ပူပေါ် နှစ်ပူဆင့်နေရပါတယ်။ ဒီလိုဖြစ်နေတာတွေဟာ နိုင်ငံရေးရည်မှန်းချက်တွေလားလို့ မေးချင်ပါတယ်။

၁၉၈၈ ခုနှစ် အရေးအခင်းမှာ တောထဲရောက်သွားတဲ့ လူငယ်တစ်ယောက်က ရေးဖူးပါတယ်။ ကျောင်းသားလူငယ်တွေဟာ နိုင်ငံရေးသမားတွေရဲ့ အသုံးချခြင်းခံခဲ့ရတယ်လို့ ဖွင့်ဟခဲ့ပါတယ်။ ဒီအမှားတွေကို သင်ခန်းစာယူကြရမှာပါ။ အမှားတွေကို သင်ခန်းစာမယူနိုင်ဘဲ ထပ်ကာထပ်ကာ အမှားသံသရာလည်နေကြဦးမယ်ဆိုရင် ရည်မှန်းချက်လည်း မအောင်မြင်နိုင်သလို ကိုယ်တိုင်လည်း ဒုက္ခရောက်၊ အပြစ်မဲ့ပြည်သူတွေလည်း ဒုက္ခရောက်ကြရမှာကို အထူးသတိချပ်သင့်။

ဒုတိယဝန်ကြီး ဦးကိုကိုလွင် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၆

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုလွင်သည် မေ ၂၁ ရက် ညနေပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့ရှိ အမှတ်(၁)အထည်စက်ရုံ(ရွှေတောင်)ကိုလည်းကောင်း၊ မေ ၂၂ ရက်တွင် ပြည်မြို့ရှိ ဝါကြိတ်စက်ရုံ(ပြည်)နှင့် ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့ရှိ အမှတ် (၃၂) အကြီးစားစက်ရုံ(ကြံခင်း)တို့ကိုလည်းကောင်း၊ မေ ၂၃ ရက်တွင် သာပေါင်းမြို့ရှိ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း) နှင့် သတင်းစာစက္ကူစက်ရုံ (သာပေါင်း)၊ ပုသိမ်မြို့ရှိ မှန်စက်ရုံ(ပုသိမ်)တို့ကိုလည်းကောင်း၊ မေ ၂၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးဝါးစက်ရုံ(အင်းစိန်)ကိုလည်းကောင်း၊ ယမန်နေ့တွင် မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုဌာနခွဲ (မော်ဘီ) ကိုလည်းကောင်း လုပ်ငန်းလည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးသည် စက်ရုံအသီးသီးရှိ သက်ဆိုင်ရာ စက်ရုံမှူးများ၊ အရာထမ်းများနှင့် တွေ့ဆုံ၍ အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ထားရသည့် နိုင်ငံပိုင်စက်ရုံအလုပ်ရုံများကို ပြန်လည်လည်ပတ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ Public Private Partnership-PPP ပုံစံဖြင့် အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ရာတွင်လည်း အောင်မြင်ပြီး အကျိုးအမြတ်ရှိစေရေးအတွက် စနစ်တကျ စိစစ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ Private sector led Economic Growth ဆိုသည့်အတိုင်း ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့စက်ရုံများမှ ထွက်ရှိသည့် ထုတ်ကုန်များကိုလည်း အရည်အသွေးကောင်းမွန်ပြီး စျေးကွက်လိုအပ်ချက်နှင့်အညီ ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဖြေရှင်းဆောင်ရွက်ပေး

ဆေးဝါးစက်ရုံ(အင်းစိန်) အနေဖြင့် ပြည်သူလူထုအတွက် မဖြစ်မနေလိုအပ်သည့် အခြေခံဆေးဝါးများကို GMP Guide Line များနှင့်အညီ တိုးမြှင့်ထုတ်လုပ်သွားရမည်ဖြစ်ကြောင်းနှင့် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် စက်ပစ္စည်းဝယ်ယူခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အတွင်း အချိန်မီပြီးစီးရေး ကြပ်မတ်ဆောင်ရွက်သွားရန်မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြို့နယ်များ၏ အားကစားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှု

နေပြည်တော် မေ ၂၆

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် ယမန်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြို့နယ်များ၏ အားကစားဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အားကစားကွင်း/အားကစားရုံများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တန့်ယန်းမြို့အခြေချစစ်ဗျူဟာခန်းမ၌ တန့်ယန်းမြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို တွေ့ဆုံ၍ တန့်ယန်းမြို့နယ် အားကစားဖွံ့ဖြိုးရေးအတွက် ဆွေးနွေးပြောကြားပြီး အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းရာ ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံရယူသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တန့်ယန်းမြို့နယ် ဘောလုံးအားကစားကွင်း စိမ်းလန်းစိုပြည်ရေးနှင့် ပွဲကြည့်စင်များကိုလည်းကောင်း၊ အားကစားကွင်းအတွင်း မြို့နယ်ဦးစီးဌာနရုံးနှင့် နေအိမ်တည်ဆောက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တန့်ယန်းမြို့ ကိုင်းကုန်းပရဟိတ္တစာသင်တိုက် ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မိုင်းရယ်မြို့ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်တွေ့ဆုံ၍ အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းပြီး မိုင်းရယ်ပြည်သူ့အားကစားကွင်းအတွင်းရှိ ဘောလုံးကွင်းပွဲကြည့်စင် တည်ဆောက်နေမှု လုပ်ငန်းများ၊ မိုးလုံလေလုံအားကစားရုံ၊ ရုံးနှင့် ဝန်ထမ်းအိမ်ရာများအတွက် တည်ဆောက်ရန် မြေနေရာများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သီပေါမြို့နယ် အားကစားကွင်းအတွင်း တည်ဆောက်လျက်ရှိသော ပေ ၂၀၀x၁၀၀ မိုးလုံလေလုံအားကစားရုံတည်ဆောက်နေမှုကို လည်းကောင်း၊ ကျောက်မဲမြို့ ခရိုင်ဘောလုံးကွင်းကိုလည်းကောင်း၊ ရုံးဝန်ထမ်းအိမ်ရာနှင့် မိုးလုံလေလုံအားကစားရုံကိုလည်းကောင်း၊ နောင်ချိုပြည်သူ့အားကစားကွင်းကိုလည်းကောင်း၊ ဘောလုံးကွင်း စိမ်းလန်းစိုပြည်ရေးနှင့် အဝင်ဆိုင်းဘုတ်မုခ်ဦး ပြန်လည်ပြုပြင်နိုင်ရေးနှင့် တည်ဆောက်ပြီးသော ဘောလုံးပွဲကြည့်စင်များနှင့် တည်ဆောက်လျက်ရှိသော ပေ ၂၀၀x၁၀၀ မိုးလုံလေလုံအားကစားရုံ တည်ဆောက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■ စာမျက်နှာ ၈ မှ

လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာ့နိုင်ငံရေးသမိုင်းမှာ ဖြစ်သင့်တာထက် ဖြစ်ချင်တဲ့စိတ် ခံစားချက်နိုင်ငံရေးကြောင့်ပဲ အမှားသံသရာလည်နေကြတာ ယနေ့ထက်တိုင်ပါပဲ။ Politics is the art of the possible, the attainable — the art of the next best. လို့ ဂျာမန်နိုင်ငံရေးခေါင်းဆောင် အောတိုဗွန်ဘစ်စမတ်က ဆိုခဲ့ပါတယ်။ နိုင်ငံရေးရဲ့ ဖြစ်သင့်တာနဲ့ ဖြစ်ချင်တာ အကြား ချင့်ချိန်လက်မခံနိုင်သရွေ့တော့ အကောင်းဆုံးမျှော်မှန်းချက်ဆိုတာထက် အမှားတွေ ထပ်မံဖြစ်ပေါ်လာခြင်းပဲ ဖြစ်ပါတယ်။ အကျိုးဆက်သတ္တုချ ခံစားရတာတော့ ပြည်သူတွေပဲ ဖြစ်ပါတယ်။

အစွယ်လိုသူ မိဖုရား

မြို့တွေမှာ ဗုံးတွေပေါက်ကွဲ၊ မီးတွေရှို့၊ အမြင်မတူသူတွေကို ခြိမ်းခြောက်ကြ၊ သတ်ဖြတ်ကြနဲ့ နေ့စဉ်လူမှုဘဝတွေဟာ အထိတ်တလန့်လန့်နဲ့ ကျီးလန့်စာစား ဖြစ်နေတာကို တွေ့ရပါတယ်။ ဒါ့အပြင် နိုင်ငံခြားငွေစျေး၊ ရွှေစျေး၊ ကုန်စျေးနှုန်း၊ စက်သုံးဆီစျေးနှုန်းတွေ တက်လာတာကြောင့် စားဝတ်နေရေးဟာ ပိုမိုကျပ်တည်းလာနေပါတယ်။ ကိုဗစ်- ၁၉ ကြောင့် စီးပွားရေးကျဆင်းနေတာ၊ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးနေတာ၊ ဆင်းရဲမှုနှုန်းစတဲ့ နိုင်ငံရဲ့ကျဆင်းသွားတဲ့ အခြေအနေတွေကို ပြန်လည်ထူထောင်ရေးတွေ မလုပ်ဆောင်နိုင်သေးပါဘူး။ ဒီလိုအခြေအနေမှာ အကြမ်းဖက်လုပ်ရပ်တွေကြောင့် ပြည်သူတွေအတွက်တော့ နူရာဝဲစွဲ၊ လဲရာသူခိုးထောင်း ဆိုသလို တစ်ပူပေါ် နှစ်ပူဆင့်နေရပါတယ်။ ဒီလိုဖြစ်နေတာတွေဟာ နိုင်ငံရေးရည်မှန်းချက်တွေလားလို့ မေးချင်ပါတယ်။

ပြည်သူတွေကတော့ ဆဒ္ဒန်ဆင်မင်းဇာတ်တော်ထဲက သောနုတ္တိဂ်မုဆိုးက ဆဒ္ဒန်ဆင်မင်းကို လျှောက်တင်သလို "အစွယ်ကိုလိုသူ မိဖုရား၊ အသွားစေခိုင်းသူ မင်းကေရာဇ်၊ လေးပစ်သူ ဘုရားကျွန်တော်၊ ကြံဖော်ကြံဖက် သုံးယောက်သား အနက်တွင်မှ၊ ကံကွက်ကျား၍၊ ငမိုက်သား မုဆိုးလေ၊ နင့်ချည်းပင် သေပေတော့ဟု၊ ငွေတောင်ကြီး အဟန်၊ ဆဒ္ဒန် မင်းမြတ်၊ ကျွန်တော်အား သတ်လျှင်လည်း၊ မလွတ်နိုင်ရာ၊ သေရပါတော့မည်။ ကရဏာ ရှေးရှု၊ လွတ်တော်မူလျှင်လည်း၊ လူမလိမ္မာ၊ ကျွန်မိစ္ဆာသည်၊ ချမ်းသာရပါတော့မည်ဘုရား" ဆိုသလိုပါပဲ။

အခုလည်း အသုံးချသူ၊ အသုံးချခံရသူအကြား ခံစားနေကြတဲ့ အပြစ်မဲ့ပြည်သူတွေ။ ဆဒ္ဒန်ဆင်မင်း ဇာတ်တော်မှာတော့ ကလဲ့စားချေလိုတဲ့ စူဠသုဘဒ္ဒါမိဖုရားကြောင့် ဆဒ္ဒန်ဆင်မင်း အသက်ဆုံးရှုံးခဲ့ရသလို စူဠသုဘဒ္ဒါလည်း ရင်ကွဲနာကျဉေသုံးခဲ့ရပါတယ်။ အာဃာတနဲ့ လက်စားချေလိုတဲ့ ခံစားချက်ဆန္ဒဇောကြောင့် အလုံးစုံပျက်စီးခြင်းနဲ့ နိဂုံးချုပ်ခဲ့ရတာ သံဝေဂယူစရာပဲ ဖြစ်ပါတယ်။

သင်ခန်းစာယူကြဖို့လို

မြန်မာ့နိုင်ငံရေးမှာ ထိခိုက်ဆုံးရှုံးမှုတွေ၊ အမှားသံသရာတွေက ရုန်းထွက်ဖို့ဆိုရင် အတိတ်သင်ခန်းစာတွေကို အတုယူဖို့ တိုက်တွန်းလိုပါတယ်။ အော်တို ဗွန်ဘစ်စမတ် စကားကိုပဲ ထပ်မံကိုးကားလိုပါတယ်။ Only a fool learns from his own mistakes. The wise man learns from the mistakes of others. အရူးတွေပဲ ကိုယ့်အမှားတွေကနေ ကိုယ်သင်ခန်းစာယူတာ၊ ပညာရှိသူကတော့ သူများအမှားတွေကနေ သင်ခန်းစာယူတာပဲလို့ ဆိုပါတယ်။ မြန်မာ့သမိုင်းမှာ သင်ခန်းစာယူစရာတွေ၊ ဆောင်ရန် ရှောင်ရန်တွေ အများအပြား ရှိနေပါတယ်။ ယူတတ်ဖို့နဲ့ ယူချင်စိတ်ရှိဖို့သာ လိုပါတယ်။ ဒါဆိုရင်တော့ ဆုံးရှုံးမှုအနည်းဆုံး၊ ထိခိုက်မှုအနည်းဆုံးနဲ့ မြန်မာ့နိုင်ငံရေးအနာဂတ်ခရီး ရှေ့ဆက်နိုင်ပါလိမ့်မယ်။ ။

မေ ၂၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၂ ဦး တွေ့ရှိ

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၆-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၅-၅-၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆-၅-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၁၂၉)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂၂) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း(၂,၆၁၄,၆၇၈)ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၃,၃၁၈) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၂၆၄) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၆-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ဓာတ်ခွဲဌာနအမည်	စစ်ဆေးနဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း	ပိုးတွေ့ လူနာသစ်
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ	(၂၈၀) ခု	(၆) ဦး
ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)	(၅၄၃) ခု	(၃) ဦး
နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)	(၅) ခု	-
မြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀)	(၅၅) ခု	-
ပဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ	(၁၃၆) ခု	(၁) ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ	(၂၃၊) ခု	(၄) ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ	(၈၇) ခု	(၈) ဦး
စုစုပေါင်း	(၁,၁၂၉) ခု	(၂၂) ဦး

အခြေခံပညာကျောင်းများ ပြန်ဖွင့်ချိန်တွင် ကျောင်းသား/ကျောင်းသူများ၊ မိဘများနှင့် ဆရာများ အထူးသတိပြုလိုက်နာရမည့် အချက် (၆) ချက်

(၁) ကျောင်းသား/ ကျောင်းသူကိုယ်တိုင်ဖြစ်စေ၊ အတူနေမိသားစုဝင်တစ်ဦးဦးဖြစ်စေ နေမကောင်းဖြစ်ခြင်း (ချောင်းဆိုးခြင်း၊ ဖျားနာခြင်း၊ အသက်ရှူရခက်ခဲခြင်းစသည့် COVID-19 ရောဂါသံသယလက္ခဏာများ) ရှိလျှင်သော်လည်းကောင်း၊ လွန်ခဲ့သည့် (၁၄)ရက်အတွင်း COVID-19 ရောဂါအတည်ပြုလူနာတစ်ဦးဦး နှင့် နီးကပ်စွာထိတွေ့ခဲ့မှု (Primary Contact) ရှိခဲ့လျှင်သော်လည်းကောင်း ကျောင်းသို့စေလွှတ်ခြင်း လုံးဝမပြုပါနှင့်။ သက်ဆိုင်ရာကျောင်းသို့ ချက်ချင်းဖွင့်တိုင်ပါ။ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးဆက်သွယ်အကြောင်းကြားပါ။

(၂) ကျောင်းသို့လာစဉ်၊ ကျောင်းတွင်ရှိနေစဉ်နှင့် ကျောင်းမှအိမ်သို့ ပြန်ချိန်များတွင် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) နှင့် မျက်နှာကာ (Face shield) များ စနစ်တကျ တပ်ဆင်စေရန်နှင့် တပ်ဆင်ထားခြင်း မရှိပါက ကျောင်းအတွင်း လုံးဝ ပေးမဝင်ပါနှင့်။

(၃) တစ်ကိုယ်ရေသုံး အသုံးအဆောင်ပစ္စည်းများ (ဥပမာ- စာအုပ်၊ ခဲတံ၊ ခဲဖျက်၊ ပေတံ စသည်) ကို တစ်ဦးနှင့် တစ်ဦး မျှဝေသုံးစွဲခြင်း လုံးဝမပြုလုပ်ရပါ။

(၄) လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ဖျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့် ရေအသုံးပြု၍ အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် ဆေးကြောစေပါ။

(၅) တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆) ပေ ကွာခြား၍ ခပ်ခွာခွာနေထိုင်ပါ။ နီးနီးကပ်ကပ်နေခြင်း လုံးဝမပြုလုပ်ပါနှင့်။ အချင်းချင်း သတိပေးပါ။

(၆) နှာချေ၊ ချောင်းဆိုးတိုင်း တစ်ရှူး (သို့မဟုတ်) တံတောင်ကွေးဖြင့် ပါးစပ်နှင့် နှာခေါင်းကို စနစ်တကျ ဖုံးအုပ်ပါ။ တစ်ရှူး အသုံးပြုပါက အဖုံးပါသော အမှိုက်ပုံးအတွင်းသို့ စနစ်တကျ စွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျ ပြန်ဆေးပါ။

ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အမေရိကန်	၃၃၉၄၇၃၅	၂၇၆၀၆၄၄၂	၆၀၅၂၀၉
၂။	အိန္ဒိယ	၂၇၁၅၇၇၉၅	၂၄၃၅၀၈၁၆	၃၁၁၄၂
၃။	ဘရာဇီး	၁၆၁၉၅၉၈၁	၁၄၆၄၈၃၃၂	၄၅၂၂၄
၄။	ပြင်သစ်	၅၆၀၉၀၅၀	၅၂၄၆၂၂၈	၁၀၈၈၇၉
၅။	တူရကီ	၅၂၀၃၃၈၅	၅၀၄၅၅၀၈	၄၆၆၂
၆။	ရုရှား	၅၀၂၆၁၆	၄၆၄၂၀၉၀	၁၁၉၆၀၀
၇။	ဗြိတိန်	၄၄၆၇၃၁၀	၃၄၀၅၉၇၇	၁၂၇၃၃၉
၈။	အီတလီ	၄၁၉၇၈၉၂	၃၈၀၄၂၄၆	၁၂၅၅၀၁
၉။	ဂျာမနီ	၃၆၆၂၅၆၈	၃၄၃၈၈၀၀	၈၈၁၆၁
၁၀။	စပိန်	၃၆၅၂၈၇၉	၃၄၀၂၂၅၈	၇၉၈၀၁

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အင်ဒိုနီးရှား	၁၇၉၁၂၂	၁၆၄၅၂၆၃	၄၉၇၇
၂။	ဖိလစ်ပိုင်	၁၁၉၃၉၇၆	၁၁၂၇၇၇	၂၀၁၆၉
၃။	မလေးရှား	၅၃၃၃၆၇	၄၆၄၇၂၇	၂၄၃၂
၄။	မြန်မာ	၁၄၃၃၁၈	၁၃၂၂၆၄	၃၂၁၆
၅။	ထိုင်း	၁၃၇၈၉၄	၉၁၇၆၅	၈၇၃
၆။	စင်ကာပူ	၆၁၉၁၆	၆၁၃၂၉	၃၂
၇။	ကမ္ဘောဒီးယား	၂၆၉၈၉	၁၉၇၇၂	၁၉၀
၈။	ဗီယက်နမ်	၆၀၈၆	၂၈၅၃	၄၅
၉။	လာအို	၁၈၈၃	၁၁၈၀	၂
၁၀။	ဘရူနိုင်း	၂၄၀	၂၂၈	၃

စံပုဂ္ဂိုလ်များ ရုပ်ရှင်ကားများ

ဆရာကြီး ကာတွန်းမောင်စိန်၏ နံရံပေါ်မှ ရုပ်ပြောင်များ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။ စာတည်း

ငါး၊ ပုစွန် ရေထွက်ပစ္စည်းများ ပြုပြင်ထုတ်လုပ်ခြင်းနှင့် အရည်အသွေးထိန်းသိမ်းခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၆

ပဲခူးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနရှိ ငါးလုပ်ငန်းပညာပေးသင်တန်းခန်းမ၌ မေ ၂၆ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်ပို့ချသည့် ငါး၊ ပုစွန် ရေထွက်ပစ္စည်းများ ပြုပြင်ထုတ်လုပ်ခြင်းနှင့် အရည်အသွေးထိန်းသိမ်းခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျင်းပခဲ့ရာ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးထွန်းဝင်းမြင့်က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနအောက်ရှိ မြို့နယ်/ခရိုင်ရုံးများမှ ဝန်ထမ်းများ၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေထွက်ကုန်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းရှင်များ အပါအဝင် သင်တန်းသားစုစုပေါင်း ၃၀ တက်ရောက်ကြပြီး ငါးလုပ်ငန်းဦးစီးဌာန သင်တန်းကျောင်းမှ ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်မွမ်းမံခြင်းနှင့် အရည်အသွေး ထိန်းသိမ်းခြင်းဆိုင်ရာနှင့်ပတ်သက်၍ လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူများနှင့်ပတ်သက်သည့် သိသင့်သိထိုက်သည့် အချက်အလက်များကို ပါဝါပွိုင့်ဖြင့် သင်ကြားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မင်္ဂလာဒုံမြို့နယ် ဘားလားချောင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်

ရန်ကုန် မေ ၂၆

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ဘားလားချောင်းအတွင်းသို့ ငါးမြစ်ချင်းငါးသားပေါက်၊ ရွှေဝါငါးကြင်းငါးသားပေါက်၊ ငါးခုံးမကြီးငါးသားပေါက်များ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို မေ ၂၅ ရက် နံနက် ၈ နာရီက အဆိုပါချောင်းအတွင်း၌ ကျင်းပသည်။

ငါးမျိုးများစိုက်ထည့်

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးတင်ထွဋ်၊ ရန်ကုန်မြောက်ပိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇင်၊ မင်္ဂလာဒုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်ကြိုင်၊ မြောက်ပိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအသင်းချုပ်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ ငါးသားပေါက်များ စိုက်ထည့်ရာတွင် လှေ်ကား ငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ ငါးသိန်း၊ ရွှေဝါငါးကြင်း ငါးသားပေါက်ကောင်ရေ နှစ်သိန်းနှင့် ငါးခုံးမကြီးငါးသားပေါက်ကောင်ရေငါးသောင်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၇၅၀၀၀၀ ကို မင်္ဂလာဒုံမြို့နယ် ဘားလားချောင်းမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းရှိ သဘာဝရေပြင်မြစ်ချောင်းများသို့ ငါးသယံဇာတပေါများကြွယ်ဝစေရန် ငါးမျိုးများ စိုက်ထည့်ခြင်းဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ဥဏှိဟိန်း

ဂျပန်နိုင်ငံမှ စားသောက်ကုန်တင်သွင်းမှုကို စင်ကာပူအစိုးရ ပြန်လည်ခွင့်ပြုမည်

စင်ကာပူ မေ ၂၆

ဂျပန်နိုင်ငံမှ စားသောက်ကုန်ပစ္စည်းများ တင်သွင်းမှုကို စင်ကာပူအစိုးရက ပြန်လည် ခွင့်ပြုပေးမည်ဖြစ်ကြောင်း စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက ယနေ့ပြောကြားသည်။

စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းနှင့် ဂျပန်ဝန်ကြီးချုပ် ဆူဂါတို့ တယ်လီဖုန်းဖြင့် ယနေ့ ဆက်သွယ်ဆွေးနွေးစဉ် အထက်ပါ ကိစ္စရပ်နှင့်ပတ်သက်ပြီး ဝန်ကြီးချုပ် လီရှန်လွန်းက ပြောခြင်းဖြစ်သည်။

၂၀၁၁ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ဖူကူရီးမား ဒိုင်အိချိ နျူကလီးယား ဓာတ်အားပေးစက်ရုံ မတော်တဆမှု ကြောင့် ဂျပန်နိုင်ငံမှ စားသောက်ကုန်များအား နိုင်ငံအတွင်း တင်သွင်းမှုကို

စင်ကာပူအစိုးရက ပိတ်ပင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါဆုံးဖြတ်ချက်ကို ကြိုဆိုပါကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး မျှတစွာ ဖြန့်ဖြူးရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဝန်ကြီးချုပ်ဆူဂါက ဆိုသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်များ စတင်ဆောင်ရွက်ရန် တိုက်တွန်းလျက်ရှိသည့် နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုနှင့် ဂျပန်နိုင်ငံတို့အကြားတွင် ဇွန် ၆ ရက်တွင် အွန်လိုင်း အစည်းအဝေးတစ်ခုကို ကျင်းပမည် ဖြစ်သည်။

အဆိုပါ အစည်းအဝေး၌ ဆွေးနွေးမည့် အရေးပါသောကိစ္စရပ်များကိုလည်း ပူးပေါင်းဆောင်ရွက်သွားရန် ဝန်ကြီးချုပ် ဆူဂါနှင့် ဝန်ကြီးချုပ် လီရှန်လွန်းတို့က သဘောတူညီကြသည်။

ထို့ပြင် ခေါင်းဆောင်နှစ်ဦးက အင်ဒို-ပစိဖိတ်ဒေသတွင်း လုံခြုံရေး ဆိုင်ရာကိစ္စရပ်များကိုလည်း ဆွေးနွေးကြသည်။

လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသ ပေါ်ထွက်လာစေရန် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ)မှ တင်သွင်းသော အင်ဒို-ပစိဖိတ်ဒေသ ဆိုင်ရာ ပဏာမခြေလှမ်းအပေါ် အာဆီယံ၏ အမြင်ကိုလည်း အသိအမှတ်ပြုကြောင်း ခေါင်းဆောင်နှစ်ဦးက သဘောတူညီကြသည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်

ဂျပန်နိုင်ငံမြောက်ပိုင်းရှိ ဟော့ကိုင်းဒိုးကမ်းရိုးတန်း၌ ဂျပန်ငါးဖမ်းသင်္ဘောနှင့် ရုရှားသင်္ဘောတို့ တိုက်မိ၊ ငါးဖမ်းသမား သုံးဦးသေဆုံး

ကျိုတို မေ ၂၆

ဂျပန်နိုင်ငံမြောက်ပိုင်းရှိ ဟော့ကိုင်းဒိုးကမ်းရိုးတန်း၌ ဂျပန်ငါးဖမ်းသင်္ဘောနှင့် ရုရှားသင်္ဘောတစ်စင်း ယနေ့ တိုက်မိခဲ့ရာ ဂျပန်ငါးဖမ်းသမား သုံးဦးသေဆုံးခဲ့ကြောင်း သိရသည်။

ယနေ့ဒေသစံတော်ချိန် နံနက် ၆ နာရီတွင် မွမ်ဘတ်ဆု ဆိပ်ကမ်း၏ အရှေ့မြောက်ဘက် ၂၃ ကီလိုမီတာ၌ အလေးချိန် ၉ ဒသမ ၇ တန်ချိန်ရှိသော ဂျပန်ငါးဖမ်းသင်္ဘော ဒိုင်ဟာချီ ဟော့ကော့မာရုနှင့် အလေးချိန် ၆၆၂ တန်ချိန်ရှိသည့် ရုရှားသင်္ဘော AMUR တို့ တိုက်မိခဲ့ကြသည်။ အဆိုပါ အခင်းဖြစ်ပွားမှုကြောင့် ဂျပန်ငါးဖမ်းသင်္ဘော တိမ်းမှောက်သွားကြောင်း သိရသည်။

ဂျပန်ငါးဖမ်းသင်္ဘော ငါးဖမ်းသမားငါးဦးအား အဆိုပါ ရုရှားသင်္ဘော သင်္ဘောသားများက ကယ်ဆယ်ခဲ့ပြီး မွမ်ဘတ်ဆုဆိပ်ကမ်းသို့ ပြန်လည် ပို့ဆောင်ပေးခဲ့သည်။ အဆိုပါ ဂျပန် ငါးဖမ်းသမားငါးဦးအနက် သုံးဦးမှာ ဆိပ်ကမ်းသို့ ရောက်ရှိပြီး မကြာမီအချိန်တွင် သေဆုံးသွားခဲ့ကြောင်း ဂျပန်ကမ်း ခြေစောင့်တပ်ဖွဲ့ဝင်များက ပြောကြားသည်။

ယင်းသေဆုံးသူသုံးဦးမှာ အသက် ၆၄ နှစ်အရွယ် အင်ဂျင်နီယာတစ်ဦးနှင့် အသက် ၃၇ နှစ်နှင့် ၃၉ နှစ်အရွယ်ရှိ ငါးဖမ်းသမားနှစ်ဦးတို့ ဖြစ်သည်။

ဒိုင်ဟာချီ ဟော့ကော့မာရု ငါးဖမ်းသင်္ဘော နောက်ထပ် သင်္ဘော သားတစ်ဦးမှာ အနည်းငယ်ထိခိုက် ဒဏ်ရာရရှိသော်လည်း သင်္ဘော ကပ္ပတိန်မှာ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း သိရသည်။

အဆိုပါ မတော်တဆဖြစ်မှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ ရုရှားသင်္ဘော AMUR သည် ရုရှားနိုင်ငံ အရှေ့ပိုင်းရှိ ဆာခါလင်ခရိုင်မှ ထွက်ခွာလာပြီး ဂျပန်နိုင်ငံ မွမ်ဘတ်ဆုမြို့သို့ ကဏန်းများလာရောက် ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါရုရှားသင်္ဘောသည် ၎င်း၏

ဂျပန်ငါးဖမ်းသင်္ဘောဒိုင်ဟာချီ ဟော့ကော့မာရု တိမ်းမှောက်လျက်ရှိသည်ကို တွေ့ရစဉ်။

ရေလမ်းကြောင်းအတိုင်း ပုံမှန်မောင်းနှင်လာခြင်းဖြစ်သော်လည်း မြူနှင်းများဖုံးလွှမ်းနေခြင်းကြောင့် ဂျပန်ငါးဖမ်းသင်္ဘောနှင့် တိုက်မိခြင်းဖြစ်ကြောင်း ရုရှား နယ်ခြားစောင့်တပ်ဖွဲ့ဝင်တစ်ဦးက ဆိုသည်။ ရုရှားသင်္ဘောပေါ်တွင် သင်္ဘော သား ၂၃ ဦး လိုက်ပါစီးနင်းလာပြီး တစ်ဦးမျှ ထိခိုက်ဒဏ်ရာရရှိခြင်း မရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်

အိန္ဒိယနိုင်ငံသို့ ဆိုင်ကလုန်းမုန်တိုင်း ယာစ် ဝင်ရောက်တိုက်ခတ်

နယူးဒေလီ မေ ၂၆

အိန္ဒိယနိုင်ငံ၏ အရှေ့ဘက် ကမ်းရိုးတန်း၌ ဆိုင်ကလုန်း မုန်တိုင်း ယာစ်ဝင်ရောက် တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိရာ ပြည်သူ တစ်သန်းကျော် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေရပြီး လူနေအိမ် ပေါင်းများစွာ ပျက်စီးခဲ့ရကြောင်း သိရသည်။

ဆိုင်ကလုန်းမုန်တိုင်း ယာစ်သည် ယနေ့ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် မြောက်ဘက် ကမ်းရိုးတန်းဒေသ ဩဒိဿ ပြည်နယ်နှင့် အနောက်ဘင်္ဂလား ပြည်နယ်သို့ တစ်နာရီ ၁၈၅ ကီလိုမီတာ (၁၁၄ မိုင်) နှုန်းဖြင့် ဗဟိုပြုတိုက်ခတ်ခဲ့ပြီး မြောက်ဘက်ပိုင်းနှင့် အနောက် မြောက်ဘက်ပိုင်းသို့ ရွှေ့လျားသွားခဲ့ကြောင်း အိန္ဒိယ မိုးလေဝသနှင့် ဓာတုဗေဒဌာနက ပြောကြားသည်။

ဆိုင်ကလုန်းမုန်တိုင်း ယာစ်သည် ဆိုင်ကလုန်း တောက်တဲ့ပြီးနောက် အိန္ဒိယနိုင်ငံ၌ ယခုရက်သတ္တပတ်အတွင်း ဝင်ရောက်တိုက်ခတ်ခဲ့သော ဒုတိယမြောက် မုန်တိုင်းဖြစ်သည်။ ဆိုင်ကလုန်းမုန်တိုင်းတောက်တဲ့သည် နိုင်ငံ၏ အနောက်ဘက်ကမ်းရိုးတန်းသို့ ဦးတည်တိုက်ခတ်ခဲ့ပြီး ၉၀ ကျော် သေဆုံးခဲ့သည်။

လက်ရှိအချိန်တွင် နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု မြင့်တက်ခြင်းကြောင့် ဆေးရုံများနှင့် ကျန်းမာရေးဝန်ထမ်းများ အကျပ်ရိုက်လျက်ရှိစဉ် မုန်တိုင်းတိုက်ခတ်မှုဒဏ်ကို ပြည်သူများ ခံစားနေရသည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်

မလေးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၄၇၈ ဦး ထပ်မံတွေ့ရှိ

ကွာလာလမ်ပူ မေ ၂၆

မလေးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၄၇၈ ဦးကို ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၅၃၃၃၆၇ ဦးရှိလာကြောင်း မလေးရှား ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် နောဟီရှန် အဗ္ဗဒူလာက သတင်းစာရှင်းလင်းပွဲတွင် ယနေ့ပြောကြားသည်။

အဆိုပါ ရောဂါကူးစက်ခံရသူများအနက် ပြည်ပမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်လာသူ ငါးဦးရှိပြီး ပြည်တွင်းတွင် ရောဂါကူးစက်ခံရသူ ၇၄၇၃ ဦးရှိကြောင်း သိရသည်။

အလားတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၆၃ ဦးကို ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၄၃၂ ဦးရှိလာကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာသူ ၄၆၄၇၂၇ ဦးရှိသည်။ လူအများအပြား စုဝေးခြင်းမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများ မြင့်တက်လာနိုင်သဖြင့် လူစုလူဝေးများ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ကြရန် တာဝန်ရှိသူများက ညွှန်ကြားထားသည်။

မိမိတို့နိုင်ငံအတွင်းရှိ နိုင်ငံသားများအပါအဝင် လူမှုအသိုက်အဝန်းများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ခြင်းမှ ကာကွယ်ရန်မှာ မိမိတို့အားလုံး၏ တာဝန်သာဖြစ်သည်ဟု နောဟီရှန် အဗ္ဗဒူလာက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၅၀၀၀၀ ကျော်ရှိလာ

ရီယိုဒီဂျနေးရိုး မေ ၂၆

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၁၇၃ ဦး ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၄၅၂၀၃၁ ဦး ရှိလာကြောင်း ဘရာဇီး ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၃၄၅၃ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၆၁၉၄၂၀၉ ဦး ရှိလာကြောင်းနှင့် ဘရာဇီးနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ တစ်သိန်းလျှင် ၂၁၅ ဦးနှုန်းခန့် သေဆုံးနေရကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုတွင် ကမ္ဘာ့နိုင်ငံများအနက် အမေရိကန်နိုင်ငံပြီးလျှင် ဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုတွင် အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့၏နောက်တွင် တတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။

ဘရာဇီးနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးသူစုစုပေါင်း ၆၃ ဒသမ ၄ သန်း ရှိပြီး ၎င်းကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပြီးသူများအနက် ၂၀ ဒသမ ၉ သန်းမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံပြီးသူများဖြစ်ကြောင်း သိရသည်။ **ကိုးကား- ဆင်ဟွာ**

ဘာသာပြန်- အလင်းသစ်

ချီလီနိုင်ငံ၌ အသက် ၃၀ အောက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမှု စတင်

ဆန်တီယာဂို မေ ၂၆

ချီလီနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအစုလိုက် အပြုံလိုက် ထိုးနှံမှုအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် အသက် ၃၀ အောက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို မေ ၂၅ ရက်တွင် စတင်ခဲ့ကြောင်း သိရသည်။

ချီလီနိုင်ငံသည် အသက် ၁၈ နှစ်နှင့် ၂၉ နှစ်ကြားအရွယ်ရှိသူ ၂၃ ရာခိုင်နှုန်းခန့် အပါအဝင် နိုင်ငံလူဦးရေ၏ ၈၀ ရာခိုင်နှုန်း သို့မဟုတ် လူဦးရေ စုစုပေါင်း ၁၅၀၈၄၀ အား ဇွန် ၃၀ ရက်မတိုင်မီ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ကြောင်း ချီလီနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ချီလီနိုင်ငံ၌ ပြည်သူ ကိုးသန်းကျော်မှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပေးပြီးဖြစ်ကြောင်းနှင့် ၇ ဒသမ ၅ သန်းကျော်မှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ချီလီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၁၈၈ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၃၃၉၄၂ ဦးရှိလာပြီး လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၇ ဦးရှိခြင်းကြောင့် သေဆုံးသူစုစုပေါင်း ၂၈၅၈၅ ဦးရှိလာကြောင်း သိရသည်။ **ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အလင်းသစ်**

ပြီးခဲ့သည့် သီတင်းပတ်အတွင်း ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ၁၄ ရာခိုင်နှုန်း ကျဆင်း

ဂျီနီဗာ မေ ၂၆

ပြီးခဲ့သည့်သီတင်းပတ်အတွင်း ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄ ဒသမ ၁ သန်းကျော် တွေ့ရှိပြီး ထိုရောဂါဖြင့် ၈၄၀၀၀ ကျော် သေဆုံးခဲ့သည်။ ယင်းမတိုင်မီ ခုနစ်ရက်အတွင်း ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် သေဆုံးမှုနှုန်းတို့ကို နှိုင်းယှဉ်ကြည့်ပါက ရောဂါကူးစက်ခံရမှု ၁၄ ရာခိုင်နှုန်းခန့် ကျဆင်းလာပြီး ထိုရောဂါဖြင့် သေဆုံးမှုမှာ နှစ်ရာခိုင်နှုန်းခန့် ကျဆင်းလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယနေ့ကြေညာသည်။

ကမ္ဘာတစ်ဝန်း၌ ယခုနှစ် မေ ၁၆ ရက်မှ ၂၃ ရက်အကြား ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၁၄၄၆၅၈ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်း သိရသည်။ သို့သော် ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ ယခုနှစ် မေ ၂၃ ရက်အထိ ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၆၆၃၅၂၁၀၇ ဦး တွေ့ရှိ ခဲ့ပြီး ယင်းတို့အနက် လူနာ ၃၄၄၉၁၈၉ ဦးသည် ထိုရောဂါဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည်သီတင်းပတ်က ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းမှာ အာဖရိကတိုက်တွင် လေးရာခိုင်နှုန်း၊ အမေရိကတိုက်တွင် နှစ်ရာခိုင်နှုန်း၊ ဥရောပတိုက်တွင် ၂၅ ရာခိုင်နှုန်း၊ အရှေ့တောင်အာရှတွင် ၂၁ ရာခိုင်နှုန်းနှင့် အရှေ့မြေထဲပင်လယ်ဒေသတွင် နှစ်ရာခိုင်နှုန်းစသည်ဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုနှုန်း အသီးသီးကျဆင်းလာခဲ့သည်။ ထို့အတူ ပြီးခဲ့သည့်သီတင်းပတ်က ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးမှုနှုန်းမှာ အနောက်ပစိဖိတ်ဒေသတွင် ၂၂ ရာခိုင်နှုန်း၊ အရှေ့တောင်အာရှတွင် လေးရာခိုင်နှုန်း၊ အာဖရိကတိုက်တွင် နှစ်ရာခိုင်နှုန်း၊ တောင်နှင့် မြောက်အမေရိကတိုက်တွင် တစ်ရာခိုင်နှုန်း၊ ဥရောပတိုက်တွင် ၂၁ ရာခိုင်နှုန်းနှင့် အရှေ့မြေထဲပင်လယ်ဒေသတွင် ၁၁ ရာခိုင်နှုန်းစသည်ဖြင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးမှုနှုန်းအသီးသီးလျော့ကျလာခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အချက်အလက်များအရ သိရသည်။

ထို့ပြင် ဥရောပတိုက်တွင် လွန်ခဲ့သည့်ခုနစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၅၂၄၀၀၀ ကျော်တွေ့ရှိပြီး အဆိုပါရောဂါဖြင့် ၁၂၀၀၀ ကျော် သေဆုံးခဲ့ကြောင်း သိရသည်။ ထို့အတူ ပြီးခဲ့သည့်ခုနစ်ရက်အတွင်း တောင်နှင့်မြောက် အမေရိကတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁ ဒသမ ၂ သန်းကျော်နှင့် ယင်းရောဂါဖြင့်သေဆုံးသူ ၃၁၀၀၀ ကျော်၊ အရှေ့တောင်အာရှတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ နှစ်သန်းကျော်နှင့် ယင်းရောဂါဖြင့်သေဆုံးသူ ၃၂၀၀၀ ကျော် စသည်ဖြင့် အသီးသီးရှိသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် သီတင်းပတ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁ ဒသမ ၈ သန်း၊ ဘရာဇီးနိုင်ငံ၌ ၄၅၀၀၀၀ ကျော်၊ အီရန်တွင် ၈၄၀၀၀ ကျော်၊ တူရကီတွင် ၇၁၀၀၀ ကျော်၊ ရုရှားတွင် ၆၁၀၀၀ ကျော်၊ ဂျာမနီတွင် ၅၅၀၀၀ ကျော်၊ ပြင်သစ်တွင် ၅၁၀၀၀ ကျော်နှင့် နီပေါနိုင်ငံတွင် ၆၁၀၀၀ ကျော် စသည်ဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။ **ကိုးကား- တာ့စ်(TASS)**

ဘာသာပြန်- ဂျေတီ

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ	၁၆၈၆၀၉၃၆၅ ဦး
သေဆုံးသူ	၃၅၀၁၈၁ ဦး
ပြန်လည်ကျန်းမာလာသူ	၁၅၀၁၆၆၃၃၀ ဦး

ရိုမေးနီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၀၀၄၀ ရှိလာ

ဘူခါရက် မေ ၂၆

ရိုမေးနီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၆၃ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၃၀၀၄၀ ရှိလာကြောင်း ယမန်နေ့က ထုတ်ပြန်သော စာရင်းများအရ သိရသည်။

ပြီးခဲ့သည့် တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၈၁ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၀၇၆၁၅၄ ဦးရှိလာပြီး ပိုးတွေ့ဆဲ လူနာအရေအတွက်မှာ ၁၀၉၉၉ ဦးရှိကြောင်း ရိုမေးနီးယားနိုင်ငံ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လုပ်ငန်းအဖွဲ့က ပြောကြားသည်။

သို့ရာတွင် နိုင်ငံအတွင်း ကာကွယ်ဆေးထိုးနှံရေးစင်တာများ တိုးချဲ့ဖွင့်လှစ်ပြီး ကာကွယ်ဆေးထိုး လုပ်ငန်းများကိုလည်း အရှိန်မြှင့်ဆောင်ရွက်နေကြောင်း သိရသည်။

လက်ရှိအချိန်အထိ နိုင်ငံသား ၄၁၈၃၃၂၀ ကို ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ၎င်းတို့အနက် နိုင်ငံသား ၃၂၇၁၀၆၇၁ ဦးမှာ ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံပြီးဖြစ်သည်။

နိုင်ငံသားဦးရေ ငါးသန်းအား ဇွန် ၁ ရက်တွင် ကာကွယ်ဆေး ထိုးနှံပေးနိုင်ရန် တာဝန်ရှိသူများက ဆောင်ရွက်နေသည်။ Pfizer၊ Moderna၊ AstraZeneca နှင့် Johnson & Johnson ကာကွယ်ဆေးများကို နိုင်ငံအတွင်း လက်ရှိအသုံးပြုလျက်ရှိသည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန်- စိုးသူရ

လုပ်အားခများ ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် မေ ၂၆

လုပ်အားခများ ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ဝဲချောင်းကျေးရွာ ဖောင်တော်ကျောင်းလမ်းနေ မပန်းအိခိုင်၊ ဖျာပုံမြို့နယ် (၁၅)ရက်ကွက် (၆)လမ်းနေ ကျော်ကြီး(ခ) ကျော်ကျော်နှင့် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် မင်းရဲကျော်စွာလမ်းနေ မစုစုကျော်တို့က လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် (၁၀)ရပ်ကွက် ဆင်ဖြူရှင်လမ်းနေ မောင်xxx ၊ ၂၂ နှစ်ကို ဖျာပုံမြို့နယ်တွင် ငါးရွေးအလုပ်လုပ်ကိုင်ပါက တစ်လလျှင် ငွေကျပ် ၈၀၀၀၀ မှ ငွေကျပ် ၁၀၀၀၀၀ ခန့်ရမည်ဟု ပြောဆိုစည်းရုံးပြီး အလုပ်ရုံသို့ပို့ဆောင်ကာ လုပ်အားခများ ခေါင်းပုံဖြတ်ရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သောင်ကြီးနယ်မြေရဲစခန်းက (ပ)၁၀၅၆/၂၀၁၈၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၅ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မေ ၂၁ ရက်တွင် တရားခံ မပန်းအိခိုင်၊ ကျော်ကြီး(ခ)ကျော်ကျော်နှင့် မစုစုကျော်တို့ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၈(ခ)အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အင်းတော်မြို့နယ်၌ စာသင်ကျောင်းမီးလောင်ရာသို့သွားသော မီးသတ်ယာဉ်တိမ်းမှောက်သဖြင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

အင်းတော် မေ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် စက်တောကုန်းကျေးရွာ၌ မေ ၂၅ ရက် ည ၁၁ နာရီခန့်က စာသင်ကျောင်းမီးလောင်ရာသို့ မီးငြှိမ်းသတ်ရန် သွားရောက်သည့် မီးသတ်ယာဉ် တိမ်းမှောက်သဖြင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၅ ရက် ည ၁၁ နာရီခန့်က အင်းတော်မြို့နယ် မဲဇာဒေသ စက်တောကုန်းစာသင်ကျောင်း မီးလောင်မှုသတင်းအရ မီးငြှိမ်းသတ်ရန် ထွက်ခွာလာသော အင်းတော်မြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင် ငါးဦးနှင့် မီးငြှိမ်းသတ်ယာဉ် တစ်စီးတို့သည် သံပိုကျေးရွာအနီး မိုင်တိုင်အမှတ် 226Km နှင့် 227 Km ကြား ခုံးတံတားအနီးတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သဖြင့် သန္ဓေတပ်ဖွဲ့ဝင်တစ်ဦး နေရာတွင် သေဆုံး ခဲ့သည်။ ထို့ပြင် မီးသတ်တပ်ဖွဲ့ဝင် လေးဦး ဒဏ်ရာရရှိခဲ့သောကြောင့် ကသာပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်စဉ် လမ်း၌ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် တစ်ဦး ထပ်မံသေဆုံးခဲ့သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် မီးသတ်ဒုတပ်ကြပ် ညဏ်ထက်ဦးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် အာကာဖြိုးတို့ သေဆုံးပြီး ဒဏ်ရာရရှိခဲ့သည့် ဒုဦးစီးမှူး ဦးကျော်လွင်ဦး၊ တပ်ကြပ်ကြီး အောင်ကျော်မိုးနှင့် ဒုတပ်ကြပ် ခင်မောင်သန်းတို့မှာ ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

အဆိုပါ စာသင်ကျောင်းမီးလောင်မှုအား မြို့နယ်မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ် နှစ်စီး၊ မြို့နယ်အရန်မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ် တစ်စီးနှင့် မဲဇာအရန်မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ် တစ်စီးဖြင့် ငြှိမ်းသတ်ခဲ့သည်။

နီတိုး

■

ကျောင်းကုန်းမြို့၌ ယာဉ်တိုက်မှုဖြစ်ပွား၊ နှစ်ဦးသေဆုံးပြီး လေးဦး ဒဏ်ရာရ

ကျောင်းကုန်း မေ ၂၆

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ဆိပ်ဖူးနီလေးကျေးရွာအနီးတွင် ယမန်နေ့ မွန်းလွဲပိုင်းက ယာဉ်တိုက်မှုဖြစ်ပွားရာ နှစ်ဦး သေဆုံးပြီး လေးဦးဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကြံခင်းမြို့မှ ပုသိမ်မြို့သို့ ယာဉ်မောင်း ကောင်းဟိန်းဇော်မောင်းနှင်ပြီး ယာဉ်နောက်လိုက် သန့်ဇော်နှင့် ခရီးသည် ရှစ်ဦး လိုက်ပါလာသည့် မှန်လုံယာဉ်သည် ပုသိမ်- မုံရွာကားလမ်း မိုင်တိုင်အမှတ် (၂/၆) နှင့် (၂/၇)ကြား ဆိပ်ဖူးနီလေးကျေးရွာအနီး ယာဉ်၏ဝဘက်ရှေ့ ဘီးပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိပြီး မျက်နှာချင်းဆိုင်မှ ဇော်လေးမောင်းနှင်ပြီး မမိုးမိုးစံနှင့် အယ်နောင်း (၆)နှစ်တို့ လိုက်ပါလာသည့် ဆိုင်ကယ်အား ဝင်တိုက်မိရာ ဇော်လေးနှင့် မိုးမိုးစံတို့ နှစ်ဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မှန်လုံယာဉ်မောင်းအား ကျောင်းကုန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

နေပြည်တော်ကောင်စီနယ်မြေ တိုင်းဒေသကြီး/ ပြည်နယ်များမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၂၆

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မေ ၁၀ ရက်မှ ၁၆ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၂၁ ဒသမ ၇၈၅၆ တန်၊ သစ်မာ ၂၅ ဒသမ ၆၂၀၄ တန်၊ အခြား ၁၁၂ ဒသမ ၈၁၉၀ တန် စုစုပေါင်း ၁၆၀ ဒသမ ၂၂၅၁ တန်၊ ပြစ်မှုကျူးလွန်သူ ၂၇ ဦး၊ ယာဉ်/ယန္တရား ၁၈ စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ညီညီသန်း(နေပြည်တော်)

မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

မျိုးကျော်၊ နွေးနွေးလွင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် မေ ၂၆

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ဘားအံမြို့နယ် ထူးဂုဏ်ကျေးရွာနေ စိုးသူ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ည ၇ နာရီခွဲတွင် မြဝတီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ကံဆင့်မြို့ငြိလမ်းတွင် မသက်ဘွယ်တွေ့ရှိသူ နွေးနွေးလွင်ကို စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ မြဝတီမြို့ အမှတ်(၄)ရပ်ကွက် စကြံ့ဘောင်လမ်းနေ မျိုးကျော်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၇ ပြားကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ညပိုင်းတွင် ကူမဲနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မြစ်သားမြို့နယ် သာလွန်ကျေးရွာအနီးတွင် မျိုးအောင်မောင်းနှင်လာသော ခရီးသည်တင် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ခရီးသည် အာကာလင်းထံမှ ဘိန်းမည်း ၅ ဒသမ ၂ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၆။ ။ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၃၅ စီး၊ သွင်းကုန် ၂၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၉၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၂၀၀ သန်း)တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နှင့်ထိုင်းစာတန်းပါဆေးဝါးမျိုးစုံ ၂၂ ဖာ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တပ်ကုန်းမြို့၌ ၂၀၂၁ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးပေး

တပ်ကုန်း မေ ၂၆

နေပြည်တော် တပ်ကုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲတွင် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးခြင်းကို ယနေ့နံနက် ၉ နာရီခွဲက ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ အဆိုပါဘဏ်ခွဲတွင် အင်ပင်ကျေးရွာအုပ်စုမှ တောင်သူများအား စတင်ထုတ်ချေးပေးခဲ့သည်။

စည်းကမ်းတကျ ထုတ်ချေး

"ကျွန်မတို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ နှစ်စဉ်ချေးငွေအနေနဲ့ မိုးရာသီ၊ ဆောင်းရာသီ၊ မိုးကြိုရာသီ စိုက်ပျိုးစရိတ်ချေးငွေတွေ ချေးပေးတဲ့အပြင် JICA two Step Loan ချေးငွေများ၊ MEB two Step Loan ချေးငွေများကိုလည်း ထုတ်ချေးပေးပါတယ်။ ၂၀၂၀ ပြည့်နှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများမှာလည်း ကျေးရွာအုပ်စု ၅၃ အုပ်စုမှ တောင်သူပေါင်း ၁၂၇၅၀ ကို ၇၄၂၁ ဒသမ ၅၀ သိန်း ထုတ်ချေးပေးနိုင်ခဲ့ပါတယ်။ အခု ၂၀၂၁ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ကျေးရွာအုပ်စု ၅၃ အုပ်စုမှ တောင်သူ တစ်သောင်းကျော် အတွက် ချေးငွေကျပ် ၇၄၆၉၄ ဒသမ ၅၀ သိန်း ထုတ်ချေးပေးရန် လျာထားပါတယ်။ စိုက်ပျိုးစရိတ်ချေးငွေများ လာရောက်ထုတ်ယူတဲ့အခါ လူစုလူဝေးမဖြစ်စေရန် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနရဲ့ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များနဲ့အညီ တောင်သူများကို ဘဏ်ရုံးဝင်းအဝင်လက်ဆေးရေစင်၌ လက်ဆေးစေရန်၊ နှာခေါင်းစည်းများ တပ်ဆင်လာစေရန်၊ ထိုင်ခုံများ သုံးပေအကွာ စီစဉ်ဆောင်ရွက်ထားတဲ့အပြင် အလှည့်ကျစနစ်နဲ့ စည်းကမ်းတကျ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးပါတယ်"ဟု မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲမန်နေဂျာ ဒေါ်နန်းတင်စန်းက ပြောသည်။

စတင်ထုတ်ချေး

တပ်ကုန်းမြို့နယ်တွင် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို ယခင်နှစ် ချေးငွေပြေကျေသည့် အင်ပင်ကျေးရွာအုပ်စုမှ တောင်သူပေါင်း ၃၅ ဦးကို စပါးတစ်ဧကလျှင် တစ်သိန်းခွဲနှုန်း၊ အခြားသီးနှံ တစ်ဧကလျှင် တစ်သိန်းနှုန်းဖြင့် စတင်ထုတ်ချေးပေးနေပြီး ကျန်ရှိနေသည့် ယခင်နှစ်ချေးငွေ ပြေကျေသော တောင်သူများကို ဆက်လက် ထုတ်ချေးပေးသွားမည်ဖြစ်သည်။ ယခင်နှစ်က ချေးငွေများ မကျေသေးသည့် တောင်သူများ လာရောက်ချေးငွေများ ပေးဆပ်ရန်၊ ချေးငွေပြေကျေသည့် တောင်သူများအတွက် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ချေးငွေစိစစ်ရေးအတွင်းရေးမှူးများက မြို့နယ်ဘဏ်ခွဲသို့ လာရောက်ဆက်သွယ်ပေးရန် ဆောင်ရွက်ထားကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

တင်စိုးလွင်(ပြန်/ဆက်)

■

နေပြည်တော်တွင် ၂၀၂၁ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ စတင်ထုတ်ချေးပေး

နေပြည်တော် မေ ၂၆

နိုင်ငံအတွင်းစားနပ်ရိက္ခာဖူလုံစေရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှု အထောက်အကူဖြစ်စေရေးအတွက် ၂၀၂၁ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများအား မိုးစပါး တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ အခြားသီးနှံတစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲ လေးခုက ယနေ့မှစ၍ ထုတ်ချေးပေးလျက်ရှိသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပျဉ်းမနားမြို့နယ်ဘဏ်ခွဲမှ ၂၀၂၁ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများအား တောင်သူများထံသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ထုတ်ချေးပေးလျက်ရှိရာ လုပ်ငန်းဆောင်ရွက်မှုအား တိုင်းမန်နေဂျာက စစ်ဆေးကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရေတာရှည်မြို့နယ်အတွင်း တောင်သူလယ်သမားများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးပေး

ရေတာရှည် မေ ၂၆

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မိုးစပါးစိုက်ပျိုးမည့် တောင်သူလယ်သမားများအား ၂၀၂၁ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို ယနေ့နံနက်ပိုင်းမှစတင် ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

"မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေကို ယနေ့စပြီးတော့ နတ်တောင်ကျေးရွာအုပ်စုမှာရှိတဲ့ တောင်သူ ၁၈ ဦးရဲ့ လယ်ယာမြေ ၁၃၇ ဧကအတွက် ၂၀၅၅ ဒသမ ၅၀ သိန်း ထုတ်ချေးပေးသွားမှာဖြစ်ပါတယ်။ တောင်သူများအနေနဲ့ ၂၀၂၀ မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေနဲ့ ကိုဗစ်-၁၉ အထူးချေးငွေတွေကို အမြန်ပြန်ပေးဆပ်ဖို့ လိုအပ်ပါတယ်။ ကြွေးပေးဆပ်ပြီးသော တောင်သူများကို စိုက်ပျိုးချိန်အမီ ချေးငွေများ ပြန်လည်ထုတ်ချေးပေးသွားမှာ ဖြစ်ပါတယ်"ဟု မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးဝေလင်းက ပြောသည်။

ရေတာရှည်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၁ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို ရေတာရှည်မြို့နယ်အတွင်း ကျေးရွာအုပ်စု ၅၈ အုပ်စုရှိ တောင်သူ ၉၆၀၀ ၏ လယ်ယာမြေဧက ၅၀၀၀၀ အတွက် ငွေကျပ်သိန်း ၇၅၀၀၀ ခန့် ထုတ်ချေးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ တောင်သူများအတွက် ၂၀၂၁ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေး

ပုဗ္ဗသီရိ မေ ၂၆

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြို့နယ်အတွင်းရှိ တောင်သူလယ်သမားများအတွက် ၂၀၂၁ ခုနှစ်မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးခြင်းကို ယနေ့နံနက် ၁၀ နာရီက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

တောင်သူများ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် အဆင်ပြေစေရန်အတွက် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို လယ်တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းနှင့် ယာတစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ပုဗ္ဗသီရိမြို့နယ် ရွာသစ်ကျေးရွာအုပ်စုအတွင်းမှ တောင်သူ ၃၇ ဦး၏ လယ်ဧက ၈၀ အတွက် ချေးငွေစုစုပေါင်း ငွေကျပ် ၁၃၆၅၀၀၀၀ ထုတ်ချေးပေးခဲ့ပြီး ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ကျန်ရှိကျေးရွာအုပ်စုများကိုလည်း စက်တင်ဘာလကုန်အတွင်း ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ချေးငွေထုတ်ချေးပေးရာတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျထုတ်ချေးပေးလျက်ရှိကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မြို့နယ်မန်နေဂျာ ဒေါ်နှင်းရွှေစင်ထံမှ သိရသည်။ **မျိုးသီဟ(ပြန်/ဆက်)**

ပင်းတယမြို့နယ် စကြာရတနာစူဠာမုနိစေတီတော်မြတ်ကြီး၏ အရံစေတီတော်နှင့် သဗ္ဗဇေယအောင်မင်္ဂလာစေတီတော်မြတ်အား ရွှေထီးတော်တင်လှူခြင်း မင်္ဂလာအခမ်းအနား ကျင်းပ

ပင်းတယ မေ ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်တမဲကျေးရွာအုပ်စုရှိ စကြာရတနာ စူဠာမုနိစေတီတော်မြတ်ကြီး၏ အရံစေတီတော်နှင့် သဗ္ဗဇေယအောင်မင်္ဂလာစေတီတော်မြတ်အား စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် တင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း မင်္ဂလာအခမ်းအနားကို စကြာရတနာစူဠာမုနိဘုရားတွင် မေ ၂၅ ရက် (ကဆုန်လပြည့်နေ့) နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ အလှူရှင်များဖြစ်ကြသည့် ဓနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောကာလင်းမိသားစု၊ ရှမ်းပြည်နယ် လွှတ်စစ်အင်ဂျင်နီယာ ဦးကျော်လှိုင်ဝင်းမိသားစု၊ ဌာနဆိုင်ရာဝန်ထမ်းများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်များကို ပင့်ဆောင်ပြီး စူဠာမုနိစေတီတော်မြတ်ကြီး၏ အရံစေတီတော်များနှင့် သဗ္ဗဇေယအောင်မင်္ဂလာ စေတီတော်မြတ်အား စကြာတောင်ဆရာတော် အရှင်ပညာသာမိ၊ ဒေသစီမံအုပ်ချုပ်ရေးဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ် လွှတ်စစ်အင်ဂျင်နီယာတို့က ထီးတော်တင်လှူခဲ့ကြသည်။

ဆက်လက်၍ ကြွရောက်တော်မူလာကြကုန်သော သံဃာတော်အရှင်သူမြတ်များနှင့် ဧည့်ပရိသတ်အပေါင်းတို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနား ဖွင့်လှစ်ခဲ့ပြီး မြို့နယ်သံဃနာယကဆရာတော် ဦးစန္ဒောဘာသနှင့် သံဃာတော်များက ပရိတ်တရားတော် ချီးမြှင့်ပေးသည်။ ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေ၍ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆပ်ကပ်လှူဒါန်းကာ အခမ်းအနားကို ဗုဒ္ဓ သာသနာ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

စကြာရတနာ စူဠာမုနိစေတီတော်မြတ်ကြီးသည် ၂၀၁၃ ခုနှစ်က စတင်တည်ထားကိုးကွယ်ခဲ့ရာ အထက်ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်မှ ၅၂ ပေ၊ အောက်ပစ္စယံမှ အထက်ပစ္စယံအထိ ပေ ၂၂၀၊ ၁၀၈ တောင်ရှိပြီး ရင်ပြင်တော်ပတ်လည်ပေ ၄၀၀၊ အရံစေတီပေါင်း အဆူ ၁၄၀ ရှိ၍ ယခုအခါ အရံစေတီတော်အားလုံး ထီးတော်တင်လှူပြီးစီးကြောင်း သိရသည်။

ပင်းတယ(ပြန်/ဆက်)

နိုင်ငံတော်ပိုင် ရွှေပြည်တော်(ပုသိမ်)ရုပ်ရှင်ရုံ၏ တာဝန်နှင့် ဝတ္တရား လွှဲပြောင်းခြင်းစာချုပ် ချုပ်ဆိုပွဲပြုလုပ်

ပုသိမ် မေ ၂၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် နိုင်ငံတော်ပိုင်ရုပ်ရှင်ရုံ ရွှေပြည်တော် (ပုသိမ်)တို့၏ တာဝန်နှင့် ဝတ္တရားလွှဲပြောင်းခြင်း စာချုပ်ချုပ်ဆိုခြင်းကို မေ ၂၆ ရက် မွန်းလွဲ ၁ နာရီက ဧရာရွှေဝါခန်းမ၌ ကျင်းပသည်။

လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်

ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်က နိုင်ငံတော်ပိုင်ရုပ်ရှင်ရုံများနှင့်ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံတော်ပိုင်ရုပ်ရှင်ရုံ တစ်ရုံ၊ ပုဂ္ဂလိကအား အပြီးအပိုင်ရောင်းချခဲ့သည့် ရုပ်ရှင်ရုံများ၏ ပြဿခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန် စည်းကမ်းသတ်မှတ်ချက်(Condition)ပါ ရုပ်ရှင်ရုံ ၁၀ ရုံတို့ကို ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်း လုပ်ငန်းများကို ယခင်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ၈-၁၀ -၂၀၁၈ ရက်က လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်း နိုင်ငံတော်ပိုင်ရုပ်ရှင်ရုံ ရွှေပြည်တော်တစ်ရုံသာရှိပြီး Digital စနစ်သို့ အဆင့်မြှင့်တင်ပြဿခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။ တိုင်းဒေသကြီးအတွင်း နိုင်ငံတော်ပိုင်ရုပ်ရှင်ရုံများမှ ပုဂ္ဂလိကသို့ အပြီးရောင်းချသည့် ရုပ်ရှင်ရုံ ၁၀ ရုံ အနက် ပုသိမ်မြို့ မင်္ဂလာရွှေပြည်သာ တစ်ရုံတည်းသာ Digital စနစ်သို့ အဆင့်မြှင့်တင်ပြီး ပြဿခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီး ရုပ်ရှင် ပြဿခြင်းလုပ်ငန်းဆောင်ရွက်ရန် စည်းကမ်းသတ်မှတ်ချက် Condition ပါ ရုပ်ရှင်ရုံ ကိုးရုံနှင့်

ပတ်သက်ပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီက သက်ဆိုင်ရာရုပ်ရှင်ရုံများကို ပုဂ္ဂလိကပိုင်အဖြစ် ဝယ်ယူထားသူများအနေဖြင့် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ရောင်းချစဉ်၊ ဝယ်ယူစဉ်က ချုပ်ဆိုခဲ့သည့် စာချုပ်ပါအတိုင်း ရုပ်ရှင်ပြသခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိပါက ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က နိုင်ငံပိုင်ရုပ်ရှင်ရုံလွှဲပြောင်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

လက်မှတ်ရေးထိုး

ယင်းနောက် နိုင်ငံပိုင်ရုပ်ရှင်ရုံ ရွှေပြည်တော်(ပုသိမ်)နှင့် ပတ်သက်၍ သဘောတူညီချက် စာချုပ်ကို တာဝန်ရှိသူများက လက်မှတ်ရေးထိုးကြသည်။

ထို့နောက် လက်မှတ်ရေးထိုးထားသော နိုင်ငံပိုင်ရုပ်ရှင်ရုံ လွှဲပြောင်းသဘောတူစာချုပ်များကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က သဘောတူစာချုပ်များကို ကောင်စီအဖွဲ့ဝင် (၃) ဦးအုန်းမြင့်နှင့် ရုပ်ရှင်ရုံလုပ်ငန်း နှစ်ရှည်ငှားရမ်းသူ ဦးတင်ဦးထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်မောင်မြင့် (IPRD)

ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် မတ်ပဲ တင်သွင်းခွင့်နှင့်စပ်လျဉ်း၍ အိန္ဒိယနိုင်ငံ မူဝါဒပြင်ဆင်

နေပြည်တော် မေ ၂၆

ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် မတ်ပဲ တင်သွင်းခွင့်နှင့်စပ်လျဉ်း၍ အိန္ဒိယနိုင်ငံအစိုးရ၏ နိုင်ငံခြားကုန်သွယ်မှု မူဝါဒ ပြင်ဆင်ချက်ကို မေ ၁၅ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အိန္ဒိယနိုင်ငံအစိုးရသည် ၂၀၁၅ - ၂၀၂၀ နိုင်ငံခြားကုန်သွယ်မှု မူဝါဒအရ ပဲစင်းငုံ (Tur/ Pigeon Pea, HS Code 0713 60 00)၊ ပဲတီစိမ်း [Moong (Beans of the SPP Vigna Radiata (L) Wilczek) HS Code 0713 31 90] နှင့် မတ်ပဲ ([Beans of the SPP Vigna Mungo (L.) Hepper] HS Codes 0713 31 10) တို့ကို ၂၀၁၇ ခုနှစ်မှစတင်၍ ကန့်သတ် တင်သွင်းကုန်စည်အဖြစ် သတ်မှတ်၍ နှစ်စဉ်ခွဲတမ်းပမာဏဖြင့် တင်သွင်းခွင့် ပြုခဲ့သည်။

ယခုအခါ အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ မေ ၁၅ ရက်တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် S.O. 1858(E) အရ ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် မတ်ပဲတို့ကို ကန့်သတ်ကုန်စည်အဖြစ်မှ လွတ်လပ်စွာတင်သွင်းခွင့်ပြုသည့် ကုန်စည်အဖြစ် ၂၀၂၁ ခုနှစ် အောက်တိုဘာ ၃၁ ရက်အထိ ဖြေလျှော့ပြောင်းလဲ သတ်မှတ်လိုက်ကြောင်း သိရသည်။

အစားထိုးပြင်ဆင်မည်

အဆိုပါထုတ်ပြန်ချက်အရ အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ မတ် ၁၉ ရက်တွင် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ S.O.1266(E) အရ ၂၀၂၁ - ၂၀၂၂ ခုနှစ်အတွက် ပဲစင်းငုံနှင့် ပဲတီစိမ်း တင်သွင်းခွင့်ပမာဏ သတ်မှတ်ချက်ထုတ်ပြန်မှုနှင့် မတ် ၂၆ ရက်တွင် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ S.O.1372(E) အရ ၂၀၂၁- ၂၀၂၂ ခုနှစ်အတွက် မတ်ပဲတင်သွင်းခွင့်ပမာဏ သတ်မှတ်ချက် ထုတ်ပြန်မှုတို့ကို ယခုထပ်မံထုတ်ပြန်သည့် အမိန့်ကြော်ငြာစာဖြင့် အစားထိုးပြင်ဆင်မည်ဖြစ်သည်။

ထို့ကြောင့် ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် မတ်ပဲတို့ကို တင်သွင်းရန်အတွက် Bill of Lading ထုတ်ပေးခြင်းကို အောက်တိုဘာ ၃၁ ရက် နောက်ဆုံးထားဆောင်ရွက်ရန်နှင့် တင်သွင်းလာသည့် ကုန်စည်များအား ဆိပ်ကမ်းရှင်းလင်းခြင်းကို နိုဝင်ဘာ ၃၀ ရက်အတွင်း အပြီးလုပ်ဆောင်ရန် အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက အသိပေးထားကြောင်း အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ မြန်မာ့စီးပွားရေးသံမှူးထံမှ သိရသည်။

မောင်ဓန

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ချက် အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံ မတရားအသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့် ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများသာဖြစ်သဖြင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေရသူများအနေဖြင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရအရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရဝ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်သိက္ခာ ထိခိုက်ညှိုးနွမ်းစေရန်ရည်ရွယ်ပြီး မဟုတ်မမှန်သတင်းများ လုပ်ကြံဖန်တီးဖြန့်ချိသူကို ဖမ်းဆီးရမိ

နေပြည်တော် မေ ၂၆

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းစွာနေထိုင်လိုသော မိဘပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုရှိစေရေးအတွက် နေ့/ညမဟုတ် လုံခြုံရေးဆောင်ရွက်လျက်ရှိရာ အဖျက်အမှောင့် ဆောင်ရွက်လိုသူများက အဆိုပါလှုပ်ရှားမှုများအပေါ် ဂုဏ်သိက္ခာထိခိုက်ညှိုးနွမ်းစေရန်ရည်ရွယ်ပြီး မဟုတ်မမှန်သတင်းများ လုပ်ကြံဖန်တီးထုတ်လွှင့်ခြင်းများကို နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ မေ ၂၄ ရက် ည ၉ နာရီ ၄၅ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များက စက်ဆန်းရပ်ကွက် New Day ဆီဆိုင်ရှေ့၌ ကိုဝင်းဒီ(ဘ) ဦးသောင်းမောင် အပါအဝင် အမျိုးသား ခုနစ်ဦး စီးနင်းလာသည့်ယာဉ်ကို စစ်ဆေး၍ ကိုဝင်းဒီ၏ iPhone 12 Promax လက်ကိုင်ဖုန်းအား သိမ်းဆည်းယူဆောင်သွားကြောင်း လုပ်ကြံစွပ်စွဲသတင်းဖြန့်ချိမှု ဖြစ်ပွားခဲ့သည်။

မဟုတ်မမှန် လုပ်ကြံစွပ်စွဲ

ဖြစ်စဉ်အားစိစစ်ရာ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဗိုလ်စောနောင်လမ်းအမှတ် (၈)ရပ်ကွက် အိမ်အမှတ်(၄၇)နေ ကိုဝင်းဒီ(ဘ)ဦးသောင်းမောင်သည် မေ ၂၄ ရက် ညပိုင်းတွင် ၎င်း၏သူငယ်ချင်းခြောက်ဦးနှင့်အတူ ပုဇွန်တောင်မြို့နယ်အတွင်းရှိ စားသောက်ဆိုင်တစ်ခုသို့ ယာဉ်ဖြင့် သွားရောက်စားသောက်ခဲ့ပြီး ည ၉ နာရီ ၄၅ မိနစ်ခန့်တွင် ကြက်/ဘဲစွေးဘက်သို့ မောင်းနှင်ထွက်ခွာလာခဲ့ရာ စက်ဆန်းရပ်ကွက် New Day ဓာတ်ဆီဆိုင်နေရာသို့ အရောက်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းတို့၏ယာဉ်ကို စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီး မသင်္ကာဖွယ်မတွေ့ရှိရသဖြင့် ၎င်းတို့အား ဆက်လက်ထွက်ခွာစေခဲ့ကြောင်း၊ ထို့နောက် ၎င်းတို့အဖွဲ့သည် ပုဇွန်တောင်မြို့နယ် အထက်ပုဇွန်တောင်လမ်းရှိ ကောမက်ဟိုတယ်၌ ညအိပ်အခြေပြုရောက်ရှိခဲ့စဉ် ကိုဝင်းဒီ ကိုင်ဆောင်သော iPhone 12 Promax လက်ကိုင်ဖုန်းမှာ ပျောက်ဆုံးသွားကြောင်း၊ အဆိုပါပျောက်ဆုံးမှုအပေါ် အကြောင်းပြု၍ ကိုဝင်းဒီက ၎င်း၏လက်ကိုင်ဖုန်း ပျောက်ဆုံးမှုအပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းတို့၏ယာဉ်ကို တားဆီးစစ်ဆေးစဉ် ၎င်းအား ရိုက်နှက်၍ အဆိုပါဖုန်းကို သိမ်းဆည်းယူဆောင်သွားခဲ့ခြင်းဖြစ်သည်ဟု မဟုတ်မမှန် လုပ်ကြံစွပ်စွဲပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာ ထိခိုက်နစ်နာစေရန် သတင်းမှား ဖြန့်ချိခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

အမှုဖွင့်အရေးယူ

အဆိုပါ လုပ်ကြံဖန်တီးသူကို တရားဥပဒေနှင့်အညီ ထိရောက်စွာအမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

တရားခံ ကိုဝင်းဒီ

မြင်းခြံ-တောင်သာ လမ်းမကြီးပိတ်ဆို့မှုအား မီးသတ်တပ်ဖွဲ့ဝင်များ ရှင်းလင်း

နေပြည်တော် မေ ၂၆

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ် (၁၉) ရပ်ကွက် မြင်းခြံ-တောင်သာ လမ်းမကြီးပေါ်၌ ယနေ့ မွန်းလွဲပိုင်းတွင် ဗောစကိုင်းပင်တစ်ပင်သည် MPT မြန်မာ့ဆက်သွယ်ရေးကြိုးပေါ်သို့ လဲကျကာ လမ်းပိတ်ဆို့မှုဖြစ်ပွားသည့်အတွက် မြင်းခြံမြို့နယ်မီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီးဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောင်မျိုး

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တရားမဝင် အကောက်ခွန်မဲ့ တင်သွင်းရောင်းချခဲ့သည့် ဆိုင်ကယ်များနှင့် တရားမဝင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၂၆

နိုင်ငံတော်အတွင်း တရားမဝင် အကောက်ခွန်မဲ့ တင်သွင်းလာသော တရားမဝင် ဆိုင်ကယ်များကို ရောင်းချလျက်ရှိသည့် အရောင်းဆိုင်/အရောင်းပြခန်းများမှ တရားမဝင် အကောက်ခွန်မဲ့ ဆိုင်ကယ်များကို ဖမ်းဆီးအရေးယူနိုင်ရေး အဓိကဦးတည်ပြီး မေ (ပထမပတ်)မှစတင်၍ ဆောင်ရွက်ခဲ့ရာ ယနေ့အချိန်အထိ တရားမဝင် အကောက်ခွန်မဲ့ ဆိုင်ကယ် ၉၈၇ စီး သိမ်းဆည်းရမိခဲ့ကာ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ပြစ်မှုကျူးလွန်ဆောင်ရွက်လာ

နိုင်ငံတော်အတွင်း ပြစ်မှုကျူးလွန်သူများအနေဖြင့်လည်းကောင်း၊ ပြစ်မှုကျူးလွန်ရန် ကြိုတင်ကြံစည်စီမံသူများ အနေဖြင့်လည်းကောင်း၊ တရားမဝင် ယာဉ်များကို တွင်တွင်ကျယ်ကျယ် အသုံးပြု၍ ပြစ်မှုကျူးလွန်ဆောင်ရွက်လာကြကြောင်း ဖော်ထုတ်တွေ့ရှိရခြင်းများကြောင့် လည်းကောင်း၊ တရားမဝင်ယာဉ် အသုံးပြုသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုပါ လိုက်နာမှုမရှိသောကြောင့် ဥပဒေနှင့်အညီ တရားဝင်ယာဉ် အသုံးပြုသွားလာနေသော ပြည်သူလူထုအပေါ် စိတ်အနှောင့်အယှက် ဖြစ်ပေါ်စေခြင်းများကြောင့် လည်းကောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကိစ္စရပ်များကို ထိခိုက်လာသည့် ဆိုးကျိုးများအရ လည်းကောင်း၊ တရားမဝင်ယာဉ် အသုံးပြုမှုများအား ဖမ်းဆီးနိုင်ရေးအတွက် စစ်ဆေးခြင်း၊ ဖမ်းဆီးခြင်းများကို မေလ(တတိယပတ်)အတွင်းမှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့အချိန်ထိ တရားမဝင်ယာဉ် ၃၅ စီး သိမ်းဆည်းရမိခဲ့ပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ တရားမဝင် အကောက်ခွန်မဲ့ ဆိုင်ကယ်များ တင်သွင်းရောင်းချမှုများနှင့် တရားမဝင်ယာဉ် အသုံးပြုခြင်းများအား စစ်ဆေးဖမ်းဆီးခြင်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

■

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

ဧရာဝတီတိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ဝင်များ မိုးရာသီကာလ ရေပြင်ရှာဖွေကယ်ဆယ်ရေး ကျွမ်းကျင်မှုသရုပ်ပြပွဲကျင်းပ

ပုသိမ် မေ ၂၆

ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်သည် ဧရာဝတီတိုင်းဒေသကြီးအတွင်း မိုးရာသီကာလ သဘာဝဘေးဒဏ်နှင့် ရေပြင်ကယ်ဆယ်ရေးအတွက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် နယ်မြေမီးသတ်ဌာနတို့မှ ထက်မြက်ထူးချွန်သော တပ်ဖွဲ့ဝင် ၅၀ တို့ကို နွေရာသီမီးဘေးကာကွယ်ရေး သက်စွန့်ကြိုးပမ်းဆောင်ရွက်သကဲ့သို့ မိုးရာသီ သဘာဝဘေးဒဏ်နှင့် ရေပြင်ရှာဖွေကယ်ဆယ်ရေး အားမာန်ပြည့်စေရန် ရေပြင်ရှာဖွေကယ်ဆယ်ရေး သင်တန်း အမှတ်စဉ် (၁/၂၀၂၁)ကို မေ ၁၇ ရက်မှ ၂၈ ရက်အထိ ပုသိမ်မြို့ ရွိုင်ရယ်လိပ် ကန်သာယာရေပြင် စခန်း၌ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

မေ ၂၆ ရက် နံနက် ၉ နာရီက သင်တန်းသား ၅၀ တို့၏ သင်တန်းကာလအတွင်း ရေပြင်ရှာဖွေကယ်ဆယ်ရေးသရုပ်ပြများတွင် လှေတိမ်းမှောက်

နေသည်ဟု သတင်းရရှိချိန် Speed Boat ဖြင့် ရှာဖွေကယ်ဆယ်မှု သရုပ်ပြကွက်၊ လှေတစ်စင်း မီးလောင်သတင်းရရှိသည်နှင့် ဂျက်စကီးအသုံးပြုကာ တပ်ဖွဲ့ဝင်နှစ်ဦးက Dry Chemical Powder မီးသတ် ဆေးဘူးဖြင့် မီးငြိမ်းသတ်မှုပြကွက်၊ ရေနစ်နေသူ သုံးဦးကို Intelligence Lifebuoy နှစ်ခုဖြင့် စွန့်စားကယ်ဆယ်မှုပြကွက်များဖြင့် ဂုဏ်ယူလေးစားဖွယ် "စွန့်လွှတ်စွန့်စား မီးသတ်သမား အာဂစိတ်ဓာတ်"ကို တွေ့မြင်ကြရသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးကြီး ကျော်စွာလှိုင်၊ အဖွဲ့ဝင်(၂) ဦးတင်အေး၊ အဖွဲ့ဝင်(၃) ဦးအုန်းမြင့်၊ အဖွဲ့ဝင်(၄) တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင်ဇော်ထွန်းနှင့် စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ချီးမြှင့်ကြပြီး သရုပ်ပြမီးသတ်တပ်ဖွဲ့ဝင်များက ကန်သာယာရေပြင်အတွင်းမှ Intelligence Lifebuoy ဂျက်စကီး၊ Speed Boat များဖြင့် စီတန်းမောင်းနှင်ကာ ဂုဏ်ပြုအလေးပြုခဲ့ကြကြောင်း သိရသည်။

ပုသိမ်လှကြည်

❒ ရန်ကုန်တိုင်းဒေသကြီးမှ

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် မြင်သာမြို့ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီး ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှုကြီးကြပ်ရေးအဖွဲ့ဆရာတော်ကြီးများထံမှ ရန်ကုန်တိုင်းဒေသကြီး တိုင်းပညာရေးမှူးအဖွဲ့က သြဝါဒခံယူခြင်းနှင့် ပညာရေးဆိုင်ရာများ လျှောက်ထားခြင်းအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှုကြီးကြပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပညာသာမိ (မဟာသဒ္ဓမ္မ ဇောတိကဓဇ)က လာမည့် ပညာသင်နှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအား လုံး ပြန်လည်ဖွင့်လှစ်သင်ကြားပေးမည်ဟု မိန့်ကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်မိန့်ကြား

"လာမယ့်ပညာသင်နှစ်မှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွေအားလုံး ပြန်လည်ဖွင့်လှစ်သင်ကြားပေးသွားမှာပါ။ ဘုန်းဘုန်းတို့အနေနဲ့လည်း ဘကကျောင်းအားလုံးကို ပြန်လည်ဖွင့်လှစ်ဖို့ ညွှန်ကြားနှိုးဆော်ပေးထားပြီးပါပြီ။ စဖွင့်လို့ နှစ်ပတ်လောက်ဆိုရင်ပဲ ဘကကျောင်းတွေအားလုံး အဖွဲ့နဲ့သွားရောက်စစ်ဆေးမှုတွေ လုပ်ဆောင်သွားမှာပါ။ အဓိကလိုအပ်တာကတော့ အေးချမ်းစွာ ပညာသင်ကြားနိုင်ဖို့ သက်ဆိုင်ရာအနေနဲ့ တစ်ဖက်တစ်လမ်းက စောင့်ရှောက်ပေးသွားဖို့ပဲ အရေးကြီးပါတယ်။ နိုင်ငံတော်အနေနဲ့လည်း လိုအပ်တာတွေ ထောက်ပံ့တယ်ဆိုတော့ အဆင်ပြေပါတယ်။ အခုလည်း ဘကကျောင်းတွေကို စာအုပ်၊ ခဲတံကအစ ပညာရေးထောက်ပံ့ပစ္စည်းတွေရော၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ပစ္စည်းတွေပါ ထောက်ပံ့ပေးထားလို့ ရောက်နေပါပြီ။ အဲဒီအတွက်လည်း သက်ဆိုင်ရာတာဝန်ရှိသူတွေကို ကျေးဇူးအထူးတင်ပါတယ်" ဟု ဒုတိယဥက္ကဋ္ဌက ဆက်လက်မိန့်ကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ဘုန်းတော်ကြီးသင်ပညာရေး (ဘက)ကျောင်းများကို ပုဂံခေတ် အနော်ရထာမင်းလက်ထက်တွင် စတင်ခဲ့ပြီး အင်းဝ၊ ပင်းယ၊ ကုန်းဘောင်၊ ရတနာပုံခေတ်များတွင်လည်း ထွန်းကားခဲ့ကာ လူပုဂ္ဂိုလ်နှင့် ရဟန်းသံဃာ အကျော်အမော်များစွာ ပေါ်ပေါက်ခဲ့ကြောင်း သိရသည်။ အင်္ဂလိပ်ခေတ်တွင် ဘကကျောင်း ၄၆၁၉ ကျောင်းရှိခဲ့ပြီး လွတ်လပ်ရေးရပြီး ဖဆပလခေတ်တွင် ကျောင်းပေါင်း ၅၅၂၅ ကျောင်းအထိ ထွန်းကားခဲ့ပြီး နောက်ပိုင်း အနှစ် ၂၀ ဝန်းကျင်တွင် ဘုန်းတော်ကြီး သင်ပညာရေးကျောင်းများ တိမ်မြုပ်သွားခဲ့သည်။ ယင်းနောက် ပြီးခဲ့သည့် ၁၉၉၃-၁၉၉၄ ပညာသင်နှစ်မှစတင်ကာ နိုင်ငံတော်အကြီးအကဲများ၏ ပြန်လည်ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနနှင့် ဘုန်းတော်ကြီးကျောင်း ဆရာတော်များ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် မြန်မာနိုင်ငံတွင် ဘကပညာသင်ကျောင်းများ ပြန်လည် အသက်ဝင်လာခဲ့ခြင်းဖြစ်သည်။

ဖွင့်လှစ်ခဲ့ခြင်းဖြစ်

ဘုန်းတော်ကြီးသင်ပညာရေး (ဘက)ကျောင်းများကို မြန်မာနိုင်ငံတွင် စတင်ဖွင့်လှစ်ပေးခဲ့ကြသော ရည်ရွယ်ချက်မှာ စာမတတ်သူပပျောက်ရေး၊ အနာဂတ် မျိုးဆက်သစ်လူငယ်များ ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ အမျိုးဘာသာ၊ သာသနာထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာ့ယဉ်ကျေးမှုထုံးစံများ မပျောက်ပျက်ရေး စသည်တို့ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် လူစွမ်းအားအရင်းအမြစ်ဖြစ်သော မျိုးဆက်သစ်များ၏ အရည်အချင်းပြည့်ဝမှု၊ အနာဂတ်မြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အလယ်တွင် ပညာမြင့်မှလူမျိုးတင့်စေမည် စသည့် ရည်မှန်းချက်များကိုရှေးရှုနေသော နိုင်ငံတော်၏ ပညာရေးကဏ္ဍကို တစ်ဖက်တစ်လမ်းမှနေ၍ ဘုန်းတော်ကြီးသင်ပညာရေး (ဘက) ကျောင်းများက အထောက်အပံ့ပြုလျက်ရှိသည်။

ယခုအခါ မြန်မာနိုင်ငံတစ်ဝန်း ဘုန်းတော်ကြီးသင်ပညာရေး (ဘက)ကျောင်းမှာ စုစုပေါင်း ၁၅၀၀ ကျော်ရှိပြီး ကျောင်းသား ကျောင်းသူ သုံးသိန်းကျော် ပညာသင်ကြားဆည်းပူးလျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း မူလတန်းအဆင့် ၁၃၁ ကျောင်း၊ မူလွန်အဆင့် ၈၉ ကျောင်း၊ အလယ်တန်းအဆင့် ၂၂၉ ကျောင်းဖွင့်လှစ်သင်ကြားလျက်ရှိပြီး ကျောင်းသား ကျောင်းသူပေါင်း ခုနစ်သောင်းခုနစ်ထောင်ကျော်အထိရှိကာ သင်ကြားပြသပေးလျက်ရှိသော ဆရာ ဆရာမ ၂၄၀၀ ကျော်ရှိကြောင်း သိရသည်။ **မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ - မင်းထက်**

ပင်လယ်လှိုင်းရိုက်ခတ်၍ ကားလမ်းမပေါ်သို့ ကျောက်တုံးများနှင့် အမှိုက်သရိုက်များ ကျရောက်ကာ လမ်းသွားလမ်းလာများ အခက်အခဲဖြစ်

ရွှေသောင်ယံ မေ ၂၆

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့ကမ်းခြေ ကားလမ်းပိုင်းတစ်လျှောက်တွင် ပင်လယ်ရေလှိုင်းများ ရိုက်ခတ်၍ ကျောက်တုံးများနှင့် အမှိုက်သရိုက်များ လမ်းမပေါ်သို့ ကျရောက်လျက်ရှိသည်။

ပင်လယ်ရေထရက်နှင့်အတူ မိုးသက်လေပြင်းအရှိန်ကြောင့် လပြည့်နေ့ဖြစ်သည့် မေ ၂၅ ရက်မှစတင်ကာ ပင်လယ်ပြင်တွင် သာမန်ထက်ပိုသောလှိုင်းလုံးများ ဖြစ်ပေါ်လျက်ရှိပြီး ပင်လယ်နှင့်နီးစပ်လျက်ရှိသော ကမ်းခြေကားလမ်းပိုင်းများပေါ်သို့ ရေငန်များ ဝင်ရောက်ခြင်း၊ ကျောက်တုံးများကျရောက်ခြင်း၊ အမှိုက်သရိုက်များကျရောက်ခြင်း စသည်တို့ဖြစ်ပေါ်သဖြင့် လမ်းသွားလမ်းလာများ အခက်အခဲ ဖြစ်ပေါ်လျက်ရှိသည်။

ထို့ပြင် ရုတ်တရက် ရေကြီးရေလျှံမှုများဖြစ်ပေါ်ပါက ဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် ရပ်ကွက်အတွင်းရှိ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များအား ဘေးလွတ်ရာတောင်ကုန်းများပေါ်သို့ မိသားစုများအလိုက် ပြောင်းရွှေ့နေထိုင်လျက်ရှိကြကြောင်း သိရသည်။ **ရွှေသောင်ယံ(ပြန်/ဆက်)**

ဒီရေတော သဘာဝရေပြင်သို့ ရေငန်ပုစွန်သားပေါက်နှင့် မျိုးပုစွန်များ မျိုးစိုက်ထည့်

လောင်းလုံး မေ ၂၆

တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ကြီးကြပ်မှုဖြင့် မေ ၂၅ ရက် နံနက် ၈ နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ကျောက်နီမော်ကျေးရွာအနီး ဒီရေတောသဘာဝရေပြင်သို့ ပုစွန်သားပေါက်များနှင့် မျိုးပုစွန်များ မျိုးစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးတင့်အောင်၊ လောင်းလုံးမြို့နယ် ငါးမျိုးစိုက်ထည့်ရေး ကြီးကြပ်ကွပ်ကဲရေး ကော်မတီဝင်များဖြစ်သော မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဥာဏ်ဝင်း၊ လဝက ဦးစီးမှူး(အဖွဲ့ခေါင်းဆောင်) ဒေါ်အေးအေးသောင်း၊ စီမံကိန်းဦးစီးမှူး(အဖွဲ့ဝင်) ဦးတိုးလွင်၊ စိုက်ပျိုးရေးဦးစီးမှူး(အဖွဲ့ဝင်) ဦးသန်းအောင်၊ မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး(အတွင်းရေးမှူး)နှင့် ဒေသခံရေလုပ်သားများသည် ဝမော်ရေငန်ပုစွန်သားပေါက်စခန်းမှ ရေငန်ပုစွန်သားပေါက်ကောင်ရေ ၁ သောင်း ၂ သန်း၊ ပြင်သာလိပ်နှစ်ကောင် (Tag ရိုက်ပြီး)နှင့် မျိုးပုစွန်ကောင်ရေ ၃၀ တို့အား မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ပုသိမ်မြို့ ကောင်းရောင်းဝယ်ရေးသမဝါယမအသင်း အစည်းအဝေးကျင်းပ

ပုသိမ် မေ ၂၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကောင်းရောင်းဝယ်ရေးသမဝါယမအသင်း၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာရွေးချယ်ပွဲအခမ်းအနားကို မေ ၁၆ ရက်က အဆိုပါအသင်းပိုင် အဆောက်အအုံ၌ ကျင်းပခဲ့ရာ အသင်းအမှုဆောင်အဖွဲ့မှ တက်ရောက်လာသော အသင်းသားများအား အစုပေါ် အမြတ်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ခဲ့ပြီး အခမ်းအနားကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ကျင်းပခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

မြန်မာဥပဒေ သတင်းအချက်အလက်စနစ် သုံးနှစ်တာခရီး

ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ပြည်သူလူထုအတွက် အကောင်းဆုံးဥပဒေဝန်ဆောင်မှုများကို တတ်စွမ်းသမျှ ဆောင်ကြဉ်းပေးရန် အစဉ်ကြိုးပမ်းဆောင်ရွက်နေသော ဌာနဖြစ်ပါသည်။ တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေဖြင့် ကာကွယ်စောင့်ရှောက်ခြင်း၊ ဥပဒေအသိပညာပေးခြင်းနှင့် ဥပဒေသတင်းအချက်အလက် အခမဲ့ဝန်ဆောင်မှုပေးခြင်းတို့ဖြင့် ပြည်သူများ၏ ယုံကြည်ကိုးစားသော စံပြအဖွဲ့အစည်းတစ်ခု ဖြစ်လာစေရန် မျှော်မှန်းပါသည်။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ၂၀၂၀-၂၀၂၄ ခုနှစ် မဟာဗျူဟာစီမံကိန်း၏ ရည်မှန်းချက်မှာလည်း **"တရားမျှတရေးအတွက် ဥပဒေဝန်ဆောင်မှု(Providing Legal Service for Justice)"** ဖြစ်ပါသည်။ ရည်မှန်းချက်များ ပြည့်မီစေရန် ဆောင်ရွက်ရာတွင် တရားဥပဒေစိုးမိုးမှု တိုးတက်ကောင်းမွန်လာစေရေးကို အထောက်အကူပြုစေမည့် မြန်မာဥပဒေသတင်းအချက်အလက်စနစ် (Myanmar Law Information System – MLIS)ကို ၂၀၁၈ ခုနှစ် မေလ ၂၄ ရက်နေ့မှစ၍ အောင်မြင်စွာ လွှင့်တင်နိုင်ခဲ့ပြီးဖြစ်ပါသည်။

သုံးနှစ်သက်တမ်းသို့ ရောက်ရှိ

မြန်မာဥပဒေသတင်းအချက်အလက်စနစ် (Myanmar Law Information System – MLIS)ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)တို့ ပူးပေါင်းလျက် KOICA အထောက်အပံ့နှင့် ကိုရီးယားသမ္မတနိုင်ငံ ဥပဒေပြုရေးဝန်ကြီးဌာန (Ministry of Legislation–MOLEG)၏ နည်းပညာအကူအညီတို့ဖြင့် www.mlis.gov.mm အား အောင်မြင်စွာလွှင့်တင်၍ ဝန်ဆောင်မှုပေးခဲ့သည်မှာ ၂၀၂၁ ခုနှစ် မေလ ၂၄ ရက်တွင် သုံးနှစ်သက်တမ်းသို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ အခက်အခဲနှင့် စိန်ခေါ်မှုများကို ဖြတ်သန်းကျော်လွှားရင်း သုံးနှစ်တာခရီးသို့ ရလဒ်ကောင်းများစွာဖြင့် အောင်မြင်စွာ ပေါက်မြောက်ခဲ့ပြီးဖြစ်ပါသည်။

စတင်လွှင့်တင်ခဲ့စဉ်က ဥပဒေသတင်းအချက်အလက်စုစုပေါင်း ၇၀၆၄ ခု ထည့်သွင်းနိုင်ခဲ့ပြီး ယခု သုံးနှစ်သက်တမ်းသို့ ရောက်ရှိချိန်တွင် ဥပဒေသတင်းအချက်အလက်စုစုပေါင်း ၁၀၇၆၁ ခု ထည့်သွင်းနိုင်ခဲ့ကာ နိုင်ငံတော်က ထုတ်ပြန်ထားသော ဥပဒေသတင်းအချက်အလက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စု ရှေ့နေချုပ်ရုံးက အခမဲ့ဝန်ဆောင်မှုပေးသော တရားဝင် ဝက်ဘ်ဆိုက်တစ်ခု ဖြစ်ပါသည်။

မြန်မာဥပဒေ သတင်းအချက်အလက်စနစ်လွှင့်တင်လျက် ဝန်ဆောင်မှုပေးခြင်း၏ ရည်ရွယ်ချက်မှာ ပြည်သူများက အင်တာနက် ဝက်ဘ်ဆိုက်မှတစ်ဆင့် တစ်နေရာတည်းတွင် အလွယ်တကူ ရှာဖွေလေ့လာအသုံးပြုနိုင်စေရေးနှင့် တရားဥပဒေစိုးမိုးရေးကို အထောက်အကူဖြစ်စေရေးတို့အတွက် ဥပဒေ အသိပညာပေးနိုင်ရန် ရည်ရွယ်၍ ဝန်ဆောင်မှုပေးခြင်း ဖြစ်ပါသည်။ ပြည်သူများသည် ဥပဒေဆိုင်ရာ အသိပညာနှင့် ဗဟုသုတကြွယ်ဝခြင်းဖြင့် တရားဥပဒေစိုးမိုးသော၊ တည်ငြိမ်အေးချမ်းသော၊ ဖွံ့ဖြိုးစည်ပင်သောနိုင်ငံအဖြစ် တိုးတက်ပြောင်းလဲမှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါသည်။

မြန်မာဥပဒေသတင်း အချက်အလက်များသည် မြန်မာနိုင်ငံပြန်တမ်းပါ ဖော်ပြချက်များနှင့် သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များကို အခြေခံပြုစု၍ ထည့်သွင်းထားခြင်း ဖြစ်ပါသည်။ မြန်မာဥပဒေ သတင်းအချက်အလက်စနစ်၏ ဝက်ဘ်ဆိုက်တွင် လွှင့်တင်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြဋ္ဌာန်းဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ အပါအဝင် သတင်းအချက်အလက်များကို မူရင်းပြဋ္ဌာန်းချက်များအတိုင်း လေ့လာဖတ်ရှုနိုင်စေရန် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်ထားပါသည်။

ခေါင်းစဉ်ကြီး ၁၁ ခုကို ခွဲခြား၍ ဖော်ပြ

မြန်မာဥပဒေ သတင်းအချက်အလက်စနစ် (Myanmar Law Information System – MLIS)၏ ပင်မစာမျက်နှာ Home Page ရှိ Menu Bar တွင် ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ပြည်ထောင်စုဥပဒေများ၊ ပြည်ထောင်စုတစ်ဆင့်ခံ ဥပဒေများ၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေများ၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်တစ်ဆင့်ခံ ဥပဒေများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ဥပဒေများ၊ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များ၊ စီရင်ထုံးများ၊ ဓလေ့သို့မဟုတ် ပုံစံများ အခြားဟူ၍ ခေါင်းစဉ်ကြီး ၁၁ ခုကို ခွဲခြား၍ ဖော်ပြထားပါသည်။ မိမိနှစ်သက်ရာ အကြောင်းအရာခေါင်းစဉ်မှတစ်ဆင့် ကလစ်နှိပ်၍ ဆက်လက်ရှာဖွေနိုင်ပါသည်။ ယင်းသို့ရှာဖွေရာတွင် ဥပဒေအမျိုးအစားများကို ခွဲခြားရှာဖွေခြင်း၊ ဥပဒေအမည်ဖြင့် ရှာဖွေခြင်း၊ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များကို ရှာဖွေခြင်း၊ စီရင်ထုံးများကို ရှာဖွေခြင်း၊ ဓလေ့ သို့မဟုတ် ပုံစံများဖြင့် ရှာဖွေကြည့်ရှုရာတွင်လည်း ကွန်ပျူတာမှတစ်ဆင့် အင်တာနက် ချိတ်ဆက်သည့် Portal မှ လည်းကောင်း၊ မိမိတို့၏ Smart Phone များမှ လည်းကောင်း အလွယ်တကူ ရှာဖွေကြည့်ရှုနိုင်ပါသည်။

ဥပဒေအမျိုးအစား ခွဲခြားရှာဖွေရာတွင် ဝန်ကြီးဌာနအလိုက်၊ ကဏ္ဍအလိုက်၊ ခေတ်အလိုက်ဟူ၍ သုံးမျိုးခွဲခြားရှာဖွေနိုင်ပါသည်။ ဝန်ကြီးဌာနအလိုက်တွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများက စီမံခန့်ခွဲသော ဥပဒေများကို ရှာဖွေနိုင်ပါသည်။ ကဏ္ဍအလိုက်တွင် ကဏ္ဍ ၁၂ ရပ်ခွဲခြား၍ ဥပဒေများကို စီးပွားရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍ၊ စီမံခန့်ခွဲရေးကဏ္ဍ စသည်ဖြင့် ကဏ္ဍအလိုက် ရှာဖွေလိုက ရှာဖွေနိုင်ပါသည်။ ခေတ်အလိုက်တွင် မြန်မာနိုင်ငံဥပဒေအတွဲ (၁) မှ (၁၃) တွင် စုစည်းဖော်ပြထားသည့် ဥပဒေများမှစ၍ ခေတ်အလိုက် ပြဋ္ဌာန်းခဲ့သော ဥပဒေများကို ခေတ်ကာလအလိုက် ဖော်ပြထားရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြဋ္ဌာန်းလျက်ရှိသော ဥပဒေများအထိ အလွယ်တကူ ရှာဖွေနိုင်ပါသည်။ ပြဋ္ဌာန်းထားသည့် ဥပဒေများတွင် အင်္ဂလိပ်ဘာသာ ပြန်ဆိုချက်ရှိသည့် ဥပဒေပြဋ္ဌာန်းချက်ကိုလည်း Law in English ဆိုသည့် box ကို နှိပ်၍ ရှာဖွေလေ့လာနိုင်ပါသည်။

မြန်မာဥပဒေသတင်းအချက်အလက်ဌာနခွဲ ပြည်ထောင်စုရှေ့နေချုပ်ရုံး

ဥပဒေဘာသာပြန်ကော်မရှင်ကဏ္ဍ ထပ်မံထည့်သွင်း

အင်္ဂလိပ်ကိုလိုနီလက်ထက် (မြန်မာနိုင်ငံလွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ်အထိ အိန္ဒိယပါလီမန်)က အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားပြီး မြန်မာဘာသာပြန်ဆိုရခြင်းမရှိသော ဥပဒေများကို ဥပဒေဘာသာပြန်ကော်မရှင်က ဘာသာပြန်ဆိုပေးသည့် မြန်မာဘာသာပြန်ဆိုချက် ဥပဒေများကို တစုတစည်းတည်း အလွယ်တကူ လေ့လာကြည့်ရှုနိုင်ရေးအတွက် ဥပဒေဘာသာပြန်ကော်မရှင်ကဏ္ဍကို ထပ်မံထည့်သွင်း ဝန်ဆောင်မှုပေးထားပါသည်။ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့သော ဥပဒေများ၏ မြန်မာဘာသာပြန်ဆိုချက်ကို အလွယ်တကူ ဖတ်ရှုကိုးကားနိုင်ကြမည်ဖြစ်ပါသည်။

မြန်မာဥပဒေ သတင်းအချက်အလက်စနစ် (Myanmar Law Information System– MLIS)၏ အားသာချက်တစ်ခုမှာ ဥပဒေပြဋ္ဌာန်းချက်တစ်ခု၏ စာမျက်နှာညာဘက်အပေါ်ထောင့်တွင် လိပ်စာကူးယူရန်နှင့် ဖွင့်ထားသော စာမျက်နှာတွင် ရှာဖွေခြင်းဆိုသည့် Box များမှတစ်ဆင့် လိပ်စာကူးယူပြီး အခြားသူတစ်ဦးထံ ပေးပို့၍ ရှာဖွေလိုသော ဥပဒေကို အလျင်အမြန်ရှာဖွေနိုင်ခြင်းတို့ ပြုလုပ်နိုင်သည့်ပြင် Word File ဖြင့်ဖြစ်စေ၊ PDF File ဖြင့်ဖြစ်စေ Download ရယူ၍ Print ထုတ်ယူပြီး ဖတ်ရှုနိုင်ပါသည်။

အခြားခေါင်းစဉ်အောက်တွင် အသိပေးချက်အမေးအဖြေကဏ္ဍ Q & A တို့ ပါရှိသဖြင့် မြန်မာဥပဒေသတင်းအချက်အလက်စနစ် (Myanmar Law Information System– MLIS)နှင့် စပ်လျဉ်း၍ သိရှိလိုသည်ကို မေးမြန်းနိုင်ပါသည်။ အသိပေးချက်အောက်၌ MLIS အသုံးပြုမှုလက်စွဲစာစောင်ကို Download ရယူ၍ ဖတ်ရှုနိုင်သကဲ့သို့ Myanmar Unicode Pyidaungsu Font ဖြင့် Download ရယူနိုင်ပါသည်။ ဥပဒေသက်ရောက်မှုအောက်တွင် မူပိုင်ခွင့်နှင့် အကျိုးသက်ရောက်မှုကို ဖော်ပြထားပါသည်။

စီရင်ထုံးများကို ရှာဖွေလိုပါက စီရင်ထုံး Title ကို နှိပ်၍ ခုနှစ်အလိုက်သော်လည်းကောင်း၊ စီရင်ထုံးအမည်ဖြင့် သော်လည်းကောင်း ရှာဖွေနိုင်ပါသည်။ မိမိသိရှိလိုသော စီရင်ထုံးများကို အကွာရာအလိုက် တရားရုံးစီရင်ထုံး အမျိုးအစားတို့အား select ပေး၍ ရွေးချယ်ပြီးနောက် တရားမပြင်ဆင်မှု၊ တရားမ အယူခံမှု၊ တရားမ အထွေထွေလျှောက်ထားမှု၊ ရာဇဝတ်ပြင်ဆင်မှု၊ ရာဇဝတ်အယူခံမှု၊ ရာဇဝတ် အထွေထွေလျှောက်ထားမှုတို့ကိုလည်း မိမိရွေးချယ်လိုသော စီရင်ထုံးအမျိုးအစားများကို ရွေးချယ်ကြည့်ရှုနိုင်ပြီး ယင်းစီရင်ထုံးနှင့်စပ်ဆိုင်သည့် ပြဋ္ဌာန်းဥပဒေကိုလည်း တစ်ပါတည်း ဖတ်ရှုလေ့လာနိုင်ရန် Link ချိတ်ပေးထားပါသည်။

MLIS Website ကို ဝင်ရောက်၍ လိုရာဥပဒေသတင်းအချက်အလက်များကို အလွယ်တကူ ရှာဖွေအသုံးပြုနိုင်သောကြောင့် စာအုပ်ထူထူကြီးများကို ရှာဖွေရသည့်ဒုက္ခ၊ လိုအပ်သည့် စာအုပ်မရှိသည့် အခက်အခဲ၊ အဆင်မပြေမှုများကို ကျော်လွှားနိုင်ပါသည်။ ကွန်ပျူတာတစ်လုံး၊ Smart Phone တစ်လုံးရှိလျှင် ဥပဒေစာကြည့်တိုက်တစ်ခု မိမိနှင့်အတူ အမြဲရှိနေပြီး ရှာဖွေကြည့်ရှုနိုင်ခြင်းပင် ဖြစ်ပါသည်။ ပြည်သူများသည် ဥပဒေသတင်းအချက်အလက်များကို အလွယ်တကူလေ့လာကြည့်ရှုနိုင်သဖြင့် ဥပဒေနှင့် ပိုမိုနီးကပ်လာပြီး ဥပဒေဆိုင်ရာ အသိပညာ၊ ဗဟုသုတများ တိုးပွားလာခြင်းဖြင့် ဆောင်ရန်၊ ရှောင်ရန်များကိုသိရှိပြီး ဥပဒေနှင့်အညီ ကျင့်ကြံလိုက်နာ နေထိုင်ဆောင်ရွက်တတ်သည့် ဝန်းကျင်ကောင်းတစ်ရပ် ပေါ်ပေါက်လာစေပြီး တရားဥပဒေစိုးမိုးမှုလည်း ရှိလာမည်ဖြစ်ပါသည်။

ရေရှည်တည်တံ့နိုင်စေရန် ကြိုးစားရမည်

မြန်မာဥပဒေ သတင်းအချက်အလက်စနစ် (Myanmar Law Information System – MLIS) အောင်မြင်ပြီး ရေရှည်တည်တံ့နိုင်စေရန် ကျွန်ုပ်တို့ ဆက်လက်ကြိုးစားရမည်ဖြစ်ပါသည်။ ဥပဒေသတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ အတတ်နိုင်ဆုံး ထည့်သွင်းပြီး ဝန်ဆောင်မှုပေးထားသောကြောင့် ဆိုက်ဘာလုံခြုံရေးအတွက် အမြဲစောင့်ကြည့်နေရသကဲ့သို့ ဥပဒေသတင်းအချက်အလက်များကို နေ့စဉ် စိစစ်တည်းဖြတ်ဖြည့်စွက်ရသောလုပ်ငန်းများကိုလည်း ကြိုးစားဆောင်ရွက်နေကြပါသည်။ ပြုပြင်ထိန်းသိမ်းမှုများအတွက် ရန်ပုံငွေနှင့် လေ့ကျင့်ပျိုးထောင်ပေးရမည့် လူစွမ်းအားအရင်းအမြစ်များလည်း လိုအပ်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် မြန်မာဥပဒေ သတင်းအချက်အလက်စနစ် (Myanmar Law Information System – MLIS)စနစ်ကို ပထမဆုံးတည်ထောင်နိုင်သည့် နိုင်ငံဖြစ်ခြင်းမှာ ဂုဏ်ယူရမည် ဖြစ်ပါသည်။ သို့ဖြစ်၍ အစိုးရဌာနအဖွဲ့အစည်းအနေဖြင့် မိမိတို့ဌာန အဖွဲ့အစည်းများက စီမံခန့်ခွဲရန် ထုတ်ပြန်ထားသည့် နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များစသည့် တစ်ဆင့်ခံ ဥပဒေများကို ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့ခြင်းဖြင့် MLIS အဖွဲ့ရှည်တည်တံ့စေရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးစေလိုပါကြောင်း တိုက်တွန်းအပ်ပါသည်။ ။

> **ပြည်သူများသည် ဥပဒေသတင်းအချက်အလက်များကို အလွယ်တကူ လေ့လာကြည့်ရှုနိုင်သဖြင့် ဥပဒေနှင့် ပိုမိုနီးကပ်လာပြီး ဥပဒေဆိုင်ရာ အသိပညာ၊ ဗဟုသုတများ တိုးပွားလာခြင်းဖြင့် ဆောင်ရန်၊ ရှောင်ရန်များကို သိရှိပြီး ဥပဒေနှင့်အညီ ကျင့်ကြံလိုက်နာ နေထိုင်ဆောင်ရွက်တတ်သည့် ဝန်းကျင်ကောင်းတစ်ရပ် ပေါ်ပေါက်လာစေပြီး တရားဥပဒေစိုးမိုးမှုလည်း ရှိလာမည်ဖြစ်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ် များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) စျေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံ မှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန် များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင် ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက် ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားပြတိုက် (ရန်ကုန်)ရှိ ပြခန်းများ၌ ပစ္စည်းအမျိုးပေါင်း ၄၀၄၁ ခု ခင်းကျင်းပြသ

ရန်ကုန် မေ ၂၆

ရန်ကုန်မြို့ ပြည်လမ်းရှိ သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ပြကွက်များကို ပြသထားသော အမျိုးသားပြတိုက် (ရန်ကုန်)၌ ပြခန်းပေါင်းများစွာကို ခင်းကျင်း ပြသထားရာ ပစ္စည်းအမျိုးအမည်ပေါင်း ၄၀၄၁ ခုကို ခင်းကျင်းပြသထားကြောင်း အမျိုးသားပြတိုက် (ရန်ကုန်) မှ သိရသည်။

အမျိုးသားပြတိုက် (ရန်ကုန်) ကို ၁၉၅၂ ခုနှစ် တွင် ဂျူဗလီဟော်ဒ် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၇၀ ပြည့်နှစ်တွင် မူလဂျူဗလီဟောနေရာမှ ပန်းဆိုးတန်း လမ်းရှိ ဂရင်းလေးဘဏ်သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကာ ထိုမှတစ်ဆင့် ဒဂုံမြို့နယ် ပြည်လမ်းမရှိ အမှတ် (၆၆/၇၄) သို့ ငါးထပ်အဆောက်အအုံသစ်အဖြစ် ၁၉၉၆ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် တည်ဆောက် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့၍ မြေဧရိယာအားဖြင့် ၃ ဒသမ ၈၀၄ ဧက ကျယ်ဝန်းကြောင်း သိရသည်။

ပြခန်းပေါင်းများစွာ ခင်းကျင်းပြသထားသော အမျိုးသားပြတိုက် (ရန်ကုန်)၌ မြန်မာ့အကျင့်ရာနှင့် လက်ရေးမူပြခန်း၊ သီဟာသနပလ္လင်ပြခန်း၊ ရတနာပုံခေတ်ပြခန်း၊ မင်းခမ်းတော်ပစ္စည်းများ ပြခန်း၊ မြန်မာ့မြို့ပြယဉ်ကျေးမှုပြခန်း၊ သဘာဝ သမိုင်းနှင့် မြန်မာ့သမိုင်းမတိုင်မီပြခန်း၊ မြန်မာ့ လက်မှုအနုပညာပြခန်း၊ မြန်မာ့သုခုမအနုပညာ ပြခန်း၊ မြန်မာပန်းချီခန်းမဆောင်၊ မြန်မာ့ ရှေးဟောင်းအဆင်တန်ဆာရတနာပြခန်း၊ တိုင်းရင်း သားယဉ်ကျေးမှုပြခန်း၊ ဗုဒ္ဓအနုပညာပြခန်းနှင့် အာဆီယံသုတပြခန်းစသည်ဖြင့် ပြခန်းပေါင်း များစွာကို ပြကွက်များဖြင့် ခင်းကျင်းပြသထားသည်။

တနလ်းနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက် များကို ပြတိုက်ပိတ်ရက်အဖြစ် သတ်မှတ်ထားပြီး ကျန်အခြားရက်များတွင် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ထားကြောင်း၊ ပြတိုက်ဝင်ကြေး တစ်ဦးလျှင်ငွေကျပ် ၅၀၀ သတ်မှတ်ထားကာ သံဃာတော်၊ သီလရှင်နှင့် ကျောင်းသား ကျောင်းသူ များ အခမဲ့ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

စိုးမြင့်အောင်

ဒေးဒရဲမြို့၌ နွေရာသီ အခြေခံအားကစားသင်တန်းဆင်း

ဒေးဒရဲ မေ ၂၆

ဒေးဒရဲမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးကျင်းပသည့် နွေရာသီအခြေခံအားကစား သင်တန်းဆင်းပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးမွန်မြတ်သူစိုးက အားကစားနည်းစနစ်များကို သင်ကြားပေးခဲ့သည့် သင်တန်းနည်းပြများအား အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ဖူဆယ်၊ ပိုက်ကျော်ခြင်း၊ မြန်မာ့သိုင်း၊ ဘော်လီဘောနှင့် တင်းနစ်အားကစားနည်းများတွင် ထူးချွန်ဆုရရှိသည့် သင်တန်းသား သင်တန်းသူ ၁၉ ဦးအား ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မယ်စဲ့မြို့နယ်၌ စာဖတ်ဝိုင်း ကျင်းပ

မယ်စဲ့ မေ ၂၆

စာရေးဆရာချစ်နိုင် (စိတ်ပညာ) ရေးသားသည့် လူငယ်နဲ့အခွင့်အလမ်း စာအုပ်ဖြင့် စာဖတ်ဝိုင်းပြုလုပ်ခြင်းကို မေ ၂၅ ရက် ညနေ ၃ နာရီက မယ်စဲ့မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ၌ ကျင်းပသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောဝတ်ရည်က စာရေးဆရာ ချစ်နိုင် (စိတ်ပညာ) ရေးသားသည့် လူငယ်နဲ့အခွင့်အလမ်းစာအုပ်မှ အဆိုးနဲ့အကောင်းခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအဖွဲ့ဝင် ကိုငြိမ်းထက်အောင်က လူ့တန်ဖိုးခေါင်းစဉ်ဖြင့် လည်းကောင်း ဦးဆောင်ဆွေးနွေးရာ Women Club အဖွဲ့ဝင် ဒေါ်မိုမို့ဌေးက ဦးဆောင်ဆွေးနွေးသွားသည့် အကြောင်းအရာများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေထုတ်ချေး

လွိုင်လင် မေ ၂၆

၂၀၂၁ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေထုတ်ပေးခြင်းကို လွိုင်လင်မြို့ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်၌ ယနေ့နံနက်ပိုင်းက တောင်သူများအား ချေးငွေထုတ်ပေးလျက်ရှိကြောင်း သိရသည်။

လွိုင်လင်မြို့နယ် ဆင်ခြေဖုန်းကျေးရွာအုပ်စုနှင့် လွိုင်လင်အရှေ့ကျေးရွာအုပ်စုများမှ တောင်သူ ၁၀၈ ဦးတို့၏ စပါးစိုက်ဧက ၅၁၄ ဧကနှင့် အခြားသီးနှံ ၂၂၉ ဧကတို့အတွက် မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေ သိန်း ၁၀၀၀ကို တောင်သူများအားထုတ်ချေးပြီး စပါးတစ်ဧကအတွက် ကျပ် ၁၅၀၀၀၀ နှင့် အခြားသီးနှံအတွက် ကျပ်တစ်သိန်းနှုန်းဖြင့် ထုတ်ပေးကြောင်း သိရသည်။ ၂၀၂၁ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေထုတ်ပေးခြင်းကို လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်တို့မှ မြို့နယ် ရှစ်မြို့နယ်အတွက် ထုတ်ချေးပေးရန် ချေးငွေကျပ် ၄၀၉၅၁ သိန်းကို လျာထားကြောင်း သိရသည်။

မိုးလွင်ဦး(လွိုင်လင်)

မိုးတွင်းကာလအတွင်း မိုးကြိုးအန္တရာယ်ကို ဘယ်လိုကာကွယ်ကြမလဲ?

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

မြိတ်မြို့၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

မြိတ် မေ ၂၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်း ၁၃၉၀ နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၅၈၅ ကတ် ပေးအပ်ပွဲအခမ်းအနားကို မေ ၂၄ ရက် နံနက် ၉ နာရီက ပုလဲရတနာခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တိုင်းဒေသကြီးဦးစီးဌာနမှူး ဦးယဉ်ထွေးက ပန်းခင်းစီမံချက်ဖြင့် ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စု လူဦးရေစာရင်း ဆောင်ရွက်ပေးမှုကိုရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကြီး၊ ဦးခင်မောင်မြင့်၊ တိုင်းဒေသကြီးဦးစီးမှူး ဦးယဉ်ထွေး၊ မြိတ်ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်ဇော်နှင့် တာဝန်ရှိသူများက နိုင်ငံသား စိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို ပြည်သူများအား ပေးအပ်ခဲ့ကြသည်။

ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုစာရင်းမရှိသေးသည့် ပြည်သူများနှင့် အသက် ၁၆ နှစ်နှင့် ၁၈ နှစ်ကြား၊ အသက် ၁၈ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသည့် မြိတ်မြို့နယ်အတွင်းရှိ ရပ်ကွက် ၁၂ ရပ်ကွက်နှင့် ကျေးရွာအုပ်စု နှစ်စုတို့မှ ပြည်သူများအား မေ ၃ ရက်မှစတင်၍ စုပေါင်းရုံးတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိရာ ဆောင်ရွက်ပြီးစီးခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်း ၁၃၉၀ နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၅၈၅ ကတ်ကို ပြည်သူများအား ပေးအပ်ခဲ့ခြင်းဖြစ်သည်။

တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ပန်းခင်းစီမံချက်ဖြင့်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံး ဝန်ထမ်းများက အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိသည့် စုပေါင်းရုံးတွင်ပြည်သူများ လာရောက်ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ခိုင်ထူး (မြိတ်ပြန်/ဆက်)

ရောဝတီမြစ်ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

မြင်းမူ မေ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် လက္ကပင်ကျေးရွာရှိ ဧရာဝတီမြစ် ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲကိုကိုနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအဖြစ် Conerete Pile အခြေပြုကျောက်စီမြေထိန်းတမံ ၇၀၅ ပေ၊ Bored Pile အခြေပြုကျောက်စီမြေထိန်းနံရံနှင့် တမံပေ ၁၀၀ နှင့် ConeretePile အခြေပြုကျောက်စီမြေထိန်းတမံ ပေ ၁၅၀ တို့ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ လုပ်ငန်းဆောင်ရွက်မှု ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

မြေထိန်းနံရံများဆောင်ရွက်ပြီးစီးသွားပါက ယင်းကျေးရွာရှိ အိမ်ထောင်စုများအနေဖြင့် မိုးတွင်းအခါ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ကမ်းပြိုခြင်းနှင့် အတူ အိုးအိမ်များပျက်စီးဆုံးရှုံးခြင်းနှင့် ပြောင်းရွှေ့ရခြင်းများမှ လွတ်ကင်းရတော့မည် ဖြစ်ရာ ကျေးရွာပြည်သူများ ဝမ်းမြောက်ဝမ်းသာရှိကြောင်း သိရသည်။

အောင်စိုးဖေ(မြင်းမူ)

မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်

မြန်အောင် မေ ၂၆

သဘာဝဘေးအန္တရာယ်များ ကျရောက်လာသည့်အခါ အရေးပေါ်ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ပိုမိုလျင်မြန်လွယ်ကူစွာ ပြုလုပ်နိုင်ရေးအတွက် မြန်အောင်မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မေ ၂၅ ရက် နံနက်ပိုင်းက မြန်အောင်မြို့ အမှတ်(၄)ရပ်ကွက် မင်းကန်ကြီးကန်အတွင်း အရေးပေါ်ရှာဖွေကယ်ဆယ်ရေးသရုပ်ပြ လေ့ကျင့်ခြင်း ဆောင်ရွက်ခဲ့ကြသည်။

မြန်အောင်မြို့နယ် မီးသတ်ဦးစီးမှူး ဦးကိုကိုသူဦးဆောင်သည့်မီးသတ်တပ်ဖွဲ့ဝင်များက အရေးပေါ်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်ခြင်း ဆောင်ရွက်နေမှုကို ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းဦး ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ဝမ်းတွင်းမြို့နယ်၌ ခေတ်မီစက်ကိရိယာများအသုံးပြုမှု ကွင်းသရုပ်ပြ

ဝမ်းတွင်း မေ ၂၆

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်တွင် ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုအဆင့်ဆင့်ဖြစ်သည့် မြေပြုပြင်၊ မျိုးစေ့ချ၊ ဆေးဖျန်းခြင်းတို့အတွက် စက်ကိရိယာများအသုံးပြုမှု ကွင်းသရုပ်ပြပွဲကို မေ ၂၄ ရက် နံနက်ပိုင်းက ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (ရွှေတောင်) တွင် ပြုလုပ်သည်။

အကွက်အမှတ် (၄၁) နှစ်ကေတွင် မျိုးစေ့ချကိရိယာဖြင့် ဝါမျိုးစေ့ချခြင်းအား သရုပ်ပြခြင်း၊ အကွက်အမှတ် (၃၈) ၃ ဒသမ ၀၀ ဧကတွင် Self Propel Boom Sprayer ဖြင့် ဝါသီးနှံစိုက်ခင်းအား ပိုးသတ်ဆေးဖျန်းခြင်းတို့ကို လက်တွေ့သရုပ်ပြခြင်း၊ ကွင်းအမှတ် (၅၇/၁) ၃ ဒသမ ၀၀ ဧကတွင် Subsoiler၊ လေးသွားထယ် Rotavator ကိရိယာများဖြင့် မြေပြုပြင်ခြင်းလုပ်ငန်းများ သရုပ်ပြခြင်း၊ အကွက်အမှတ် (၅၇/၂) ရှိ ၃ ဒသမ ၀၀ ဧကတွင် Reversible Plough၊ Power Harrow စက်ကိရိယာများဖြင့် မြေပြုပြင်ခြင်းလုပ်ငန်းများကို လက်တွေ့သရုပ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး တောင်သူများအတွက် နည်းပညာမြင့်စက်ကိရိယာများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် တွင်ကျယ်စွာ အသုံးပြုတတ်စေရန် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ စက်မှုလယ်ယာဦးစီးဌာနတိုင်းဦးစီးမှူး၊ ခရိုင်မှူး၊ မြို့နယ်ဦးစီးမှူးများ၊ မိတ္ထီလာ စက်မှုလယ်ယာသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး၊ အင်းကုန်းစက်ရုံမှ စက်ရုံမှူးများနှင့် သင်တန်းသားများ၊ စက်မှုလယ်ယာဝန်ဆောင်မှုအသင်းများမှ တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

စိတ်ကြွ မူးယစ် အရက် မိမိကိုယ်တိုင်ဖြတ်

စိတ်ကြွရူးသွပ်ဆေးပြား၊ မူးယစ်ဆေးဝါးနှင့် သေရည်အရက်တို့က လူကို ဘေးဖြစ်စေတတ်သည်၊ ရှောင်ရှားကြရမည်ကို တတ်သိစအရွယ်မှစ၍ ယနေ့လူသားအားလုံး နားရည်ဝကြပြီးဖြစ်သည်။ သို့သော် "အသိခေါက်ခက် အဝင်နက်" ဆိုသကဲ့သို့ မကောင်းတာကို သိသိကြီးနှင့်ပင် စိတ်အလိုလိုက်ကာ သုံးစွဲနေကြသူများလည်းရှိသည်။ ထို့ကြောင့် စိတ်ကြွရူးသွပ်ဆေးပြားများ၊ မူးယစ်ဆေးဝါးနှင့် သေရည်အရက်တို့ကို မိမိကိုယ်တိုင် ဖြတ်မှပြတ်မည်ဖြစ်ကြောင်း အကြံပြုလိုပါသည်။

စိတ်ကြွရူးသွပ်ဆေးပြား

ဂျပန်လူမျိုး သိပ္ပံပညာရှင် Dr.Nagayoshi Nagai က ၁၈၈၈ ခုနှစ်တွင် ဓာတုဗေဒပစ္စည်းများဖြင့် စမ်းသပ်ထုတ်လုပ်ရာမှ မက်အဖီတမင်းကို တွေ့ရှိခဲ့သည်။ ထိုမှတစ်ဆင့် အမဖက်တမင်းဆေးမှုန့်ကို ထုတ်လုပ်ခဲ့ပြီး ၎င်းဆေးဝါးကို ပန်းနာရင်ကျပ်ပျောက်ဆေး၊ အဝလွန်ခြင်းကို လျှော့ချစေသည့် ဆေးအဖြစ် အသုံးပြုကြသည်။ ၁၉၄၁ ခုနှစ်တွင် ဂျပန်နိုင်ငံ ဒိုက်နိုပွန်ကုမ္ပဏီက Philopon ဟူသော ဆေးအမည်ဖြင့် WY ဆေးပြား အမဖက်တမင်းကို ထုတ်လုပ်ပြီး ဒုတိယကမ္ဘာစစ်အတွင်း စတင် အသုံးပြုခဲ့သည်။ ထိုခေတ်ကာလက ဂျပန်စစ်သည် လူနာများအတွက် WY ဆေးပြားသုံးရခြင်း၏ ရည်ရွယ်ချက်မှာ စိတ်ကို နိုးကြားပျော်ရွှင်လန်းဆန်းစေရန်၊ စိတ်မွန်းကျပ်မှု၊ ချုပ်တီးမှု၊ ဖိစီးမှုများ ပြေလျော့စေရန်၊ သောကများ၍ စိတ်ဝေဒနာခံစားနေရခြင်းများမှ သက်သာစေရန်အတွက် တိုက်ကျွေးခဲ့ခြင်းဖြစ်သည်။ သို့သော် ၎င်းဆေးပြားသည် ဦးနှောက်နှင့် ဗဟိုနာဗ်ကြောအဖွဲ့အစည်းများ၏ လှုပ်ရှားမှုများကို ပိုမိုမြန်ဆန်သွက်လက်အောင် လှုံ့ဆော်တတ်သော ဒြပ်ပေါင်းတစ်မျိုးဖြစ်သည်။ မလိုအပ်ဘဲ သုံးစွဲခြင်း သို့မဟုတ် ကျန်းမာရေးအရ လိုအပ်သည်ထက် ပို၍သုံးစွဲမိရာတွင် အဆင်မသင့်ပါက စိတ်ရောဂါလက္ခဏာများ ပေါ်ထွက်လာကာ အရူးတစ်ပိုင်းသဖွယ် ပြုမူဆက်ဆံတတ်သောကြောင့် "စိတ်ကြွရူးသွပ်ဆေး" ဟု ခေါ်ခြင်းဖြစ်သည်။

စိတ်ကြွရူးသွပ်ဆေးအန္တရာယ်

စဦးအဆင့်

စိတ်ကြွရူးသွပ်ဆေးကို တလွဲသုံးစွဲသောက်ပြီးနောက် ခဏအကြာမှာ နှလုံးတုန်ရင်ခုန်ပြီး အသက်ရှူမြန်စေသည်။ စိတ်တက်ကြွမှုကို ခံစားရပြီး စကားများများပြောခြင်း၊ သွက်လက်လှုပ်ရှားခြင်း၊ စိတ်ဆတ်စိတ်ဆိုးခြင်း ဖြစ်လွယ်သည်။ စိတ်တက်ကြွမှု ပြင်းထန်လာသည်နှင့်အမျှ အားအင်ဆုတ်ယုတ်၍ နုံးခွေမှုပါ တစ်ဆက်တည်း ခံစားရသည်။ ထို့နောက် ခြေ၊ လက် တုန်ခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်း၊ မူးဝေခြင်း၊ စိတ်တင်းကျပ်ခြင်း၊ ရင်ဘတ်နာခြင်း၊ ကာမရာဂစိတ်များ ပြောင်းလဲဖောက်ပြန်ခြင်း၊ စိုးရိမ်လွန်ပူပန်ခြင်း၊ အအိပ်နည်းခြင်း ဖြစ်စေသည်။

ဆေးကျွမ်း(ဆေးစွဲ) အဆင့်

သုံးစွဲမှုများပြားလာသည်နှင့်အမျှ အသက်ရှူမဝခြင်း၊ ခေါင်းကိုက်ခြင်း၊ ပူလိုက်အေးလိုက်ဖြစ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ ကယောင်ကတမ်းဖြစ်ခြင်း၊ စိတ်မြန်ခြင်း၊ အမှန်တကယ်မရှိပါဘဲနှင့် အမြင်၊ အကြား၊ အသိအာရုံမှားများ ခံစားရခြင်း၊ သူတစ်ပါးအား သံသယစိတ်ဝင်ပြီး သင်္ကာမကင်းဖြစ်ခြင်း၊ မိမိကိုယ်ကို ယုံကြည်စိတ်ပျောက်ပြီး ပတ်ဝန်းကျင်ကို စိုးကြောက်ခြင်း၊ သောကများပြီး ထိန်းမနိုင် သိမ်းမရပေါက်ကွဲခြင်း၊ မိမိအား လျှပ်စစ်ဖြင့်တို့ခြင်း၊ လေဆာရောင်ခြည်ဖြင့် တိုင်းခြင်း၊ အဝေးထိန်းခလုတ်ဖြင့်ထိန်း၍ တစ်ယောက်ယောက်က စိတ်ဒုက္ခပေးနေသည်ဟု ထင်ယောင်ထင်မှား ခံစားရခြင်း၊ အာရုံကြောနှင့် ကြွက်သားများရုန်း၍ တွန့်လိမ်ကောက်ကွေးခြင်းတို့ဖြစ်စေသည်။

ဆေးလွန်အဆင့်

ဆေးလွန်လျှင် စိတ်ဖောက်ပြန်ရူးသွပ်ခြင်း၊ ဝက်ရူးပြန်ခြင်း၊ နှလုံးသွေးကြောပိတ်ခြင်းနှင့် နှလုံးရောဂါဖြစ်ခြင်း၊ ဦးနှောက်သွေးကြောပွခြင်း၊ သွေးကြောပြတ်၍ သွေးယိုစီးခြင်း၊ လေဖြတ်ခြင်းနှင့် အတူ အသက်ပါဆုံးနိုင်သည်။ စိတ်ကြွရူးသွပ်ဆေးပြားများကို ထိုသို့အလွဲသုံးနေရာမှ ရုတ်တရက် ရပ်နားလိုက်လျှင် ပြင်းထန်သော စိတ်ကျရောဂါဖြစ်လာသည်။ ဝေဒနာကို ပြေပျောက်ရန် ယာယီကုစားမှုအနေဖြင့် ရေချိုနိုကိုက်ကာ ပြန်လည်သုံးစွဲနေစဉ် လုံးဝအိပ်စက်၍မရတော့ပေ။ ထိုအခါ အိပ်ဆေးနှင့် အရက်ရောနှောပြီး သောက်သုံးသဖြင့် စိတ်ကျလိုက်၊ စိတ်တက်လိုက်ဖြစ်ကာ ယင်းစွဲလမ်းစိတ်ကို ခံနိုင်ရည်စွမ်းအားမရှိတော့ဘဲ ဆေးလွန်ပြီး သေဆုံးနိုင်သည်။

ဘဝနိဂုံးအဆုံးမလှ

စိတ်မခိုင်ဘဲ ဆေးဖြတ်လိုက်၊ သုံးစွဲလိုက်ပြုလုပ်ခဲ့လျှင် စိတ်ကျခြင်း၊ အစားများများစားခြင်း၊ အချိန်ကြာမြင့်စွာ အိပ်စက်ခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း စသည်တို့ခံစားရပြီး နောက်ဆုံးအဆင့်တွင် မိမိကိုယ်ကို သတ်သေခြင်းဖြင့် အဆုံးစီရင်သွားကြသော သာဓကများစွာ တွေ့ရသည်။

ဘိန်းဖြူ

စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအတွက် ဘိန်းဖြူသည် အမြင့်ဆုံးနှင့် အပြင်းထန်ဆုံး အက်စစ်တစ်မျိုး ဖြစ်သည်။ အထက်တွင် ဖော်ပြထားသော WY ဆေးပြားသည် အက်စစ်ကိုအခြေခံထားပြီး ဆာလဖြူရစ်အက်စစ်၊ နိုက်ထရစ်အက်စစ်တို့အပြင် ထုံးရည်ကြည် စသည့်အက်စစ် ၁၄ မျိုးပါဝင်သည်။ ဘိန်းဖြူသုံးစွဲပြီးနောက် ဆေးကျွမ်းသည့် အဆင့်မှာ လူ့ခန္ဓာကိုယ်၏ အမာဆုံးအစိတ်အပိုင်းဖြစ်သော အရိုးများက အမှုန့်ဖြစ်သွားစေသည်။

နီကိုတင်း သို့မဟုတ် အဆိပ်ငွေ့

"မူးယစ်အစ ဆေးလိပ်က" ဖြစ်ပါသည်။ နီကိုတင်း (Nicotine) ဆိုသည်မှာ ဓာတုဒြပ်ပေါင်းတစ်မျိုးဖြစ်ပြီး ဓာတုနည်းအရ ဖော်မြူလာကို $C_{10}H_{14}N_2$ ဟု သတ်မှတ်သည်။ နီကိုတင်းဓာတ်သည် ခန္ဓာကိုယ်တွင်း ရောက်ရှိပြီးနောက် နာရီ ၂၀ ကြာသည်အထိ အာနိသင်မပြယ် ရှိနေတတ်ပြီး ၎င်းပမာဏ၏ ရာခိုင်နှုန်းအနည်းငယ်ကိုသာ ဆီးအဖြစ် ကျောက်ကပ်က အဆိပ်ဖယ်ရှားနိုင်သည်။ မိမိကိုယ်တိုင် ဆေးလိပ်မသောက်သော်လည်း တစ်ဆင့်ခံဆေးလိပ်ငွေ့ကြောင့် နီကိုတင်း အဆိပ်သင့်နိုင်ပါသည်။ ဆေးလိပ်ငွေ့ထဲတွင် ကင်ဆာဖြစ်စေနိုင်သည့် ဓာတုပစ္စည်း ၅၀ ကျော်နှင့် အခြားဓာတ်ပစ္စည်းအမျိုးပေါင်း ၄၀၀၀ ကျော်တို့ ပါဝင်သည်။ ရုံးခန်း၊ အိမ်ခန်း၊ အိမ်စီးကားများအတွင်း ဆေးလိပ်သောက်ပါက ဆေးလိပ်မှုန်များသည် ကြမ်းပြင်၊ ကြမ်းခင်း၊ ကော်ဇော၊ ဆိုဖာဆက်တီ၊ ဗီရိုစသည်တို့အပေါ်တွင် စွဲတင်ကျန်နေပြီး နီကိုတင်းဓာတ်မှာ ရက်ပေါင်းများစွာ တည်ရှိနေသည်။ လေလုံသည့်အခန်းတစ်ခုထဲတွင် ဆေးလိပ်ငွေ့၏ အကြွင်းအကျန်များက ငါးနာရီခန့်ကြာသည်အထိ ရှိနေတတ်သည်။ ကျန်းမာရေးအတွက် အလွန်အန္တရာယ်များပြီး ၎င်းပြဿနာကို Third Hand Smoke ဟု ခေါ်သည်။

စိတ်ကြွရူးသွပ်ဆေးပြား၊ မူးယစ်ဆေးဝါးနှင့် သေရည်အရက် စွဲလမ်းခြင်းကို ကုသရာတွင် ၎င်းတို့ကို တဖြည်းဖြည်းလျှော့သုံးစေသည့်နည်း သို့မဟုတ် လုံးဝဖြတ်စေသည့်နည်း ဖြစ်သည်။ ၎င်းတို့သုံးစွဲမှုကို လုံးဝပြတ်သွားသည်နှင့် နောက်ထပ်တစ်ကြိမ် အနည်းငယ်မျှလောက်ပင် လုံးဝပြန်မသုံးရန်လိုအပ်သည်။ ၎င်းတို့ကို သုံးစွဲသောက်စားနေသူများ၊ ရောင်းဝယ်သူများနှင့် လုံးဝအဆက်အသွယ်ဖြတ်ရန်လိုအပ်။

တင်ထက်ထက်ဇော်

နီကိုတင်းဓာတ်သည် လူကိုစွဲလမ်းစေတတ်သောဂုဏ်သတ္တိရှိပြီး စိတ်ကိုပါ ပြောင်းလဲစေတတ်သည်။ နီကိုတင်းစွဲလမ်းမှုသည် အရက်စွဲလမ်းမှုထက် ခြောက်ဆမှ ရှစ်ဆအထိ ပိုသည်။ ထို့ကြောင့်လည်း နီကိုတင်းကို သုံးစွဲမိသွားသူများမှာ ၉၅ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအထိ ဖြစ်သွားကြသည်။ ဆေးလိပ်ထဲတွင်ပါရှိသော နီကိုတင်းဓာတ်သည် ကောင်းစွာအိပ်စက်မှုကို နှောင့်ယှက်ရုံသာမက အဆုတ်ထဲရောက်သွားသော နီကိုတင်းအဆိပ်ဓာတ်တို့သည် အိပ်ပျော်နေစဉ် အသက်ရှူလမ်းကြောင်းကိုပါ အဟန့်အတား ဖြစ်စေသည်။ ထို့မျှမက နှလုံးသွေးကြောကျဉ်း၊ သွေးကြောပိတ်၊ လေဖြတ်၊ အဆုတ်ပြွန်ရောင်၊ အဆုတ်ပွ၊ သွေးတိုး၊ ခြေပုပ်လက်ပုပ်၊ ပန်းသေပန်းညှိုး၊ ပါကင်နှံဆဲန် (ခေါ်) ခြေတုန်လက်တုန်ရောဂါ၊ အယ်လ်ဇိုင်းမား (ခေါ်) ဦးနှောက်ဇရာကြိုရောဂါ၊ အူရောင်ရောဂါ၊ သတိမေ့လျော့သွားခြင်း၊ စိတ်ကျရောဂါ၊ အဝလွန်ခြင်း၊ အဆစ်အမျက်ရောင်နာရောဂါ စသည့် ရောဂါများစွာကို ခံစားရရှိနိုင်သည်။ ကိုယ်ဝန်ဆောင်မိခင်များကိုယ်တိုင် ဆေးလိပ်သောက်၍ဖြစ်စေ၊ ကိုယ်ဝန်ဆောင်စဉ် second smoker အဖြစ် နီကိုတင်းဓာတ်ကို မကြာခဏရှူရှိုက်မိ၍ဖြစ်စေ မိခင်ရော သန္ဓေသားပါ ဆိုးကျိုးများစွာကို ခံစားရနိုင်သည်။ နီကိုတင်းဓာတ်ကြောင့် ခံတွင်း၊ ဆီး၊ ချွေးနံ့ ဆိုးတွေပါ ထွက်စေသည်။

အီးစီးကရက်သောက်ခြင်းက ဆေးလိပ် လုံးဝမပြတ်နိုင်ပါ။ နီကိုတင်းကို ပုံစံပြောင်းပြီး ရေပြောင်းပုံစံပြုလုပ်ထားခြင်းမျှသာဖြစ်သည်။ အီးစီးကရက်သောက်သုံးခြင်းက ပေါက်ကွဲတတ်၍ လူကို အန္တရာယ် ဖြစ်စေနိုင်သည်။ ယခုအခါ အီးစီးကရက် ထုတ်လုပ်ခဲ့သော အနောက်နိုင်ငံများပင် သုံးစွဲမှုကို တရားဝင်တားမြစ်ထားသည်။

သေရည်အရက်

အရက်ဆိုသည်မှာ ပေါင်းခံချက်လုပ်ရသော Ethyl Alcohol ဓာတုအရည်တစ်မျိုးဖြစ်၍ အရက်သောက်သုံးသူများသည် ဓာတုအရည်များကို မျိုချနေကြခြင်းဖြစ်သည်။ Ethyl Alcohol သည် ဓာတုပစ္စည်းတစ်မျိုးဖြစ်သောကြောင့်လည်း ရေမွေး၊ ပေါင်ဒါမှုန့်၊ မိတ်ကပ် စသည့် အလှကုန်ပစ္စည်းများအတွက်သာမက ဆေးဝါး၊ ဆပ်ပြာ၊ ဆပ်ပြာမှုန့် စသည်ဖြင့် လူသုံးကုန်ပစ္စည်းများတွင်ပါ ထည့်သွင်းဖော်စပ်လေ့ရှိသည်။ အရက်သောက်ခြင်းက DNA ၏ ပင်မဆဲလ်များ ပျက်စီးသွားခြင်းကြောင့် အသည်း၊ ရင်သား၊ အူသိမ်အူမ၊ လည်ချောင်း၊ ခံတွင်း၊ အစာပြွန်နှင့် အသံအိုးဆိုင်ရာ ကင်ဆာရောဂါခုနစ်မျိုးကို ဖြစ်ပွားစေနိုင်သည်။ ရံဖန်ရံခါမှ အရက်အလွန်အကျွံ သောက်မိခြင်းထက် ပမာဏအနည်းငယ်စီ မကြာခဏသောက်ခြင်းက နှလုံးခုန်နှုန်း မူမမှန်ဖြစ်လာနိုင်သည့်အန္တရာယ် မြင့်တက်စေနိုင်သည်။

"ဓားကိုဖျက် ဝါးမြက်၊ လူကိုဖျက် အရက်" ဖြစ်သည်။ အရက်သောက်နည်း သုံးမျိုးရှိရာ (၁) ရံဖန်ရံခါမှ ပေါင်းသင်းဆက်ဆံရေးအတွက် မလွဲမရှောင်သာ၍ သောက်ခြင်းကို "လူက အရက်ကို သောက်တယ်" ဟုခေါ်သည်။ (၂) ညနေစောင်းချိန်ရောက်တိုင်း လေချဉ်တက်ကာ တောင်းတနေခြင်းမျိုးကို "အရက်က လူကိုသောက်တယ်" ဟုခေါ်သည်။

စာမျက်နှာ ၂၃ သို့ ❖

အနုပညာ

ဝန်ထမ်းဟောင်းခုနစ်ဦးရဲ့ တရားစွဲဆိုခြင်း ခံထားရတဲ့ ကင်ကာဒါးရှီးရန်း

ကျော်ကြားတဲ့ ဟောလိဝုဒ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ကင်ကာဒါးရှီးရန်းဟာ ယခင်က သူ့ဆီမှာ အလုပ်လုပ်ခဲ့ကြတဲ့ ဝန်ထမ်းစုစုပေါင်း ခုနစ်ဦးရဲ့ တရားစွဲဆိုမှုနဲ့ ရင်ဆိုင်နေရကြောင်းနဲ့ ဒီလိုတရားစွဲဆိုထားတာဟာ လုပ်ခငွေ ပေးဖို့ကျန်ရှိနေတာ၊ အချိန်ပိုလုပ်အားခတွေ ရရှိခဲ့ခြင်းမရှိတာကြောင့် တရားစွဲဆိုထားတာဖြစ်ကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၄၀ ရှိပြီဖြစ်တဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ကင်ကာဒါးရှီးရန်းကို သူ့ရဲ့ ဟစ်ဒန်းဟေးအိမ်ကြီးမှာ အလုပ်လုပ်ခဲ့ကြတဲ့ ဝန်ထမ်းဟောင်းတွေက မေ ၂၄ ရက်က လော့စ်အိန်ဂျလိစ်မှာ တရားစွဲဆိုခဲ့တာ ဖြစ်ပါတယ်။ ကင်ကာဒါးရှီးရန်းဟာ လုပ်ခလစာပေးဖို့ နောက်ကျခဲ့တာ၊ လုပ်ခရဲ့ ၁၀ ရာခိုင်နှုန်းကို အခွန်ဆောင်ဖို့အတွက် ဖြတ်တောက်ခဲ့တာကြောင့် တရားစွဲဆိုခံထားရတာလည်း ဖြစ်ပါတယ်။

နယူးယောက်ပို့စ်ရဲ့ ဖော်ပြချက်အရ ကင်ကာဒါးရှီးရန်းဟာ အမေရိကန်ဒေါ်လာသန်း ၆၀ တန်ကြေးရှိတဲ့ အဆိုပါ နေအိမ်ကြီးမှာ အလုပ်လုပ်ခဲ့ကြတဲ့ ဝန်ထမ်းတွေကို လုပ်ခလစာပေးဖို့ကျန်နေကာ အချိန်ပိုကြေးတွေလည်း ပေးခဲ့ခြင်းမရှိဘူးလို့ အဆိုပါ အိမ်ကြီးမှာ အလုပ်လုပ်ခဲ့ကြတဲ့ ဝန်ထမ်းခုနစ်ဦးက စွပ်စွဲထားပါတယ်။ ဒါ့အပြင် ၎င်းအလုပ်သမားတွေ ပြောကြားချက်အရ အဆိုပါအိမ်ကြီးမှာ အလုပ်လုပ်စဉ် အစားစားဖို့တောင် အားလပ်ချိန်မရရှိခဲ့ဘူးလို့လည်း သိရပါတယ်။

ကင်ကာဒါးရှီးရန်းရဲ့ ပြောရေးဆိုခွင့်ရှိသူကတော့ ယခုလို တရားစွဲဆိုခံထားရတာဟာ ကင်ကာဒါးရှီးရန်းနဲ့ ပတ်သက်မှုမရှိကြောင်း၊ အဆိုပါ အလုပ်သမားတွေကို ကုမ္ပဏီတစ်ခုက ငှားရမ်းစာချုပ်ချုပ်ကာ အလုပ်သမားတွေနဲ့ပတ်သက်ပြီး အဆိုပါ ကုမ္ပဏီဘက်ကသာ စီစဉ်ဆောင်ရွက်တာဖြစ်တယ်လို့ ဆိုပါတယ်။

အေးပြည့် - စုစည်းသည်

လီဒါအင်နဲ့ပတ်သက်ပြီး လီဆန်းဂီဘက်က တရားဝင်ထုတ်ဖော်ပြောကြား

လတ်တလောမှာ ချစ်သူတွေဖြစ်နေကြောင်း ပေါ်ထွက်ခဲ့တဲ့ တောင်ကိုရီးယား ကြယ်ပွင့်စုံတွဲသစ် လီဆန်းဂီနဲ့လီဒါအင်တို့အကြောင်း မီဒီယာတွေက ဖော်ပြခဲ့ပြီးနောက် လီဆန်းဂီဘက်က သူတို့နှစ်ဦး ချစ်သူတွေဖြစ်နေကြောင်း ပထမဆုံးအကြိမ် ထုတ်ဖော်ပြောကြားခဲ့တယ်လို့ ကိုရီးယား ဘိုးဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ထပ်လောင်းအတည်ပြု

လီဆန်းဂီနဲ့ လီဒါအင်တို့နှစ်ဦး ချိန်းဆိုတွေ့ဆုံခဲ့ကြတဲ့ ဓာတ်ပုံတွေကို ဒစ်ပက်ချ်က ထုတ်ဖော်ပြသခဲ့ပြီးနောက် လီဒါအင်ရဲ့ အေဂျင်စီက သူတို့နှစ်ဦး တွေ့ဆုံနေတာအမှန်ပင်ဖြစ်ကြောင်း ဦးစွာ အတည်ပြုခဲ့တာပါ။ နောက်ပိုင်းမှာမှ လီဆန်းဂီရဲ့ အေဂျင်စီက ဒီသတင်းတွေနဲ့ပတ်သက်ပြီး မှန်ကန်ကြောင်း ထပ်လောင်းအတည်ပြုခဲ့ပါတယ်။

လီဆန်းဂီဟာ သူ့ရဲ့ အနုပညာခရီးတစ်လျှောက် ၁၇ နှစ်ကြာလက်တွဲလာခဲ့တဲ့ ဟွတ်အင်တာတိန်းမန့်နဲ့ မကြာသေးမီက လမ်းခွဲခဲ့ကာ တစ်ဦးတည်းအေဂျင်စီ တည်ထောင်လှုပ်ရှားသွားမှာဖြစ်ပါတယ်။ လီဒါအင်နဲ့ ချစ်သူတွေဖြစ်နေကြောင်း သူ့ဘက်က အတည်ပြုပြောကြားဖို့ နောက်ကျခဲ့ရခြင်းဟာ အေဂျင်စီသစ် တည်ထောင်တာနဲ့ပတ်သက်ပြီး အလုပ်များနေတာဖြစ်ကြောင်းလည်း လီဆန်းဂီကိုယ်စား သူ့ရဲ့ အေဂျင်စီဘက်က ပြောကြားခဲ့ပါတယ်။

လီဆန်းဂီရဲ့ အေဂျင်စီသစ်က လီဒါအင်နဲ့ချစ်သူတွေဖြစ်နေကြောင်း အတည်ပြုခဲ့ပေမယ့် အတည်မပြုရသေးတဲ့ သတင်းအချက်အလက်တွေ၊ သတင်းမှားတွေစတဲ့ ခန့်မှန်းရေးသားဖော်ပြမှုတွေနဲ့ပတ်သက်ပြီး ပရိသတ်တွေအနေနဲ့ သတိထားဖို့လည်း ထည့်သွင်းပြောကြားထားပါတယ်။

လီဒါအင်ဟာ လီဆန်းဂီရဲ့ အဘွားနဲ့ မကြာသေးမီက တွေ့ဆုံနှုတ်ဆက်ခဲ့တာ တွေ့ခဲ့ရပြီး အသက် ၃၄ နှစ်အရွယ် လီဆန်းဂီနဲ့ ၂၈ နှစ်ရှိပြီဖြစ်တဲ့ လီဒါအင်တို့ဟာ မကြာမီမှာ မင်္ဂလာပွဲကျင်းပသွားဖို့ရာရှိနေကြောင်းလည်း သတင်းတွေ ပေါ်ထွက်နေတယ်လို့ သိရပါတယ်။

Butter နဲ့ စံချိန်သစ် တင်နိုင်ခဲ့တဲ့ BTS

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ရဲ့ တေးသီချင်းသစ် Butter ဟာ လတ်တလောမှာ စံချိန်သစ် ထပ်မံတင်နိုင်ခဲ့ပြီဖြစ်ပါတယ်။ BTS ဟာ တေးသီချင်းသစ်တွေနဲ့ စံချိန်သစ်တွေ တင်နိုင်ခဲ့ပြီး နောက်ဆုံး ထုတ်လွှင့်ပေးခဲ့တဲ့ Butter ဟာလည်း အဖွဲ့အတွက် မှတ်တိုင်သစ်တွေကို ထပ်မံယူဆောင်ပေးနိုင်တဲ့ အောင်မြင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ပါတယ်။

Butter ကို မေ ၂၁ ရက်က စတင်ထုတ်လွှင့်ခဲ့ပြီး အဆိုပါ တေးသီချင်းဟာ စတင်ထုတ်လွှင့်ခဲ့တဲ့ ပထမဘီတင်းပတ်အတွင်း အော်ရီဂွန်ရဲ့ မှတ်တမ်းတွေအရ အကြိမ်အများဆုံး ထုတ်လွှင့်ခဲ့ရတဲ့ တေးသီချင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျပန်တေးဂီတကုမ္ပဏီတစ်ခုဖြစ်တဲ့ အောရီဂွန်က မေ ၂၆ ရက်မှာ ထုတ်ပြန်ခဲ့တဲ့ အချက်အလက်တွေအရ Butter ဟာ အော်ရီဂွန်ရဲ့ အပတ်စဉ် ရောင်းအားအကောင်းဆုံး ဒစ်ဂျစ်တယ် တေးသီချင်းစာရင်းမှာ နံပါတ်တစ်နေရာမှာ ရပ်တည်နေပြီး အကြိမ်အများဆုံး ထုတ်လွှင့်ခဲ့ရတဲ့ တေးသီချင်းစာရင်းကိုလည်း ထိပ်ဆုံးက ဦးဆောင်နေတာဖြစ်ကြောင်း သိရပါတယ်။ ဒါ့အပြင် အဆိုပါ တေးသီချင်းဟာ အော်ရီဂွန်မှာ ထုတ်လွှင့်ခဲ့သမျှသော တေးသီချင်းတွေအနက် ပထမဘီတင်းပတ်အတွင်း အကြိမ်အများဆုံး ထုတ်လွှင့်ခဲ့ရတဲ့ တေးသီချင်းအဖြစ်လည်း စံချိန်သစ် တင်ခဲ့ပါတယ်။

❖ စာမျက်နှာ ၂၂ မှ

(၃) မိုးလင်းကတည်းက အရက်နှင့်မျက်နှာသစ်ကာ တစ်နေကုန် အချိန်ရှိသရွေ့သောက်ခြင်းကို "အရက်က အရက်ကို သောက်တယ်" ဟုခေါ်သည်။

အရက်ဖြတ်ရန် ကြိုးစားရာတွင် ဇောချွေးပြန်ခြင်း၊ မူးမော်ခြင်း၊ အော့အန်ခြင်း၊ တုန်တုန်ယင်ယင်ဖြစ်ခြင်း၊ စိုးရိမ်စိတ်ကြီးခြင်း၊ စိတ်တိုတတ်ခြင်း၊ သူတစ်ပါးအပေါ် သံသယစိတ်ကြီးခြင်း၊ စိတ်ကယောင်ချောက်ချားဖြစ်ခြင်း၊ တက်ခြင်း စသည်ဖြင့် အသက်အန္တရာယ်ကိုဖြစ်စေနိုင်၍ အရက်စွဲသူများအနေဖြင့် အရက်ဖြတ်သည့်အခါမှာလည်း အိမ်မှာ မိမိဘာသာ အရက်ဖြတ်ခြင်းထက် ဆေးရုံတက်၍ အရက်ဖြတ်သင့်ပါသည်။ ဆေးရုံတွင်လိုအပ်သောဆေးဝါးများကို အသုံးပြုပေးပါလိမ့်မည်။

မိမိကိုယ်တိုင်ဖြတ်

စိတ်ကြွရူးသွပ်ဆေးပြား၊ မူးယစ်ဆေးဝါးနှင့် သေရည်အရက်စွဲလမ်းခြင်းကို ကုသရာတွင် ၎င်းတို့ကို တဖြည်းဖြည်း လျှော့သုံးစေသည့်နည်း သို့မဟုတ် လုံးဝဖြတ်စေသည့်နည်း ဖြစ်သည်။ ၎င်းတို့သုံးစွဲမှုကို လုံးဝပြတ်သွားသည်နှင့် နောက်ထပ်တစ်ကြိမ် အနည်းငယ်မျှလောက်ပင် လုံးဝပြန်မသုံးရန် လိုအပ်သည်။ ၎င်းတို့ကို သုံးစွဲသောက်စားနေသူများ၊ ရောင်းဝယ်သူများနှင့် လုံးဝအဆက်အသွယ်ဖြတ်ရန် လိုအပ်သည်။ အကောင်းဆုံးရှောင်ရှားရမည့်နည်းမှာ ၎င်းတို့ကို လုံးဝစတင်အသုံးမပြုရန် ဖြစ်သည်။ မည်သူတစ်ဦးတစ်ယောက်မျှ မွေးကတည်းက မူးယစ်ဆေးလိပ်၊ အရက်ဖက်လာခဲ့ကြသည် မဟုတ်ပေ။

အလွန်အကျွံသုံးစွဲ သောက်သုံးမိ၍ ဆေးစွဲခြင်း၊ အရက်နာကျခြင်း ဖြစ်လာရသည်။ ထိုအခါ သတိသံဝေဂရ၍ ဆေးဖြတ်၊ အရက်ဖြတ်ခြင်းကို ခံယူကြရာ၌ မိသားစု၊ ဆွေမျိုး၊ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်အောင် အားထုတ်ကြရသောအခါ အခက်အခဲများရှိကောင်းရှိလာနိုင်သည်။ မည်ကဲ့သို့သော အခြေအနေမျိုးတွင်ဖြစ်စေ အများသဘောထားများကို မိမိစိတ်ဖြင့် အဆင်ပြေအောင် ကြိုးစားနေထိုင်သွားမည်ဟု စိတ်ကိုပြင်ဆင်ထားရန်လိုပါသည်။ ပတ်ဝန်းကျင်က ယုံကြည်လာအောင် နေထိုင်ပြရပါမည်။ အိမ်ထောင်သည်ဖြစ်စေ၊ အိမ်ထောင်မရှိသည်ဖြစ်စေ ယောကျ်ားတို့မည်သည် အိမ်ထောင်ဦးစီးဖြစ်သည့်အတွက် ဦးစွာပထမ မိမိစိတ်ကို မိမိကိုယ်တိုင် ထိန်းမတ်နိုင်မှသာလျှင် မိသားစုကိုလည်း ဦးဆောင်နိုင်မည်ဖြစ်သည်။

စာရေးသူက အောက်ပါစကားသုံးခွန်းဖြင့် စကားလက်ဆောင်ပါးရင်း ဤဆောင်းပါးကို နိဂုံးချုပ်လိုက်ပါသည်။

★ ပျင်း ပျင်းမှန်းသိ လူတော်ဖြစ်၏၊ ပျင်းလျက်ပင် လူတော်ထင် ပျင်းမြဲ ပျင်းမည်ပင်။

★ ဖျင်း ဖျင်းမှန်းသိ လူတော်ဖြစ်၏၊ ဖျင်းလျက်ပင် လူတော်ထင် ဖျင်းမြဲ ဖျင်းမည်ပင်။

★ မကောင်း မကောင်းမှန်းသိ လူတော်ဖြစ်၏၊ မကောင်းလျက်ပင် ကောင်းသည်ထင် မကောင်းမြဲ မကောင်းမည်ပင်။ ။

ထိပ်ဆုံးမှာ တွေ့ကြမယ်

ဘဝတွင် ပိုကောင်းအောင်နေနည်း

ခင်မောင်ညို(ဘောဂဗေဒ)

ဘော်စတွန်သို့ ၂ နာရီ ၂၀ ထွက်မည်

ဂျွန်ဂျူနီးစ်သည် နယူးယောက်မြို့တော်မှာနေသည်။ သူက ဘော်စတွန်သွားချင်သဖြင့် လေဆိပ်သို့သွားပြီး လက်မှတ်တစ်စောင်ဝယ်သည်။ အချိန်အနည်းငယ်မျှ ပိုနေသေးသဖြင့် ပေါင်ချိန်စက်တစ်ခုပေါ်တက်၍ ချိန်ကြည့်သည်။ မတ်စ့ေတစ်စ့ေကို ထည့်လိုက်သည့်အခါ ကတ်ပြားတွင် အလေးချိန်နှင့်အတူ ဗေဒင်ဟောစာတမ်းပါ ပါလာသည်။ "သင်၏ အမည်သည် ဂျွန်ဂျူနီးစ် ဖြစ်သည်။ သင်သည် ၁၈၈ ပေါင်လေးပြီး ဘော်စတွန်သို့သွားမည့် ၂ နာရီ ၂၀ လေယာဉ်ပျံကို စီးမည့်သူဖြစ်သည်"ဟု ဟောလိုက်သည်။ ဟောကိန်းအားလုံးမှန်နေသဖြင့် သူကအံ့အားသင့်နေသည်။ ဤသို့ဖြစ်ရသည်မှာ လှည့်စားမှုတစ်ရပ်ပင်ဖြစ်သည်ဟု ထင်သဖြင့် ပေါင်ချိန်စက်ပေါ်သို့ ထပ်တက်သည်။ နောက်ထပ် တစ်မတ်စ့ေထည့်လိုက်သောအခါ ဟောစာတမ်းထပ်ထွက်လာသည်။ "သင်၏ အမည်သည် ဂျွန်ဂျူနီးစ်ပင်ဖြစ်နေသည်။ သင်သည် ၁၈၈ ပေါင်လေးနေဆဲဖြစ်ပြီး ၂ နာရီ ၂၀ တွင် ဘော်စတွန်သွားမည့် လေယာဉ်ပျံကို မီသေးသည်။" ထိုအခါ သူက ပို၍စဉ်းစားရကျပ်လာသည်။ တစ်ခုခုတော့ လှည့်စားထားတာရှိရမည်ဟု ထင်သဖြင့် ထိုသို့ဆောင်ရွက်သူကို မည်သူပဲဖြစ်ဖြစ်၊ မည်သည့်အရာပဲဖြစ်ဖြစ် အရူးလုပ်ရန် ဆုံးဖြတ်လိုက်သည်။ အမျိုးသားသုံး သန့်စင်ခန်းထဲသို့ သွားပြီး အဝတ်အစားလဲလိုက်သည်။ နောက်တစ်ကြိမ် ပေါင်ချိန်စက်ပေါ်သို့တက်ပြီး မတ်စ့ေတစ်စ့ေကို ထည့်လိုက်သည်။ ထိုအခါ ဟောစာတမ်း ပြန်ထွက်လာသည်။ "သင်၏ အမည်သည် ဂျွန်ဂျူနီးစ်ဖြစ်သည်။ သင်သည် ၁၈၈ ပေါင် လေးနေဆဲ ပင်ဖြစ်သည်။ သို့သော် ဘော်စတွန်သို့သွားမည့် ၂ နာရီ ၂၀ လေယာဉ်ပျံကို ယခုလေးတင်လွတ်သွားပြီ" ဟူ၍ဖြစ်သည်။

ဤစာအုပ်သည် အကြောင်းတရားတစ်ခုခုကြောင့် လမ်းဆုံးသို့ရောက်အောင် မသွားကြသည့်သူများအတွက် ရေးထားခြင်းဖြစ်သည်။ တိုတိုပြောရလျှင် ဤစာအုပ်သည် ဘဝကရစရာ အခွင့်အလမ်းတော်တော်များများကို လက်လွတ်ဆုံးရှုံးနေကြသူများအတွက် ရည်ရွယ်သည်။ သင်နှင့်ထိုက်လည်း ထိုက်တန်သည့်၊ သင်ရအောင်ယူလည်း ယူနိုင်သည့် အခွင့်အလမ်းများရရှိရေးအတွက် ကူညီရန်ပြုစုထားခြင်း ဖြစ်သည်။

စကားလုံးတိုင်းကို ချိန်ဆထားပြီး အတွေးအခေါ်တိုင်းကိုလည်း အကဲဖြတ်ထားသည်။ တင်ပြသည့် အချက်အားလုံးကို သေသေချာချာစဉ်းစားပြီးမှ ရေးသားထားခြင်း ဖြစ်သည်။ ရင်းရင်းနှီးနှီး စကားပြောသည့် ပုံစံရောက်အောင် ကြိုးစားထားသဖြင့် ခင်ဗျားနှင့်ခင်ဗျား၏ အနာဂတ်အကြောင်းကို ရင်းရင်းနှီးနှီး နှစ်ကိုယ်တည်းဆွေးနွေးနေသည့် ပုံစံမျိုးဖြစ်အောင် အတတ်နိုင်ဆုံး အားထုတ်ထားသည်။ ခင်ဗျားအနေဖြင့် ဤမျှော်လင့်ချက်နှင့် အကောင်းမြင်သတင်းစကားကို ကိုယ်တိုင်ကိုယ်ကျ လက်ခံလိမ့်မည်ဟု မျှော်လင့်ပါသည်။ ထိုသို့ မျှော်လင့်ရန်လည်း ရေးသားထားခြင်းဖြစ်သည်။

အစကတည်းကပင် မျှော်လင့်ချက်များ၊ အောင်မြင်မှုများ၊ ပျော်ရွှင်မှုများ၊ ယုံကြည်မှုများ၊ စိတ်အားထက်သန်မှု မျိုးစေ့များကို တစ်ခုပြီးတစ်ခု စိုက်ပျိုးရန် ရည်ရွယ်ပါသည်။ ဤမျိုးစေ့များကို ရေလောင်းကာ မြေဩဇာကျွေးမည်။ အချို့မျိုးစေ့များကို ထပ်ထည့်မည်။ စာအုပ်အဆုံး၌ အပင်များပေါက်လာမည်။ အတိုင်းအတာတစ်ခုအထိ ရိတ်သိမ်းရန် အဆင်သင့်ဖြစ်လာမည်။ ဤစာအုပ်က ပေးသည့် သတင်းစကားအချက်အလက်များကို ခင်ဗျားလိုက်နာကျင့်သုံးသည့်အပေါ်တွင် မူတည်ပြီး အကျိုးရှိမည်။ ဤစာအုပ်သည် အပြုသဘောထားရှိရေး စာအုပ်တစ်အုပ်မျှသာမဟုတ်၊ အပြုသဘောထားရှိရေးထက် များစွာကျယ်ပြန့်သည့် စာအုပ်တစ်အုပ်ဖြစ်ကြောင်း ထပ်လောင်းပြောလိုပါသည်။ ဘဝနှင့်ပတ်သက်၍ အပြုသဘောထားရှိ



ရေးဆိုင်ရာ စာအုပ်တစ်အုပ်ဖြစ်သည့်အပြင် အပြုသဘောအတွေးများကို အပြုသဘောလုပ်ရပ်များအဖြစ်သို့ ပြောင်းလဲပစ်ရန်အတွက် လိုအပ်သည့်အပြုသဘော ယုံကြည်မှုများ၏ စွမ်းအားကိုပေးမည့် စာအုပ် ဖြစ်သည်။

လူဆိုသည်မှာ ရုပ်ပိုင်း၊ ဝိညာဉ်ပိုင်း၊ နာမ်ပိုင်းဟူ၍ သုံးပိုင်းပါဝင်သဖြင့် ကျွန်တော်တို့သည် ထိုသုံးပိုင်းလုံးပြည့်စုံသည့် လူတစ်ယောက်နှင့် ပတ်သက်မည် ဖြစ်ပါသည်။ ဤနည်းသည် ကျွန်တော်တို့သွားရာခရီးလမ်းတစ်လျှောက်အတွက် လုံးဝပြီးပြည့်စုံသည့် အောင်မြင်မှုကို ရရှိနိုင်သည့် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။

ပန်းချီကားတစ်ချပ်သည် စကားလုံးတစ်သောင်းနှင့် ညီမျှပါသလား

လူတစ်ယောက်က ပန်းချီကားတစ်ချပ်သည် စကားလုံးတစ်သောင်းနှင့်ညီမျှသည်ဟု ပြောခဲ့သည်။ လူထောင်ပေါင်းများစွာက သူ၏ စကားကို ထပ်ခါတလဲလဲ ပြောကြားပြီး လူသန်းပေါင်းများစွာကလည်း ထိုသို့ပြောသည့်အတိုင်း ယုံကြည်ကြသည်။ သို့သော် ဤစကားပုံကို ယုံကြည်သည့် အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ လင်ကွန်း၏ ဂတ်တီးစဘာဂ် မိန့်ခွန်းများကိုသော်လည်းကောင်း၊ လူ့အခွင့်အရေးကြေညာစာတမ်းကို သော်လည်းကောင်း မည်သည့်အခါကမျှ မဖတ်ဖူးခဲ့၍ ဖြစ်ပါလိမ့်မည်။ သူတို့သည် ၂၃ ခုမြောက် ဆာလံကျမ်းကို မဖတ်၍သော်လည်းကောင်း၊ နားမလည်၍သော်လည်းကောင်း ဖြစ်မည်။ ဘုရားသခင် ဆုတောင်းသည့်အတိုင်း ဆုမတောင်း၍ဖြစ်မည်။ ထိုလက်ရာများသည် စကားလုံးများ သက်သက်သာပါဝင်သည်။ သို့သော် နိုင်ငံတစ်ခု၏ ကံကြမ္မာကို ပြောင်းလဲအောင်လုပ်နိုင်သော၊ သမိုင်းကြောင်းကို ပြောင်းလဲစေသော၊ လူသန်းပေါင်းများစွာ၏ ဘဝများကို ပြောင်းလဲစေသော စကားလုံးများ ဖြစ်ကြသည်။

ဤနေရာ၌ အချို့စကားလုံးများက ဘဝတစ်ခုအပေါ်တွင် ဧရာမအကျိုးသက်ရောက်မှုများ မည်သို့ဖြစ်ပေါ်လာစေနိုင်ကြောင်းကို ပြသမည်။ လွန်ခဲ့သော နှစ်အနည်းငယ်က ပီတာဟုခေါ်သော လူတစ်ယောက်အကြောင်း ရိုက်ကူးထားသည့် ရုပ်ရှင်ကားထွက်လာသည်။ ထိုရုပ်ရှင်ထဲက ပြကွက်တစ်ကွက်ကို ကျွန်တော်ဘယ်အခါမျှ မမေ့။ ပီတာမာရှယ်အဖြစ် သရုပ်ဆောင်သူက ယုံကြည်ချက်အပြည့်အဝဖြင့် ကျမ်းတစ်ခုကို ရွတ်ဖတ်ဟောပြောနေသည်။ ထိုဇာတ်ကွက်ပြီးသွားသည့်အခါ ကင်မရာက ဆက်လည်နေသည်။ ရုပ်ရှင်ရိုက်ရာတွင်ပါဝင်သည့် လူတော်တော်များများက ထိုင်ရာမှထကာ သရုပ်ဆောင်သူထံသို့သွားပြီး ၎င်း၏ သရုပ်ဆောင်ချက် အလွန်ကောင်းမွန်သည့်အတွက် ချီးကျူးထောမနာပြုကြသည်။ ထိုအထဲတွင် မာဂျိုရီရပ်ဘူးအမည်ရှိ မင်းသမီးတစ်ယောက်လည်းပါသည်။ သူက ဇာတ်လိုက်ကို ချီးကျူးရန် ဆင်းလာသည့်အခါ ထိုအခြေအနေထဲ၌ စိတ်ရောကိုယ်ပါ တကယ်ခံစားနေရကြောင်းမှာ ထင်ရှားသည်။ ဤအရာကို ပြောနိုင်ခြင်းမှာ ကင်မရာဆက်လည်နေသည့်အတွက် ကံကောင်းပြီး ထိုဖြစ်ရပ်များကို မြင်ရခြင်းကြောင့်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ရုပ်ရှင်မင်းသမီးမာဂျိုရီသည် လမ်းလျှောက်နိုင်သူ မဟုတ်ပေ။ သူသည် မော်တော်ကားတိမ်းမှောက်မှုတစ်ခုတွင် ထိခိုက်ဒဏ်ရာရကာ တစ်နှစ်ကျော်မျှ ခြေတစ်လှမ်းပင် မလှမ်းနိုင်ဘဲ ရှိနေသည်။ သို့သော် ထိုယုံကြည်မှုများ၊ အားပေးစကားများကို နားထောင်ပြီးနောက် ထိုစကားလုံးများထဲ၌ပါဝင်သည့် အနှစ်သာရများက သူ့ကို ဆွဲလှုပ်လိုက်သည်။ ထိုသို့ ဆွဲလှုပ်လိုက်သဖြင့် သတင်းစကားများကို ယုံကြည်ကာထိုင်ရာမှထလှမ်းပြီး ဆက်လက်လမ်းလျှောက်သွားစေနိုင်ခဲ့သည်။

ကျွန်တော့်အနေဖြင့် ဤစာအုပ်ထဲ၌ပါသည့် စကားလုံးများက ကမ္ဘာကြီး၏ သမိုင်းကြောင်းကို ပြောင်းလဲစေနိုင်မည်ဟု ပြောနေခြင်း မဟုတ်ပါ။ မာဂျိုရီ၏အကြောင်းလို ပြဇာတ်ဆန်ဆန် အကျိုးသက်ရောက်မှုများ ရှိမည်ဟုလည်း ဆိုလိုခြင်း မဟုတ်ပါ။ သို့သော် ကျွန်တော့်အနေဖြင့် လုံးဝဥဿုံ ယုံကြည်သည်မှာ ဤစာအုပ်၌ပါသည့် အတွေးအခေါ်များက ခင်ဗျားအနေဖြင့် သိသိသာသာ၊ ထူးထူးခြားခြား ပြောင်းလဲမှုများ ဖြစ်ပေါ်လာနိုင်မည်ဟုသာ ယုံကြည်ပါစေ။ ဘဝအလှာပေါင်းများစွာမှ လူထောင်ပေါင်းများစွာတို့၏ မကြေညာဘဲထားသည့် ထောက်ခံချက်များအရ ပိုမိုကြွယ်ဝသည့် ဘဝဆိုင်ရာ သဘောတရားသည် ခင်ဗျားသာလိုက်နာမည်ဆိုလျှင် အကျိုးရှိမည်ဖြစ်ကြောင်း သေချာလှပါသည်။

အရေးကြီးသည့် သဘောတရားမှာ အမှတ်တမဲ့ ကြည့်ခြင်းထက် နက်နက်ရှိုင်းရှိုင်း ကြည့်ခြင်းက အကြောင်းအရာများကို ပိုမိုပြီးဖော်ထုတ်ပြသနိုင်သည်။ ဟုတ်ပါသလား။ ခင်ဗျားအကြောင်းနှင့်သော်လည်းကောင်း၊ ခင်ဗျား၏ အစွမ်းအစများနှင့် ပတ်သက်၍သော်လည်းကောင်း၊ ခင်ဗျား၏ အနာဂတ်နှင့်ပတ်သက်၍သော်လည်းကောင်း သေသေချာချာ လေ့လာသုံးသပ်ပါ။ အများအားဖြင့် ကျွန်တော်တို့သည် ထင်ရှားသည့်အရာများကို အဆုံးသို့ညွှန်ပြမည့်သူတစ်ယောက်ကို လိုအပ်နေသည်။

ပညာသင်ကြားပေးခြင်းဆိုသည်မှာ ဆွဲဆန့်ခြင်း၊ ဆွဲထုတ်ခြင်း ဟူသည့် အဓိပ္ပာယ်ဖြစ်သဖြင့် ဤစာအုပ်၏ ရည်ရွယ်ချက်မှာ ခင်ဗျား ကိုယ်တွင်းမှပို၍ စွမ်းရည်ပြည့်ဝသော၊ ရင့်ကျက်သော လူကြီးတစ်ယောက်ကို ဆွဲထုတ်ရန်ဖြစ်သည်။ ဤစာအုပ်မှ ခင်ဗျားအနေဖြင့် အများကြီး ဆွဲထုတ်ယူနိုင်မည်ဟု ကျွန်တော်ယုံကြည်ပါသည်။ သို့သော် ပို၍အရေးကြီးသည်မှာ ဤစာအုပ်က ခင်ဗျားကိုယ်ထဲမှ အများကြီးဆွဲထုတ်နိုင်ရန်ပင် ဖြစ်သည်။

အဆတိုးပွားလာသော အကြံဉာဏ်များ

ဤစာအုပ်ကို ခင်ဗျားဆက်ဖတ်သည့်အခါ ကျွန်တော်တို့သည် အတူတူရှိကြပြီး ကျွန်တော်က ခင်ဗျားကို မေးခွန်းများမေးမည်။ မေးခွန်းအများစုသည် "ဟုတ်တယ် မဟုတ်ဘူး"ဆိုသည့် အဖြေမျိုးသာဖြစ်ပါလိမ့်မည်။ ထိုအခါများ၌ ကျွန်တော်က ခင်ဗျားကို မေးခွန်းမေးသည့် အခါ အဖြေတစ်ခုသာလိုသည်။ ထိုအဖြေအတွက် သေသေချာချာစဉ်းစားပြီးမှ အဖြေပေးလိမ့်မည်ဟု ကျွန်တော်မျှော်လင့်ပါသည်။ ခင်ဗျားအနေဖြင့် စာအုပ်ကို မည်မျှမြန်မြန်ဖတ်နိုင်သည်၊ မည်မျှများများရသည်ကသာ အရေးကြီးပါသည်။ ပထမတစ်ခေါက်ဖတ်သည့် အခါ၌ အမြန်အပြေးအလွှားဖတ်သွားခြင်း ဖြစ်ကောင်းဖြစ်မည်။ သို့သော် နောက်အကြိမ်ပေါင်းများစွာ ထပ်-ထပ်ဖတ်လျှင်ပို၍ စိတ်ဓာတ်တက်ကြွအောင် လုပ်နိုင်မည်။ လောလောလတ်လတ်ရရှိသည့် အကျိုးတရားများက ဘဝနှင့်ပတ်သက်၍ ကြွယ်ကြွယ်ဝဝ ကျယ်ကျယ်ပြန့်ပြန့်၊ နေတတ်ရန် အထောက်အကူပေးနိုင်မည်ဟု ယုံကြည်ပါသည်။

စာမျက်နှာ ၂၅ သို့ ❍

အချို့သူများက အောင်မြင်ရန်အတွက် တကယ့်အခွင့်အလမ်းသည် အလုပ်အကိုင်ပေါ်၌မူမတည်ဘဲ လူပေါ်၌သာ မူတည်ကြောင်း မသိကြ။ ခင်ဗျားကိုယ်တိုင် ထိပ်ဆုံးရောက်နိုင်သည့် အကောင်းဆုံးနည်းမှာ အောက်ခြေကို နှိုက်နှိုက်ချွတ်ချွတ်သိအောင်လုပ်၍ တစ်ကြိမ်မှာ ခြေတစ်လှမ်းလှမ်း၊ လေ့ကားတစ်ထစ်နင်းကာ အထက်သို့ရောက်အောင် တက်နိုင်ခြင်းဖြစ်သည်။ အောင်မြင်မှုနှင့် ပျော်ရွှင်မှုတို့သည် အလိုအလျောက်ဖြစ်ခြင်းမဟုတ်။ ကိုယ့်ရွေးချယ်မှုအပေါ်တွင်သာ မူတည်ကြောင်းကို သူတို့ သဘောမပေါက်ကြ။ ခင်ဗျားကဲ့သို့ပင် သူတို့လည်း ဘဝမှာကိုယ်လိုချင်တာကို ကိုယ်ရနိုင်ကြောင်း မြင်လာပါလိမ့်မည်။

❍ စာမျက်နှာ ၂၄ မှ

ဟောပြောချက်တစ်ခုကို နားထောင်ခြင်း၊ စာအုပ်တစ်အုပ်ကို ဖတ်ခြင်း၊ တိတ်ခွေတစ်ခွေကို နားထောင်ခြင်း၊ တစ်ခုခုကိုကြားလိုက်ခြင်း၊ ဖတ်လိုက်ရခြင်းတို့ကြောင့် ခင်ဗျား၏အတွေးများဆန့်ထွက်သွားစရာ အကြိမ်အတော်များများ ရှိတတ်ပါသည်။ ထိုအခါများ၌ “ဘာလေးကို သတိရလိုက်တာ၊ ဒါတွေ့လိုက်တာနဲ့ ငါစိတ်ကူးရသွားတယ်”ဟု ခင်ဗျားအနေဖြင့် တွေးမိလိမ့်မည်။ နောင်အခါကာလများ၌ စောစောပိုင်းက စိတ်ထဲမှာ ရှင်းရှင်းလင်းလင်း ပေါ်ပေါက်လာသည့် အတွေးကို ပြန်မှတ်မိကောင်းမှ မှတ်မိပါလိမ့်မည်။ မမှတ်မိသော်လည်း အရေးမကြီးပါ။ ယခု လူအတော်များများတို့မှာ ထိုသို့ပင် ဖြစ်နေကြသည်။ ကျွန်တော်က ခင်ဗျားကို မှတ်စုစာအုပ်တစ်အုပ်ထားရန် တိုက်တွန်းလိုပါသည်။ လက်ရေးတိုစာရေးများကိုင်သည့် စာအုပ်အရွယ်လောက်ရှိပြီး သယ်ဆောင်ရတာလည်း လွယ်ကူပါသည်။

ၚင်းမှတ်စုစာအုပ်ကို “ထိပ်ဆုံးမှာတွေ့ကြမယ်” စာအုပ်နှင့်အတူ ထားပြီး ဤစာအုပ်ကို ဖတ်သည့်အခါတိုင်းတွင် သင့်ကိုယ်ပိုင် အတွေးများနှင့် အကြံဉာဏ်များ အများအပြား ထွက်ပေါ်လာလိမ့်မည်။ ထိုသို့ ထွက်ပေါ်လာလျှင် စာဖတ်သည်ကို ခဏရပ်ထားပြီး မှတ်စုစာအုပ်ကိုထုတ်ကာ အကြံဉာဏ်တစ်ခု၊ အတွေးအခေါ်တစ်ခု ပေါ်လာတိုင်း၊ ပေါ်လာတိုင်း သေသေချာချာ မှတ်တမ်းတင်ရန် တိုက်တွန်းလိုပါသည်။ ဤနည်းအားဖြင့် ခင်ဗျားသည် တက်ကြွသော စာဖတ်သူတစ်ယောက်ဖြစ်လာမည်။ အာရုံများကို ပို၍အသုံးချနိုင်မည်။ ပို၍စူးစိုက်လာနိုင်မည်။ ကဗျာဆရာတစ်ယောက်က တိတိကျကျ၊ ကျစ်ကျစ်လျစ်လျစ် ညွှန်ပြရေးသားခဲ့ဖူးသလို “ငါကြားသည်၊ ငါမွေ့သည်၊ ငါမြင်သည်၊ ငါမှတ်မိသည်၊ ငါကြားသည့်အခါ၊ ငါမြင်သည့်အခါ၊ ငါလုပ်သည့်အခါ ငါနားလည်သည်၊ ငါအောင်မြင်သည်” ဟူ၍ ဖြစ်ပါလိမ့်မည်။ စိတ်ဝင်စားစရာကောင်းသည်မှာ ဤစာအုပ်ကို ဒုတိယအကြိမ်အဖြစ် နောက်တစ်ခေါက် ပြန်ဖတ်သည့် အခါတွင် အတွေးများ၊ အကြံဉာဏ်များကို ပထမအကြိမ်ကထက် ပို၍ရပါလိမ့်မည်။ ခင်ဗျား၏ တစ်နေ့တာလုပ်ငန်းများကို မစတင်မီ မိနစ်အနည်းငယ်လောက် ဖတ်ကြည့်လျှင်သော်လည်းကောင်း၊ မအိပ်မီ မိနစ်အနည်းငယ်လောက် ဖတ်ကြည့်လျှင်သော်လည်းကောင်း အကြံဉာဏ်များ၊ အတွေးအခေါ်များ ပို၍ထွက်ပေါ်လာပါလိမ့်မည်။

တကယ်တော့ ဤစာအုပ်သည် ကျွန်တော်တို့၏ စာအုပ်ပင် ဖြစ်ပါသည်။

ကျွန်တော်က သင့်ကို အကြံတစ်ခုပေးလိုပါသည်

ခင်ဗျား၏ အတွေးအခေါ်များ၊ အကြံဉာဏ်များကို မှတ်တမ်းတင်ရန်အတွက် အနီရောင်နှင့် အနက်ရောင် ဖောင်တိန်နှစ်ချောင်း ယူထားပါ။ မင်အနီရောင် ဖောင်တိန်ကို ဤစာအုပ်ဖတ်သည့်အခါများ၌ မှတ်စုစာအုပ်၏ အောက်ပိုင်းတွင် ရေးသားရန်အသုံးပြုပါ။ မင်အနက်ရောင်ကို မှတ်စုစာအုပ်၏ အပေါ်ပိုင်း၌အသုံးပြုပါ။ ဒုတိယအကြိမ်နှင့် နောက်အကြိမ်ကြိမ် ထပ်ဖတ်သည့်အခါများ၌ ပေါ်လာသည့်အတွေးများကို မင်အနီရောင်ဖြင့်သုံးပါ။ စာမျက်နှာအပေါ်သို့ မင်အနီရောင် တက်လာလေလေ၊ ဘဝ၏ အနုတ်လက္ခဏာများမှ အပေါင်းလက္ခဏာများသို့ တိုးတက်လာလေလေဆိုသည်ကို မင်အရောင်ဖြင့် သင်္ကေတပြသနေပါသည်။

ခင်ဗျားအတွက် အဓိပ္ပာယ်ရှိသည့် စာပိုဒ်များ၊ စာကြောင်းများကို အမှတ်အသားပြုရန်လည်း တိုက်တွန်းလိုပါသည်။ ဤအမှတ်အသားများသည် ခင်ဗျားမှတ်တမ်းတင်ထားသည့် အတွေးအခေါ်များ၊ အကြံဉာဏ်များနှင့် ပေါင်းစပ်မိသည့်အခါ ခင်ဗျား၏ တကယ့်ကိုယ်ပိုင် စာအုပ်ဖြစ်သွားသည်။ ဤနည်းအားဖြင့် တစ်ချိန်လုံး ရည်ညွှန်းကိုးကားစရာ၊အသုံးချစရာ ကိုယ်ပိုင်စာအုပ်တစ်အုပ် ဖြစ်သွားပါလိမ့်မည်။

မည်သူမဆို သူသိသမျှအရာအားလုံးကို မမှတ်မိနိုင်သည်မှာ မဆန်းကြောင်းသိထားရန် အရေးကြီးပါသည်။ ဆိုလိုသည်မှာ ခင်ဗျားနှင့်ကျွန်တော်တို့သည် ဤစာအုပ်ကိုတွဲရေးပြီး ကျွန်တော်တို့၏ စာအုပ်ဖြစ်ရန် ဆောင်ရွက်နေကြခြင်းဖြစ်သည်။ ဤနည်းအားဖြင့် ကျွန်တော်တို့သည် အောင်မြင်သူများဖြစ်လာမည်။ ဖြစ်သင့်သည်မဟုတ်ပါလား။

သင်လိုသည့်အရာကို ရရန်အတွက် လုပ်ဆောင်ရန်နည်းလမ်းများ

ရိုးသားမှု၊ သီလရှိမှု၊ ယုံကြည်မှု၊ သိက္ခာရှိမှု၊ သစ္စာရှိမှုဟူသော အုတ်မြစ်ကျောက်တုံးများသည် ကျန်းမာရေး၊ ဥစ္စာဓနနှင့် ပျော်ရွှင်မှုတို့ပါဝင်သော ဘဝအောင်မြင်မှုရရှိရေးအတွက် လိုအပ်ပါသည်။ ခင်ဗျားအနေဖြင့် ဘဝနှင့်ပတ်သက်၍ ရှေ့သို့လည်းကောင်း၊ အပေါ်သို့လည်းကောင်း၊ ဆက်လက်လျှောက်လှမ်းလာသည့်အခါ ထိုနိယာမများဥပဒေသများကို အလျှော့ပေးလိုက်လျှင် ဘဝက ရစရာရှိသည်များကို သူတောင်းစား တစ်ယောက်ကဲ့သို့ တောင်းခံနေရသည့် ဘဝမျိုးအဖြစ် ဆုံးရှုံးနိုင်ပါသည်။ ခင်ဗျားအနေဖြင့် မရိုးသားခြင်း၊ လိမ်ညာခြင်း၊ အတုအယောင်လုပ်ခြင်းများကြောင့် ငွေရကောင်းရမည်။ သို့သော်လည်း မိတ်ဆွေအနည်းငယ်ကိုသာရပြီး စိတ်ငြိမ်းချမ်းမှုကိုမူ ရမည်မဟုတ်ပေ။ ထိုသို့ဆိုလျှင် အောင်မြင်သည်ဟု ဆိုနိုင်ပါသလား။ “ရေပြင်ညီမှာ နေခြင်းအားဖြင့် အမြင့်ဆုံးရောက်အောင်တက်နိုင်သည်” ဟုပြောသည့် စကားပုံတစ်ခုနှင့် ကျွန်တော် သဘောတူညီပါသည်။ ဝင်ငွေတစ်သန်း ရအောင် ရှာနိုင်သည့် လူတစ်ယောက်သည် ထိုသို့ရှာခြင်းဖြင့် သူ၏ ကျန်းမာရေးကို ထိခိုက်အောင်လုပ်ခဲ့လျှင် အမှန်တကယ် အောင်မြင်မှုဟု မဆိုနိုင်ပါ။ မိသားစုနှင့်ကင်းကွာနေသည့် ကုမ္ပဏီအမှုဆောင်အရာရှိတစ်ယောက်သည် ထိပ်ဆုံးသို့ရောက်အောင် တက်နိုင်သော်လည်း ထိုအရာကို အောင်မြင်မှုဟုမခေါ်ပါ။ ဘဝအောင်မြင်မှုကို သူ့အတွက်လည်း မယူနိုင်သလို သူများအတွက်လည်း မပေးနိုင်ပါ။

အောင်မြင်သည့်သူများနှင့် ကြာကြာနေရလေလေ၊ များများတွေ့ရလေလေ ကျွန်တော့်အနေဖြင့် ထိုအောင်မြင်မှု၏ အခြေခံအုတ်မြစ်များမှာ ကျွန်တော်တို့ အမှန်တကယ်ပိုင်ဆိုင်သည့် အရေးပါဆုံးလက်နက်များဖြစ်ကြောင်းကို သဘောပေါက်လာသည်။ အရေးပေါ်အခြေအနေများနှင့် ကြုံရသည့်အခါ ကျွန်တော်တို့နှင့် ဆက်ဆံနေရသူများ၊ ကျွန်တော်တို့၏ ကျန်းမာရေး၊ ဥစ္စာဓနနှင့် ပျော်ရွှင်မှုအတွက် မှီခိုအားထားနေရသူများသည် အဆင်သင့်ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်တတ်ကြောင်းကို တွေ့ကြရသည်။ အကယ်၍သာ ကျွန်တော်တို့၏ သိက္ခာ၊ သမာဓိကို သံသယဖြစ်စရာမရှိခဲ့လျှင် ကျွန်တော်တို့နှင့် ပတ်သက်နေရသူများ၊ ကျွန်တော်တို့၏ ဥစ္စာဓန၊ ပျော်ရွှင်မှုနှင့် ကျန်းမာရေးတို့အတွက် အားကိုးနေရသူများက မြန်မြန်ဆန်ဆန် ဝိုင်းဝန်းကူညီ ပူးပေါင်းလေ့ရှိကြကြောင်းကို တွေ့လာရသည်။ အစွမ်းရှိရန်မှာ အရေးကြီးသလို စိတ်ချအားကိုးရမှုကလည်း ပို၍အရေးပါသည်။

ကျွန်တော့်အနေဖြင့် ခရီးသွားစဉ်က တွေ့ကြုံခဲ့ရသည့် များစွာသော ချစ်ခင်စရာကောင်းသည့်၊ ဆွဲဆောင်တတ်သည့်၊ ပါရမီရှိသည့်၊ ထူးချွန်ထက်မြက်သည့် လူငယ်များနှင့် တတ်နိုင်လျှင် မိတ်ဆက်ပေးလိုက်ချင်သည်။ သူတို့သည် အခွန်ကောက်သူရှေ့က ခြေတစ်လှမ်း၊ ဥပဒေရှေ့က ခြေနှစ်လှမ်း ရောက်နေကြသည်။ အမြန်ဆုံး၊ အများဆုံး နည်းလမ်းများဖြင့် ငွေရအောင် ဘယ်လိုလုပ်ရမည်ကို ကြံစည်နေကြသည်။ သူတို့ မည်သည့်အခါမျှ တကယ်တမ်း မြင့်မြင့်မားမား ဖြစ်မလာနိုင်ပေ။ ထိုသို့ဖြစ်လာအောင် တည်ဆောက်နိုင်ရန်လည်း အုတ်မြစ်ကောင်းကောင်းမရှိပေ။ အခြားအုတ်မြစ်ကောင်းကောင်းရှိသည့်သူများက မြေတိုက်ခန်းထဲမှာသော်လည်းကောင်း၊ အုတ်မြစ်အကောင်းစားကြီးပေါ်၌ တဲငယ်လေးမျှသာလည်းကောင်း တည်ဆောက်နေကြသည်။ သူတို့အနေဖြင့် သူတို့မှာရှိသည့် အစွမ်းအစကို ကြွယ်ဝသည့် ဘဝတစ်ခုအဖြစ် ရောက်ရှိအောင် အသုံးချနိုင်ရန်အတွက် ခြေလှမ်းများ မလှမ်းကြပေ။ အချို့သူများက အောင်မြင်ရန်အတွက် တကယ့်အခွင့်အလမ်းသည် အလုပ်အကိုင်ပေါ်၌ မှုမတည်ဘဲ လူပေါ်၌သာ မူတည်ကြောင်း မသိကြ။ ခင်ဗျားကိုယ်တိုင် ထိပ်ဆုံးရောက်နိုင်သည့် အကောင်းဆုံးနည်းမှာ အောက်ခြေကို နှိက်နှိုက်ချွတ်ချွတ် သိအောင် လုပ်၍ တစ်ကြိမ်မှာ ခြေတစ်လှမ်းလှမ်း၊ လေ့ကားတစ်ထစ်နင်းကာ အထက်သို့ ရောက်အောင် တက်နိုင်ခြင်းဖြစ်သည်။ အောင်မြင်မှုနှင့် ပျော်ရွှင်မှုတို့သည် အလိုအလျောက် ဖြစ်ခြင်းမဟုတ်။ ကိုယ့်ရွေးချယ်မှုအပေါ်တွင်သာ မူတည်ကြောင်းကို သူတို့ သဘောမပေါက်ကြ။ ခင်ဗျားကဲ့သို့ပင် သူတို့လည်း ဘဝမှာ ကိုယ်လိုချင်တာကို ကိုယ်ရနိုင်ကြောင်း မြင်လာပါလိမ့်မည်။ ။ **(ဆက်လက်ဖော်ပြပါမည်)**

[ခင်မောင်ညို (ဘောဂဗေဒ)၏ “ထိပ်ဆုံးမှာတွေ့ကြမယ်” စာအုပ်မှ “ဘဝတွင် ပိုကောင်းအောင်နေနည်း” ဆောင်းပါးကို စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။ စာတည်း]

■ ဥရောပဘူပါလိဂ်မှ

ဥပဒေမူဘောင်ကို ချိုးဖောက်နိုင်တဲ့ အလားအလာတွေရှိလာခဲ့တာကြောင့် ယူအီးအက်ဖ်အေအနေနဲ့ အဲဒီအသင်းသုံးသင်းကို တရားစွဲဆိုခဲ့တာဖြစ်ပါတယ်။

ဘာစီလိုနာအသင်း၊ ဂျူဗင်တပ်အသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့နဲ့အတူ ဥရောပဘူပါလိဂ်အစီအစဉ်မှာပါဝင်ဖို့ ကနဦးက စီစဉ်ခဲ့တဲ့အသင်း ကိုးသင်းကတော့ အာဆင်နယ်အသင်း၊ ချယ်လ်ဆီးအသင်း၊ မန်စီးတီးအသင်း၊ မန်ယူအသင်း၊ စပါးအသင်း၊ အေစီမီလန်အသင်း၊ အင်တာမီလန်အသင်းနဲ့ အက်သလက်တီကို မက်ဒရစ်အသင်းတို့ဖြစ်ပြီး အဲဒီအသင်းကိုးသင်းကိုလည်း ဥရောပဘူပါလိဂ်အစီအစဉ်မှာ ပါဝင်ပတ်သက်ခဲ့မှုကြောင့် ဥရောပဘောလုံးအဖွဲ့ချုပ်က အပြစ်ပေးမှုတွေရှိခဲ့တယ်လို့ သိရပါတယ်။

ငွေကြေး

❍ ဒိန်းမတ် ယူ-၁၆ မှ

ဒိန်းမတ် ယူ-၁၆ အသင်းသည် ဇွန် ၃ ရက်နှင့် ၅ ရက်တို့တွင် ပေါ်တူဂီ ယူ-၁၆ အသင်းနှင့် ခြေစမ်းပွဲကစားမည်ဖြစ်ပြီး Phun Za Mang သည် ယင်းပွဲအတွက် ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။ Phun Za Mang သည် ဒိန်းမတ် ယူ-၁၂ အသင်းတွင်လည်း ရွေးချယ်ခံရဖူးပြီး ယူ-၁၆ လူငယ်လက်ရွေးစင်အသင်းတွင် ထပ်မံရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။ ၎င်းသည် ဒိန်းမတ်ပထမတန်း ကလပ် Esbjerg FB အသင်း၏ လူငယ်အသင်းတွင် ပါဝင် ကစားနေသူဖြစ်ပြီး ၂၀၂၀-၂၀၂၁ ရာသီတွင် စီနီယာအသင်းအတွက်ပါ ကစားခဲ့ရကြောင်း သိရသည်။ အသက် ၁၆ နှစ်အရွယ်ရှိ Phun Za Mang သည် တိုက်စစ်နေရာနှင့် တောင်ပံတိုက်စစ်နေရာတို့တွင် ကစားသူဖြစ်ပြီး Esbjerg FB အသင်းတွင် ရှစ်ပွဲကစား နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။

Phun Za Mang သည် ချင်းပြည်နယ် မတူပီမြို့မှ ဒိန်းမတ်နိုင်ငံသို့ ပြောင်းရွှေ့နေထိုင်သူဖြစ်ကြောင်း Chinland အသင်း၏ ဖော်ပြမှုတွင် ပါရှိသည်။

သတင်း-ကိုညီလေး

ဓာတ်ပုံ-Phunmang Instagram

❖ မြန်မာအသင်းမှ

အုပ်စု (F) တွင် ဂျပန်အသင်းက ငါးပွဲကစား ၁၅ မှတ်၊ တာဂျစ်ကစ္စတန်အသင်းက ခြောက်ပွဲကစား ၁၀ မှတ်၊ ကာဂျစ္စတန်အသင်းက ငါးပွဲကစား ခုနစ်မှတ်၊ မြန်မာအသင်းက ငါးပွဲကစား ခြောက်မှတ်၊ မွန်ဂိုလီးယားအသင်းက ငါးပွဲကစား သုံးမှတ်၊ အုပ်စု (G) တွင် ဗီယက်နမ်အသင်းက ငါးပွဲကစား ၁၁ မှတ်၊ မလေးရှားအသင်းက ငါးပွဲကစား ကိုးမှတ်၊ ထိုင်းအသင်းက ငါးပွဲကစား ရှစ်မှတ်၊ ယူအေအီးအသင်းက လေးပွဲကစား ခြောက်မှတ်၊ အင်ဒိုနီးရှားအသင်းက ငါးပွဲကစား အမှတ်မရ၊ အုပ်စု (H) တွင် တာ့ခ်မင်နစ္စတန်အသင်းက ငါးပွဲကစား ကိုးမှတ်၊ တောင်ကိုရီးယားအသင်းက လေးပွဲကစား ရှစ်မှတ်၊ လက်ဘနွန်အသင်းက ငါးပွဲကစား ရှစ်မှတ်၊ သီရိလင်္ကာ အသင်းက ငါးပွဲကစား အမှတ်မရသေးပေ။ မြောက်ကိုရီးယားအသင်းသည် အုပ်စု (H) တွင် ပါဝင်ခဲ့ပြီး ငါးပွဲကစား ရှစ်မှတ်ရထားသော်လည်း လက်ကျန်သုံးပွဲမကစားဘဲ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

အာရှဘောလုံး အဖွဲ့ချုပ်၏ သတ်မှတ်ချက်အရ အုပ်စုလက်ကျန်ပွဲများအနက် အုပ်စု (A) ပွဲစဉ်များကို တရုတ်၊ အုပ်စု (B) ပွဲစဉ်များကို ကူဝိတ်၊ အုပ်စု (C) ပွဲစဉ်များကို ဘာရိန်း၊ အုပ်စု (D) ပွဲစဉ်များကို ဆော်ဒီအာရေဗျ၊ အုပ်စု (E) ပွဲစဉ်များကို ကာတာ၊ အုပ်စု (F) ပွဲစဉ်များကို ဂျပန်၊ အုပ်စု (G) ပွဲစဉ်များကို ယူအေအီးနှင့် အုပ်စု (H) ပွဲစဉ်များကို တောင်ကိုရီးယားနိုင်ငံတို့တွင် ပြုလုပ်သွားမည်ဖြစ်သည်။ လက်ကျန်ပွဲများအနက် ဂျပန်နှင့် မြန်မာပွဲကို မေ ၂၈ ရက်တွင် အစောဆုံးကျင်းပမည်ဖြစ်ပြီး ကျန် ၅ပွဲ ကိုမူ ဇွန် ၃၊ ၇၊ ၁၁၊ ၁၅ ရက်တွင် ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

သတင်း-ကိုညီလေး

ဓာတ်ပုံ-Antoine Hey twitter



သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ် စိုက် ရွေတိုက် ကိုစိုး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်နိုးကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ ခွန်နီလမ်း၊ အမှတ်-၅၉ ဟုခေါ်တွင်သော ရန်ကုန်မြို့၊ သဃ်နိုးကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၉-သုဝဏ္ဏ (လုံးချင်း)၊ မြေကွက်အမှတ်-၅၉၊ ဧရိယာ (၀.၀၈၃)ကေရှိ နှစ်(၆၀)မြေငှားမြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်များကို အမည်ပေါက်ပိုင်ရှင် ဦးအုတ်ကျော်အေး[၁၂/သဃက(နိုင်)၁၅၁၉၂၅]နှင့် ဇနီး ဒေါ်ခင်ခင်အောင်[၁၂/ဒဂတ(နိုင်)၀၀၀၇၅၂]တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေများက စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ခင်မာအေး
တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၂၈၇၁
အမှတ်-၅၆၃(ပ-ထပ်)၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်ကျေးရွာ၊ မိုးမခလမ်းသွယ်ရှိ အကျယ်အဝန်း(မျက်နှာဝ ၅၄ပေx တေးဘက် ၁၁၅ပေx ခြံနောက်ခြမ်း ၄၀ပေ) ရှိ မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံ ကတိပြုသူ ဦးမျိုးဆန်း+၁[၃/ဘအန(နိုင်)၀၃၄၆၉၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးလွင်က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သက်သက်လှိုင် (LL.B.,D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၀၆)
အမှတ်(၂၈၂)၊ မင်းခေါင်(၁)လမ်း၊ (၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၃၃၀၉၀၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၁၁၂)၊ ဧရိယာ(၀.၀၅၅၈က)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ) ရှိ နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ယဉ်ယဉ်[၁၂/မရက(နိုင်)၀၁၉၀၄၃] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့် သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ငြိမ်းငြိမ်းအောင်(LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၁၁)
(အမှတ်(၁၈)၊ ဥက္ကဋ(၁)လမ်း၊ (၇) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၄၂၂၉၆၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်ကျေးရွာ၊ မိုးမခလမ်းသွယ်ရှိ အကျယ်အဝန်း(မျက်နှာဝ ၅၄ပေx တေးဘက် ၁၁၅ပေx ခြံနောက်ခြမ်း ၄၀ပေ) ရှိ မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံ ကတိပြုသူ ဦးမျိုးဆန်း+၁[၃/ဘအန(နိုင်)၀၃၄၆၉၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးလွင်က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သက်သက်လှိုင် (LL.B.,D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၀၆)
အမှတ်(၂၈၂)၊ မင်းခေါင်(၁)လမ်း၊ (၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၃၃၀၉၀၂

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၁၁၂)၊ ဧရိယာ(၀.၀၅၅၈က)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ) ရှိ နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ယဉ်ယဉ်[၁၂/မရက(နိုင်)၀၁၉၀၄၃] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့် သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ငြိမ်းငြိမ်းအောင်(LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၁၁)
(အမှတ်(၁၈)၊ ဥက္ကဋ(၁)လမ်း၊ (၇) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၄၂၂၉၆၄

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော မနှင်းအိဖြူ[၁၂/ဗတထ(နိုင်)၀၃၂၈၁၇]၊ နှင်းပွင့်ဖြူ[၁၂/ဗတထ(နိုင်)၀၃၆၀၉၀]၊ နှင်းသဇင်ဖြူ[၁၂/ဗတထ(နိုင်)၀၃၅၈၆၈] တို့သည် ဖခင်ဖြစ်သူ ဦးထွန်းအောင်[၁၂/ဗတထ(နိုင်)၀၃၀၄၄၀]၏ ပြင်ပတွင် ဖြစ်ပေါ်လာမည့်လူမှုရေးပြဿနာများ၊ ငွေရေးကြေးရေးအရပ်အရင်းပြဿနာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး မည်သည့်အကြောင်းရင်းနှင့်မျှ ပတ်သက် ဆက်နွှယ်မည်မဟုတ်ကြောင်း၊ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ ဖြစ်ပေါ်လာမည့် ကိစ္စရပ်အားလုံးတို့မှာ ဦးထွန်းအောင်၏ တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေများအား ပတ်ဝန်းကျင် (သို့မဟုတ်) လုပ်ငန်းခွင်များ၌ ဂုဏ်သိက္ခာကျဆင်းစေမည့် အပြောအဆို အပြုအမူများပြုလုပ်သည့် မည်သူတစ်ဦးတစ်ယောက်ကိုမဆို သက်ဆိုင်ရာဥပဒေများအတိုင်း တရားစွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ဝေမျိုးသစ်
အထက်တန်းရှေ့နေ(LL.B)
(စဉ်-၅၂၇၈၇)
Ph:09-687788920၊ 09-951652505

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့၊ ပဲခူးလမ်း၊ တောင်ပိုင်းရပ်ကွက်နေ ဦးအောင်မြင့်မှ ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့၊ ကညွတ်ကွင်းအနောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-(၁-ဃ)၊ ကွင်းအမည်-ရွာမရပ်၊ ဦးပိုင်အမှတ်-(၅၃-ည)၊ ဧရိယာ(၀.၀၉၆)ကေရှိ အရှေ့-ပဲခူးလမ်း၊ အနောက်-ဦးပိုင်အမှတ်(၅၃-ဃ)၊ တောင်-ဦးပိုင်အမှတ်-(၅၃-c)၊ မြောက်-ဦးပိုင်အမှတ်-(၅၃-စ)အတွင်းရှိ မောင်ဆိပ်(ခ)မောင်ကျင် (ဘ)ဦးကျန်ကီး အမည်ပေါက် ဘိုးဘိုးပိုင် ခြံမြေကွက်နှင့် ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့၊ ကညွတ်ကွင်းအနောက် ကျေးရွာအုပ်စု၊ ကွင်းအမှတ်-(၁-ဃ)၊ ကွင်းအမည်-ရွာမရပ်၊ ဦးပိုင်အမှတ်-(၅၃-ဆ)၊ ဧရိယာ(၀.၁၉၀)ကေရှိ အရှေ့-ပဲခူးလမ်းနှင့် ဦးပိုင်အမှတ်(၅၃-ဇ)၊ အနောက်-ဦးပိုင်အမှတ်(၅၃-ဃ)၊ တောင်-ဦးပိုင်အမှတ်-(၅၂)၊ မြောက်-ဦးပိုင်အမှတ်-(၅၃-ဃ)အတွင်းရှိ မောင်ဆိပ်(ခ)မောင်ကျင် (ဘ)ဦးကျန်ကီး အမည်ပေါက် ဘိုးဘိုးပိုင်ခြံမြေကွက်တို့အား ဦးအောင်မြင့် အမည်သို့ ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ၂၀၂၁ခုနှစ်၊ဇွန်လ (၂၈)ရက်မတိုင်မီ ဖြူးမြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ဦးစီးဌာနမှူးထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ **ဦးအောင်မြင့် [၇/ဖမန(နိုင်)၀၈၆၂၉၇]**
Ph:09-5096727

စာအုပ်စာပေ လူ့မိတ်ဆွေ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန

ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံလျက်ရှိသောအခွန်များနှင့်ပတ်သက်၍ ပေးဆောင်ရမည့်ရက်နှင့် ပျက်ကွက်ပါက ကျသင့်မည့်ဒဏ်ကြေးများဆိုင်ရာ အသိပေးနှိုးဆော်ချက်

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးဆောင်လျက်ရှိသော ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်၊ တံဆိပ်ခေါင်းခွန်များနှင့်စပ်လျဉ်း၍ ပေးဆောင်ရမည့်ရက်နှင့် ပေးဆောင်ရန် ပျက်ကွက်ပါက ကျသင့်မည့်ဒဏ်ကြေးများအား သိရှိနိုင်ပါရန် အသိပေးနှိုးဆော်ခြင်းဖြစ်ပါသည်။

၂။ ဝင်ငွေခွန်သည် တိုက်ရိုက်ခွန်အမျိုးအစားဖြစ်ပြီး ဝင်ငွေခွန်ဥပဒေအရ နှစ်တစ်နှစ်အတွင်း မိမိရရှိမည့် စုစုပေါင်းဝင်ငွေကို ခန့်မှန်းတွက်ချက်၍ ယင်းအပေါ်တွင် ကျသင့်သည့်အခွန်ကို သုံးလတစ်ကြိမ် ပေးသွင်းရမည်ဖြစ်ရာ သုံးလပြည့်မြောက်သည့်နေ့မှ ၁၀ရက်အတွင်း ပေးဆောင်ရပါမည်။ အခြေပစ္စည်းမှ မြတ်စွန်းငွေဖြစ်ပါက အခြေပစ္စည်းကို ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း အခြေပစ္စည်းမှ မြတ်စွန်းငွေအပေါ် ကျသင့်သည့်အခွန်ကို ခန့်မှန်းတွက်ချက်ပေးသွင်းရပါမည်။ သတ်မှတ်ရက်အတွင်း အခွန်ပေးသွင်းခြင်း မရှိပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေအရ ပေးဆောင်ခြင်းမရှိသည့် အခွန်၏ ၁၀ရာခိုင်နှုန်းနှင့်ညီမျှသောပမာဏကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ပါသည်။

၃။ ကုန်သွယ်လုပ်ငန်းခွန်သည် သွယ်ဝိုက်ခွန်အမျိုးအစားဖြစ်ပြီး ကုန်စည်ထုတ်လုပ်ရောင်းချခြင်း၊ ကုန်စည်တင်သွင်းခြင်း၊ ကုန်သွယ်မှုဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ခြင်းများအတွက် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်မည်ဖြစ်ပါသည်။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိလျှင် လစဉ်ကုန်သွယ်လုပ်ငန်းခွန်ကို သက်ဆိုင်ရာ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း ပေးဆောင်ရပါမည်။ သတ်မှတ်ရက်အတွင်း အခွန်ပေးသွင်းခြင်းမရှိပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေအရ ပေးဆောင်ခြင်းမရှိသည့် အခွန်၏ ၁၀ ရာခိုင်နှုန်းနှင့်ညီမျှသောပမာဏကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ပါသည်။

၄။ အထူးကုန်စည်ကို ပြည်တွင်းသို့ တင်သွင်းခြင်း၊ အထူးကုန်စည်ကို ပြည်တွင်း၌ထုတ်လုပ်ခြင်း၊ အထူးကုန်စည်ခွန်ကျသင့်သည့် ကုန်စည်များကို ပြည်ပသို့တင်ပို့ခြင်းများအတွက် အထူးကုန်စည်ခွန်ကျသင့်မည်ဖြစ်ပါသည်။ အထူးကုန်စည်ခွန်ဥပဒေအရ လစဉ်အထူးကုန်စည်ခွန်ကို သက်ဆိုင်ရာ လကုန်ဆုံးပြီး ၁၀ရက်အတွင်း ပေးဆောင်ရပါမည်။ သတ်မှတ်ရက်အတွင်း အခွန်ပေးသွင်းခြင်းမရှိပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေအရ ပေးဆောင်ခြင်းမရှိသည့်အခွန်၏ ၁၀ရာခိုင်နှုန်းနှင့်ညီမျှသောပမာဏကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ပါသည်။

၅။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ နောက်ဆက်တွဲ(၆)ပါ စာချုပ်စာတမ်းများကို ချုပ်ဆိုပါက ပြည်တွင်းတွင်ချုပ်ဆိုသော စာချုပ်စာတမ်းများကို မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေနှင့်အညီ စာချုပ်မချုပ်ဆိုမီဖြစ်စေ၊ စာချုပ်ချုပ်ဆိုချိန်တွင်ဖြစ်စေ တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရပါမည်။ ပြည်ပတွင်ချုပ်ဆိုပါက မြန်မာနိုင်ငံအတွင်း၌ ပထမဦးစွာ လက်ခံရရှိပြီးနောက် (၃)လအတွင်း တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရမည်ဖြစ်ပါသည်။ ထိုသို့ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်များ ထမ်းဆောင်ထားခြင်းမရှိသည့် စာချုပ်စာတမ်းသည် သက်သေခံချက်တင်သွင်းခွင့်၊ မှတ်ပုံတင်ခွင့်၊ အရေးယူဆောင်ရွက်ခွင့် စသည့်အခွင့်အရေးများ ဆုံးရှုံးမည်ဖြစ်ပြီး၊ အဆိုပါအခွင့်အရေးများ ပြန်လည်ရရှိနိုင်ရေးအတွက် ထိုကဲ့သင့်တံဆိပ်ခေါင်းခွန်ပြည့်မီရန် လိုအပ်သောတံဆိပ်ခေါင်းခွန်တန်ဖိုးကို ပေးသွင်းခြင်း၊ ပြည့်မီရန်လိုအပ်သော တံဆိပ်ခေါင်းခွန်၏ (၃) ဆအား ဒဏ်ကြေးအဖြစ် ပေးဆောင်ခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ အခွန်ထမ်းပြည်သူများအနေဖြင့် သိရှိလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးသောင်းဏ်သမီး ဒေါ်နီနီဝင်း (ခ)ဒေါ်နီနီထွန်း [၁၂/မဂတ(နိုင်) ၀၄၀၂၇၈] မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

အမည်ပြောင်း

မြန်အောင်မြို့နယ် အမက မကျီးကွင်းကျောင်း Grade-1 မှ ကျောင်းဝင်အမှတ် (၀၀၅၉) ဦးကျော်မြတ်သူ၏ သမီးဖြစ်သူ မမေကျူးအိမ်အား မအိမ့်ခြူးဇံဟု ပြောင်းလဲခေါ်ပါရန်။ **မအိမ့်ခြူးဇံ**

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ် (၇၃၆/ခ)၊ မြေကွက်တည်နေရာအမှတ် (၇၃၆/ခ)၊ မာဃလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ဦးမောင်ဦး [၁၂/ဥကတ (နိုင်) ၀၀၇၂၀၅] အမည်ပေါက် နှစ်(၆၀)ဂရန်မြေခြေအား အမည်ပေါက်ဦးမောင်ဦး [၁၂/ဥကတ(နိုင်)၀၀၇၂၀၅] ထံမှ ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်-၅၃၃၃/၁၉(၂၂-၃-၂၀၁၉)ဖြင့်ရရှိသူ ဦးထွန်းစိန်[၁၂/ဥကတ(နိုင်)၁၁၃၂၆၇]၊ ဦးအောင်ထွန်း[၁၂/ဥကတ(နိုင်)၀၁၇၅၁၅]၊ ဒေါ်တင်မိုးလွင်[၁၂/သဃက(နိုင်)၁၅၆၇၅၁]၊ ဦးကျော်ဆန်း[၁၂/ဥကတ(နိုင်)၁၁၃၃၀၂]တို့မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာအမှတ်-၁၀၇/ ၂၀၁၉ (၁၇-၅-၂၀၁၉) ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့၏ထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ဦးထွန်းစိန်၊ ဦးအောင်ထွန်း၊ ဒေါ်တင်မိုးလွင်၊ ဦးကျော်ဆန်းတို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်-၃၆၃၃/ ၁၈(၃-၄-၂၀၁၈)၊ ၃၆၅၂/၁၈(၃-၄-၂၀၁၈)ဖြင့်ရရှိသူ GPဒေါ်သဲသဲဦး[၁၂/ဒဂတ(နိုင်)၀၇၈၁၅]မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဂရန်မိတ္တူမှန်လျှောက်ထားလာခြင်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး၊ ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလ(၁၂-၁၁-၉၃)ရက်တွင် ထုတ်ပေးထားသည့် ဦးမောင်ဦး[၁၂/ဥကတ(နိုင်)၀၀၇၂၀၅] အမည်ပေါက် နှစ်(၆၀)မြေကွက်စာချုပ်(ဂရန်) အမှတ်[တဥ/၁၂-၀၆၈၇/၉၃ (၁၂-၁၁-၉၃)] ဂရန်မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့်မြစီမံခန့်ခွဲမှုဥာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၂၈)၊ အောင်ရတနာလမ်း၊ မြေကွက်အမှတ်(၅၄၄)၊ ဧရိယာ(၀.၀၅၉၈ဧက)ရှိ ဒေါ်စင်စင်ထူး (၁၂/ဥကတ(နိုင်)၁၂၈၈၂၅) အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့်အိမ်အပါအဝင်အကျိုးခံစားခွင့်များအား အမည်ပေါက်သူကိုယ်တိုင်မှ တရားဝင်ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုရောင်းချပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက်စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်သူမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ခိုင်ဇင်ဦး LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၀၉၄၀၆)
အမှတ် (၁၀၅၁)၊မြဟတ္ထိရိုလမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း - ၀၉ ၄၂၀၀၃၀၇၂၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၃၅)၊ ဦးရာဓာတ်လမ်း၊ မြေကွက်အမှတ်(၈၆၈)၊ (၀.၀၅၅ဧက)ရှိ ဦးဗျန်းဇင်းထူး+ဒေါ်ဝင့်ယဇင်းဝါ အမည်ပေါက်သည့်နှစ်(၆၀)ဂရန်မြေကွက်နှင့်(၃)ထပ်တိုက်သစ်အပါအဝင်အကျိုးခံစားခွင့်များအား အမည်ပေါက်သူများထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏အထူးကိုယ်စားလှယ်လွှဲစာ(၁၁၇၃ / ၂၀၂၀)ရရှိထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဒေါ်နန်းရင်(၁၃/လရန(နိုင်)၀၀၂၀၅၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကဝယ်ယူရန်စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်သူမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ခိုင်ဇင်ဦး LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၀၉၄၀၆)
အမှတ် (၁၀၅၁)၊မြဟတ္ထိရိုလမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း - ၀၉ ၄၂၀၀၃၀၇၂၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်(၈)၊ လူနေရပ်ကွက်အမှတ်(FMI အိမ်ရာစီမံကိန်း)၊ မြေကွက်အမှတ်(၁၁၃၈)၊ ဧရိယာ(၀.၁၈၄ဧက)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် (အရပ်ဒေါ်)ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI City,ကန့်ရိပ်သာ(၆)လမ်း၊ အမှတ်(L-113) ဟုခေါ်တွင်သည့်မြေကွက်နှင့်အကျိုးခံစားခွင့်များအား အမည်ပေါက်ဖြစ်သူ ဒေါ်ဆွေဆွေမော်(ခ)မြိုး(၁၃/ တကန(နိုင်)၀၀၃၇၄၈)ကိုယ်တိုင်မှပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုရောင်းချပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်သူမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ခိုင်ဇင်ဦး LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၀၉၄၀၆)
အမှတ် (၁၀၅၁)၊မြဟတ္ထိရိုလမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း - ၀၉ ၄၂၀၀၃၀၇၂၉

သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏

ရန်ကုန်မြို့ပြအများပြည်သူသယ်ယူပို့ဆောင်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလိမိတက် တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ "အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း"

၁။ ရန်ကုန်မြို့ပြအများပြည်သူသယ်ယူပို့ဆောင်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလိမိတက် (YUPT Public Co.,Ltd.)ပိုင် ခရီးသည်တင်ယာဉ်များ သန့်ရှင်းသပ်ရပ်မှုရှိစေရေး အတွက် ကားရေဆေးခြင်းဆောင်ရွက်ရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းများကို ၂၇-၅-၂၀၂၁ ရက်မှစ၍ (၉:၀၀ နာရီမှ ၁၇:၀၀နာရီ) ရုံးချိန်အတွင်း ၂၀၀၀/-ကျပ်ဖြင့် **ရန်ကုန်မြို့ပြအများပြည်သူသယ်ယူပို့ဆောင်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလိမိတက် (YUPT Public Co.,Ltd.) အမှတ် (၂၉၆)၊ သံသုမာလမ်း၊ (၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်** တွင် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းရမည့် ကုမ္ပဏီများသည် တင်ဒါအဆိုပြုလွှာ အပြည့်အစုံကို ၁၁-၆-၂၀၂၁ ရက်၊ ၁၂:၀၀နာရီ နောက်ဆုံးထားး၍ ပြန်လည်တင်သွင်းရပါမည်။ နောက်ကျတင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသော အချက်များရှိပါက တယ်လီဖုန်းအမှတ် ၀၉-၅၀၆၅၃၃၉၊ ၀၉-၂၅၃၉၆၆၄၇၃သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရန်ကုန်မြို့ပြအများပြည်သူသယ်ယူပို့ဆောင်ရေး
အများနှင့်သက်ဆိုင်သောကုမ္ပဏီလိမိတက်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၂၈)၊ အောင်ရတနာလမ်း၊ မြေကွက်အမှတ်(၅၄၄)၊ ဧရိယာ(၀.၀၅၅ဧက)ရှိ ဒေါ်စင်စင်ထူး (၁၂/ဥကတ(နိုင်)၁၂၈၈၂၅) အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့်အိမ်အပါအဝင်အကျိုးခံစားခွင့်များအား အမည်ပေါက်သူကိုယ်တိုင်မှတရားဝင်ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုရောင်းချပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ထိုမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စန်းချိုဦး(LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၀၃၀/၂၀၁၁)
အမှတ်(၄၆၄)၊ အခန်း(၂/၄)၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ (၁၂)ရပ်ကွက်၊
လှိုင်မြို့နယ်။ ဖုန်း-၀၉-၂၅၂၉၃၄၈၈

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

